# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)


၁၃၇၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် | ၂၀၁၇ ခုနှစ်၊ မေ ၁၁ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၂၀)


# နိုင်ငံတစ်ဝန်း၌ ကဆုန်လပြည့်ဗုဒ္ဓနေ့တွင် ညောင်ရေသွန်းလောင်းမှုများဖြင့် စည်ကား



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား ပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်စဉ် (သတင်းစဉ်)

**နေပြည်တော် မေ ၁၀**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ အထွတ်အမြတ်ထားရာ သုံးလောကထွတ်ထား သဗ္ဗညုဂေါတမ မြတ်စွာဘုရားရှင် ဘုရားဆုပန် ဗျာဒိတ်ခံတော်မူသော၊ ဘုရားအလောင်းတော် ဖွားမြင်တော်မူသော၊ ဘုရားအဖြစ်ပွင့်တော်မူသော၊ ပရိနိဗ္ဗာန်စံဝင်တော်မူသော ကဆုန်လပြည့် (ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ် အခါသမယဖြစ်သည်။

ထိုသို့ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်အချိန်အခါတွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ဘုရားကျောင်းကန်စေတီများ၌ ကုသိုလ်ပြုသူများနှင့် ဘုရားရှင်၏ ပရိဘောဂစေတီ အဖြစ်ခံယူထိုက်သော မဟာဗောဓိညောင်ပင်တွင် ရေစင်သွန်းလောင်း ကုသိုလ်ယူကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ယနေ့ နံနက်ပိုင်းတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ကုသိုလ်ယူနေကြသော အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❍

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ၁၄-၅-၂၀၁၇ ရက်မှ ၁၅-၅-၂၀၁၇ ရက်အထိ ကျင်းပမည့် Belt and Road Forum For International Cooperation သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ခရီးသွားရောက်မည်ဖြစ်သည်။

(သတင်းစဉ်)



## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပသမဂ္ဂ (EU)ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ဗြိတိန်နိုင်ငံတို့မှ ပြန်လည်ရောက်ရှိ


စာ » ၃




## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ ညောင်ရေသွန်းလောင်း


စာ » ၇


# မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ (မိုး/ဇလ)




မြန်မာ့အလင်း

# အာဆီယံ၊ မြန်မာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သောစက်ရုံဟု တင်စားခေါ်ဝေါ်ကြသည်။ စက်မှုကုန်ထုတ်လုပ်ငန်းများကဲ့သို့ပင် တိုင်းပြည်အတွက် ဝင်ငွေရရှိနိုင်သောလုပ်ငန်းဟု ဆိုလိုရင်းဖြစ်ပါသည်။ သို့သော် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ ဝင်ငွေ၌ပင်လျှင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ဝင်ငွေက အတော်ပင်များပြားလှသည်ကို တွေ့နိုင်သည်။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်ဖွံ့ဖြိုးမှု၊ ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝမှု၊ သဘာဝပတ်ဝန်းကျင် မျှတစိုပြည်မှု စသည်တို့က ကမ္ဘာလှည့်ခရီးသွားများအား အဓိက ဆွဲဆောင်ခြင်းဖြစ်ရာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလည်ပတ်ကြခြင်းမှာ မဆန်းဟု ဆိုနိုင်ပါသည်။ ၂၀၁၅ ခုနှစ် စာရင်းများအရ အမေရိကန်သို့ ကမ္ဘာလှည့်ခရီးသွား ၇၇ ဒသမ ၅ သန်း ဝင်ရောက်ခဲ့ပြီး ဝင်ငွေ ၂၀၄ ဒသမ ၅ ဘီလီယံ ဒေါ်လာ ရရှိခဲ့သည်။ အလားတူ ပြင်သစ်နိုင်ငံတွင် ကမ္ဘာလှည့် ၈၄ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံတွင် ကမ္ဘာလှည့် ၅၆ ဒသမ ၉ သန်း အသီးသီး ဝင်ရောက်ခဲ့ကြပြီး ဝင်ငွေ ၄၅ ဒသမ ၉ ဘီလီယံနှင့် ၁၁၄ ဒသမ ၁ ဘီလီယံဒေါ်လာ ရရှိခဲ့သည်ဟု ဆိုသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သော CLMV ဟုခေါ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းများ ရှိခဲ့သည်။ ယခု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အောင်မြင်နေသော ထိုင်းနိုင်ငံပါ ပါဝင်၍ ဒေသတွင်းခရီးသွားလုပ်ငန်း ပူးပေါင်းအကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မေလ ၃ ရက်နေ့က ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးတွင် ထိုင်းနိုင်ငံပါဝင်သော CLMVT နိုင်ငံများတွင် ထူးခြားသော ယဉ်ကျေးမှုအမွေအနှစ် ဆွဲဆောင်မှုများ၊ ကြွယ်ဝသော သဘာဝအလှအပများနှင့် နှိုင်းယှဉ်ချက်အရ ကောင်းမွန်သော အခြေခံအဆောက်အအုံများ ရှိသည့်အတွက် ခရီးသွားလုပ်ငန်း အောင်မြင်နိုင်သော အလားအလာများရှိနေသည်ဟု သုံးသပ်ကြသည်။

ယခုနှစ်သည် အာဆီယံထူထောင်သော အနှစ် ၅၀ ပြည့်မြောက်သည့်နှစ်ဖြစ်ရာ အာဆီယံ ၁၀ နိုင်ငံစလုံးအနေဖြင့် 'Visit Asean@50; Golden Celebration' ဟူသော ဆောင်ပုဒ်ဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရန် လုပ်ဆောင်လျက်ရှိသည်။ အာဆီယံတစ်ခုလုံးအနေဖြင့် ၂၀၁၅ ခုနှစ်က ကမ္ဘာလှည့်ခရီးသည် ၁၀၉ သန်း ဝင်ရောက်ရာမှ ၁၀ ရာခိုင်နှုန်းတိုးမြှင့်ပြီး ၁၂၀ သန်း ဝင်ရောက်လာစေရန် ရည်ရွယ်ထားသည်။ မတူကွဲပြားမှုများပြားစွာရှိနေသော အာဆီယံ ၁၀ နိုင်ငံသို့ တစ်ခုတည်းသော ခရီးစဉ်အဖြစ် လည်ပတ်နိုင်ရန် မြှင့်တင်ဆောင်ရွက်သွားမည်ဟု ဆိုသည်။

ခရီးသွားလုပ်ငန်း အောင်မြင်ရန်အတွက် အစိုးရများအနေဖြင့် အခြားသောလုပ်ငန်းများနှင့်စာလျှင် ထောက်ပံ့မှုအနည်းငယ်သာ လိုအပ်သည်။ အဓိကအားဖြင့် ဗီဇာတင်းကျပ်မှုများ ဖြေလျှော့ပေးရေး၊ လေကြောင်းလမ်းမှဝင်ရောက်မှု လွယ်ကူစေရေးနှင့် လိုအပ်သော အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရေးသာဖြစ်သည်။ ထိုအချက်များသာ ပိုမိုကောင်းမွန်လာပါက အာဆီယံဒေသအတွင်း နောက်ထပ်ခရီးသည် ၆ သန်းမှ ၁၀ သန်းအထိ ဝင်ရောက်လာနိုင်ပြီး ဝင်ငွေဒေါ်လာ ၁၂ ဘီလီယံနှင့် အလုပ်အကိုင် သုံးသိန်းမှ ခြောက်သိန်းခွဲလောက်အထိ ရရှိလာနိုင်မည်ဖြစ်သည်။ အာဆီယံတစ်ခုလုံး လူဦးရေမှာ ၆၂၅ သန်း ရှိကာ တတိယမြောက် အကြီးဆုံး ကမ္ဘာ့ခရီးသွားလုပ်ငန်း ဈေးကွက်ကြီး ဖြစ်ပါသည်။

ယခု အာဆီယံနိုင်ငံများအတွင်း ခရီးသွားများမှာ ဒေသတွင်းနိုင်ငံချင်းသွားသည့် ခရီးသည်က ၄၆ ရာခိုင်နှုန်းလောက်ရှိပြီး ကျန်အာရှနိုင်ငံများမှ ၃၀ ရာခိုင်နှုန်းသာရှိသည်ဟု ဆိုပါသည်။ ထိုခန့်မှန်းချက်အတိုင်းပင် ဇန်နဝါရီလမှ ဧပြီလအထိ ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ကြသော နိုင်ငံခြားသား နှစ်သိန်းခွဲခန့်ရှိရာ လတိုင်းတွင် ထိုင်းနိုင်ငံမှလာသော ခရီးသွားက အများဆုံးဖြစ်သည်ကို တွေ့ရသည်။ တရုတ်၊ ဂျပန် ခရီးသွားများက ဒုတိယ၊ တတိယနေရာတွင်သာ ရှိသည်။ မြန်မာ့ရှေးဟောင်းအမွေအနှစ်များ စုစည်းရာ ပုဂံဒေသသို့ ၂၀၁၅-၁၆ ခုနှစ်က ခရီးသွား ၂၄၀၀၀၀ ဝင်ရောက်ခဲ့ပြီး ၂၀၁၆-၁၇ တွင် ၂၉၀၀၀၀ ကျော် ဝင်ရောက်ခဲ့သည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော ကမ္ဘောဒီးယားတွင် အန်းကောဝပ်ဒေသတစ်ခုတည်း ကမ္ဘာလှည့်ခရီးသွား နှစ်သန်းကျော် ဝင်ရောက်ခဲ့သည်။ လာအိုနိုင်ငံသည် ပြီးခဲ့သည့်နှစ်က ကမ္ဘာလှည့် ၄ ဒသမ ၂ သန်း ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံသည် ၂ ဒသမ ၉ သန်းသာ ဝင်ရောက်ခဲ့သည်။ ယခု ပုဂံကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဒေသ စာရင်းဝင်နိုင်ငံအဖြစ် သတ်မှတ်ခံရရန် ကြိုးပမ်းလျက်ရှိရာ အောင်မြင်ပါက ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု မျှော်မှန်းရပါသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ ရရှိသောဝင်ငွေသည် လူ့အဖွဲ့အစည်းအတွင်း အလွှာအသီးသီးသို့ ဖြန့်ခွဲရောက်ရှိသွားရာ တိုင်းပြည်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူ ဖြစ်စေပါသည်။ ထို့ကြောင့်ပင် နိုင်ငံကြီးငယ်မဟူ ခရီးသွားလုပ်ငန်းကို အဆင်ပြေအောင် အားပေးဆောင်ရွက်လေ့ ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ တည်ငြိမ်မှု ပိုမိုလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန် အလားအလာကောင်းများ ရှိနေပါကြောင်း တင်ပြရပါသည်။ ။


အရွယ်မရောက်သေးသူ ကလေးသူငယ်များအား တပ်မတော်အတွင်း
စုဆောင်းခြင်း၊ တာဝန်ပေးစေခိုင်းခြင်း လုံးဝမရှိတော့စေရန် ၂၇.၆.၂၀၁၂ ရက်နေ့က ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂတို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန် စုဆောင်းခြင်းကို
မြန်မာနိုင်ငံ၏ တရားဥပဒေများအရ လုံးဝခွင့်မပြုပါ။

တပ်ထဲရှိ စစ်မှုထမ်းနေသော အရွယ်မရောက်သေးသူ ကလေးသူငယ်များကို တပ်မတော်မှ
ကုလသမဂ္ဂနှင့်မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ယခု စနစ်တကျ ထွက်ခွာခွင့်ပေးလျက်ရှိပါသည်။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ တပ်မတော်အတွင်း စစ်မှုထမ်းရန်
စုဆောင်းခံရကြောင်း၊ တာဝန်ပေးခံရကြောင်း သိရှိပါက ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသို့
ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

ဖုန်းနံပါတ် ၀၉၄၂၁၁၆၆၇၀၁၊ ၀၉၄၂၁၁၆၆၇၀၂၊ စာတိုက်သေတ္တာအမှတ် ၆၇၉

Save the Children

World Vision


## စလင်းတွင် ညောင်ရေသွန်းပွဲတော်များ စည်ကားသိုက်မြိုက်စွာကျင်းပ

**စလင်း မေ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ မေ ၁၀ ရက် ကဆုန်လပြည့်နေ့တွင် မြန်မာ့ရိုးရာ အစဉ်အလာမပျက် ညောင်ရေသွန်းပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ညနေ ၄ နာရီတွင် စလင်းမြို့ တန်ခိုးကြီးဘုရားဖြစ်သော ဝက်သည်းကန်နှင့် ရွှေမုဋ္ဌောဘုရားကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား အိုးစည်ဒိုးပတ်များဖြင့် ညီညာစွာစီတန်းပြီး ရွှေမုဋ္ဌောဘုရားကြီး တံတားစောင်းတန်းမှတစ်ဆင့် ဘုရားကြီးအတွင်းရှိ မဟာဗောဓိညောင်ပင်အား လက်ယာရစ်ပတ်၍ ညောင်ရေသွန်းလောင်းကြသည်။

အလားတူ စလင်းရွှေပြည်အေးဘုရားကြီးတွင်လည်း ညောင်ရေသွန်းပွဲတော်ကျင်းပရာ မကွေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ ပါဝင်သွန်းလောင်းခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## တာမွေမြို့နယ်တွင် မိုးဦးကာလအန္တရာယ်ရှိသစ်ပင်များ ခုတ်ထွင်ရှင်းလင်း

**ရန်ကုန် မေ ၁၀**



တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်တွင် မေ ၉ ရက်က မိုးဦးလေဦးကာလတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် သစ်ပင်သစ်ကိုင်းများ လေတိုက်ခတ်၍ လျှပ်စစ်ကြိုးများပေါ် မကျရောက်စေရန်အတွက် အန္တရာယ်ရှိသစ်ပင်သစ်ကိုင်းများကို မြို့နယ်စည်ပင်မှူး ဦးသန်းဦး ကြီးကြပ်၍ ပန်းဥယျာဉ်ဌာန ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်ဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခဲ့ကြသည်။ ရှင်းလင်းပြီးသည့် သစ်ကိုင်းများကို နေ့ချင်းပြီး ပန်းဥယျာဉ်ဌာနမှ အမှိုက်သိမ်းယာဉ်ဖြင့် သိမ်းဆည်းခဲ့သည်။

ဆက်လက်၍ မြို့နယ်တွင်းရှိ ရပ်ကွက်များသို့ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အန္တရာယ်ရှိ သစ်ပင်သစ်ကိုင်းများကို ဆက်လက်ရှင်းလင်းသွားမည်ဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်သည့် နေရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်စည်ပင်မှူးတို့ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရှိရသည်။ **လှလှ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၀-၅-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၉၀/၇၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၇ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၈၉ | ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၈ | ·၈၇ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ | ·၁၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၃ |
| တရုတ် | တစ်ယွမ် | ၁၉၆ | ·၇၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၂ | ·၈၅ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥရောပသမဂ္ဂ (EU) ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ဗြိတိန်နိုင်ငံတို့မှ ပြန်လည်ရောက်ရှိ



**ရန်ကုန် မေ ၁၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဥရောပသမဂ္ဂ (အီးယူ)ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ဗြိတိန်နိုင်ငံတို့သို့ တရားဝင်ခရီးသွားရောက်ခဲ့ပြီး ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr. Pier Giorgio Fedrico ALIBERTI၊ ဥရောပသမဂ္ဂ(EU) Counsellor Mr.Colin STEI-NBACH နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်** (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပနိုင်ငံများသို့ တရားဝင်ခရီးသွားရောက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ကြေညာချက်

၁။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၁-၅-၂၀၁၇ ရက်နေ့မှ ၉-၅-၂၀၁၇ ရက်နေ့အထိ ဥရောပသမဂ္ဂဌာနချုပ်၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံ ဗာတီကန်မြို့ပြနိုင်ငံနှင့် ဗြိတိန်နိုင်ငံများသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ၁၀-၅-၂၀၁၇ ရက်နေ့၊ နေ့လယ်(၁၁း၃၀)နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

**ဘယ်လ်ဂျီယံနိုင်ငံခရီးစဉ်**

၂။ ဘရပ်ဆဲလ်မြို့တွင် ရောက်ရှိနေစဉ်ကာလအတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂-၅-၂၀၁၇ ရက်နေ့တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဘုရင်မင်းမြတ် His Majesty King Philippe ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဝန်ကြီးချုပ် Mr. Charles Michel တို့နှင့် တွေ့ဆုံခဲ့ပါသည်။ ဝန်ကြီးချုပ်နှင့် တွေ့ဆုံရာတွင် မြန်မာ-ဘယ်လ်ဂျီယံ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အရည်အသွေးမြှင့်တင်ရေးနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေးအတွက် အကူအညီပေးရေးကိစ္စရပ်များ၊ မြန်မာအစိုးရ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် မြန်မာနိုင်ငံ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လ်ဂျီယံနိုင်ငံက အကူအညီပေးရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

**မေးမြန်းမှုများဖြေကြား**

၃။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပကောင်စီဥက္ကဋ္ဌ Mr. Donald Tusk နှင့် နေ့လယ်ပိုင်းတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး၊ ဥရောပသမဂ္ဂ၊ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲနှင့် ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ Mrs. Federica Mogherini မှ တည်ခင်းဧည့်ခံသည့် အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲများအတွင်း မြန်မာ-ဥရောပသမဂ္ဂ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အသွင်ကူးပြောင်းရေးကာလ၌ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသည့် အခက်အခဲများအား ကျော်လွှားအောင်မြင်မှုရရှိရေး၊ မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် ၂၁-ရာစုပင်လုံ ကျင်းပမည့်ကိစ္စ၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ အာဆီယံ-အီးယူဆက်ဆံရေးမြှင့်တင်ရေးကိစ္စ၊ အာရှ-ဥရောပဆွေးနွေးပွဲ (ASEM)နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ ကျင်းပမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် Mrs. Federica Mogherini တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး၊ မီဒီယာများ၏ မေးမြန်းမှုများကို ရှင်းလင်းဖြေကြားခဲ့ကြပါသည်။

**အီတလီနိုင်ငံခရီးစဉ်**

၄။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အီတလီသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ၃-၅-၂၀၁၇ ရက်နေ့ နေ့လယ်ပိုင်းတွင်ရောက်ရှိခဲ့ပြီး၊ အီတလီဝန်ကြီးချုပ်ဟောင်းMr. Romano Prodi၊ အီတလီ-မြန်မာအသင်း (Italia-Birmania Insieme)၏ဥက္ကဋ္ဌ Mr. Vincenzo Scotti တို့အား သီးခြားစီ လက်ခံတွေ့ဆုံခဲ့ပြီး၊ မြန်မာနိုင်ငံ၌ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၅။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၃-၅-၂၀၁၇ ရက်နေ့တွင် အီတလီသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Angelino Alfano အား တွေ့ဆုံခဲ့ပြီး၊ ၄-၅-၂၀၁၇ ရက်နေ့တွင် အီတလီနိုင်ငံဝန်ကြီးချုပ် Mr. Paolo Gentiloni နှင့် နှစ်နိုင်ငံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲများ၌ မြန်မာ-အီတလီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စ၊ ရခိုင်ပြည်နယ်တွင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတိုးမြှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုကိစ္စရပ်များနှင့် အီတလီနိုင်ငံမှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များအပေါ် ဆက်လက်ထောက်ခံဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်တွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုပြတိုက်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် အီတလီနိုင်ငံမှ အကူအညီများပေးအပ်ရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

၆။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၄-၅-၂၀၁၇ ရက်နေ့၊ နံနက်ပိုင်းတွင် ဗာတီကန်နန်းတော်၌ ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး His Holiness Pope Francis အား သွားရောက်တွေ့ဆုံခဲ့ပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံ (Holy See) တို့အကြား သံတမန်အဆက်အသွယ်ထူထောင်သည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့ကြပါသည်။ ဆက်လက်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗာတီကန်မြို့ပြနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲ His Eminence Cardinal Pietro Parollin နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး၊ မြန်မာနိုင်ငံနှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်နိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြပါသည်။

**တွဲဖက်တာဝန်ယူ**

၇။ ဗာတီကန်မြို့ပြနိုင်ငံသည် ကုလသမဂ္ဂတွင် လေ့လာသူအဆင့်အတန်းရရှိထားသည့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ ကမ္ဘာ့နိုင်ငံပေါင်း(၁၈၀)ကျော်နှင့် သံတမန်ဆက်သွယ်မှုပြုလုပ်ထားပြီး ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗာတီကန်မြို့ပြနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုထူထောင်ရန် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထပုံမှန်အစည်းအဝေးမှ ၁၀-၃-၂၀၁၇ ရက်နေ့တွင် အတည်ပြုခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံဘက်မှ သံရုံးအဆင့်ဖြင့်လည်းကောင်း၊ ဗာတီကန်မြို့ပြနိုင်ငံဘက်မှ ခရစ်ယာန်သာသနာပိုင်ပုပ်ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်ရုံး အဆင့်ဖြင့်လည်းကောင်း သံတမန်အဆက်အသွယ်ထူထောင်ရန် နှစ်ဦးနှစ်ဖက် သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဗာတီကန်မြို့ပြနိုင်ငံအတွက် ဩစတြီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးမှတစ်ဆင့် တွဲဖက်တာဝန်ယူရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၈။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲပိုင်းတွင် ရောမမြို့ရှိ အီတလီအောက်လွှတ်တော်၌ Migration and Gender Equality ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာလွှတ်တော်အမတ်များညီလာခံ၏ ဖွင့်ပွဲအခမ်းအနားသို့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ပြီး၊ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပါသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အီတလီသမ္မတနိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ Hon. Laura Boldrini နှင့် အီတလီသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် Mr. Paolo Gentiloni တို့လည်း တက်ရောက်ခဲ့ကြပါသည်။

**ဗြိတိန်နိုင်ငံခရီးစဉ်**

၉။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် ၄-၅-၂၀၁၇ ရက်နေ့ ညပိုင်းတွင် ရောက်ရှိခဲ့ပြီး၊ ၅-၅-၂၀၁၇ ရက်နေ့ နေ့လယ်ပိုင်းတွင် ဗြိတိန်နိုင်ငံ၊ ဝေလမင်းသား Prince Charles နှင့် ကြင်ရာတော်တို့အား လန်ဒန်မြို့ရှိ Clarence House ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍၊ ဗြိတိန်နိုင်ငံ၊ ဒုတိယမြောက် အဲလစ်ဇဘက်ဘုရင်မကြီးမှ မြန်မာကိုယ်စားလှယ်အဖွဲ့အား Buckingham နန်းတော်၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၁၀။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ၏ ဆေးပညာသင်ကြားမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးနေသည့် St. Mary's Hospital သို့ သွားရောက်လေ့လာခဲ့ပြီး၊ ညနေပိုင်းတွင် ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန၊ ဝန်ကြီး the Rt. Hon. Boris Johnson မှ လန်ဒန်မြို့ရှိ ၎င်း၏နေအိမ် Carlton Gardens ၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၁၁။ အဆိုပါညစာစားပွဲ၌ နှစ်ဖက်အကြား မြန်မာ-ဗြိတိန် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီပံ့ပိုးသွားရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

**ပေးအပ်ချီးမြှင့်**

၁၂။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၈-၅-၂၀၁၇ ရက်နေ့တွင် လန်ဒန်မြို့ရှိ Guild Hall ၌ ကျင်းပသည့် လန်ဒန်မြို့တော်မှ ပေးအပ်သည့် Honorary Freedom of the City of London Award ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍၊ ဂုဏ်ထူးဆောင်ဆုကိုလက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လန်ဒန်မြို့ ခေတ္တမြို့တော်ဝန် Alderman Sir Alan Yarrow မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ယခုချီးမြှင့်သည့် Honorary Freedom of the City of London Award မှာ လန်ဒန်မြို့တော်မှပေးအပ်သည့် အဆင့်အမြင့်ဆုံးဂုဏ်ထူးဆောင်ဆုဖြစ်ပြီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနှင့် ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် အကြမ်းမဖက်သည့် နည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ကမ္ဘာ့နိုင်ငံရေးစင်မြင့်တွင် ထူးချွန်ပြောင်မြောက်သော ခေါင်းဆောင်မှုတို့အတွက် ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါဆုကို ယခင်ကဗြိတိန်နိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စစ် မာဂရက်သက်ချာ၊ တောင်အာဖရိကနိုင်ငံ သမ္မတဟောင်း မစ္စတာ နယ်လ်ဆင် မင်ဒဲလား၊ သိပ္ပံပညာရှင် ပါမောက္ခ စတီဗင်ဟော့ကင်းနှင့် ဗြိတိန်နိုင်ငံ ဝေလမင်းသမီး ဒိုင်ယာနာတို့အားလည်း ချီးမြှင့်ခဲ့ပါသည်။

၁၃။ လန်ဒန်မြို့၌ရှိနေစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၈-၅-၂၀၁၇ ရက်နေ့တွင် ဗြိတိန်နိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး Sir Michael Fallon MP နှင့်လည်းကောင်း၊ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန၊ ပါလီမန်ဆိုင်ရာ ဒုတိယဝန်ကြီး H.E. Mr. Alok Sharma နှင့် လည်းကောင်း၊ ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး H.E. Mr. Rory Stewart MP နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပါသည်။ အဆိုပါတွေ့ဆုံပွဲများ၌ နှစ်ဖက်အကြား မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ဗြိတိန်နိုင်ငံမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများပေးအပ်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗြိတိန်နိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာ-ဗြိတိန် နှစ်နိုင်ငံအကြား ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်စွမ်းအင် စသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး စသည့်ကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

၁၄။ ၉-၅-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗြိတိန်နိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများနှင့် လန်ဒန်မြို့ရှိ Landmark Hotel ၌ တွေ့ဆုံခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

# ဥရောပသုံးနိုင်ငံခရီးစဉ်ကနေ မြန်မာနိုင်ငံအတွက် ကူညီပံ့ပိုးမှုတွေ၊ အားပေးထောက်ခံမှုတွေရရှိခဲ့

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဧပြီ ၃၀ ရက်မှ မေ ၁၀ ရက်အထိ ဥရောပသမဂ္ဂ (အီးယူ)ဌာနချုပ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် ဗြိတိန်နိုင်ငံတို့သို့ တရားဝင်ခရီး သွားရောက်ခဲ့သည်။**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခရီးစဉ်အတွင်း နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အသီးသီး တွေ့ဆုံခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်အကူအညီပေးရေး၊ ရခိုင်ပြည်နယ်အရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၏ ခရီးစဉ်အပေါ် သုံးသပ်ပြောကြားချက်များကို ဖော်ပြလိုက်ပါသည်-**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ဥရောပသုံးနိုင်ငံ ခရီးကို မေ ၁ ရက်မှစတင်ခဲ့တာ မေ ၉ ရက်မှာ ခရီးစဉ်အဆုံး သတ်ပါတယ်။ ဥရောပသုံးနိုင်ငံခရီးလို့ ပြောကြသော်လည်းပဲ တကယ့်တကယ် ဗာတီကန်စီးတီးကိုလည်း သွားရောက်ခဲ့တာ ဖြစ်တဲ့အတွက် စုစုပေါင်း ဥရောပလေးနိုင်ငံ ခရီးသွားရောက် တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ပထမဦးဆုံး ဘယ်လ်ဂျီယံ နိုင်ငံကိုသွားခဲ့တယ်။ ဘယ်လ်ဂျီယံပြီးတော့ အီတလီ။ အီတလီမှာ ကျွန်တော်တို့ ဗာတီကန်မြို့ပြနိုင်ငံကိုသွားတယ်။ အဲဒီက တစ်ဆင့် ဗြိတိန်နိုင်ငံကို လာရောက်ခဲ့တာ ဖြစ်ပါတယ်။

## ပထမဦးဆုံးလာရောက်

အစိုးရသစ်တက်လာပြီးတဲ့နောက် ဒီခရီးစဉ်ဟာ ဥရောပဘက်ကို ပထမဦးဆုံး တရားဝင်ခရီးလာရောက်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်က ကုလသမဂ္ဂအထွေထွေညီလာခံကို သွားရောက်ခဲ့စဉ်တုန်းက ဗြိတိန်နိုင်ငံကို ဖြတ်သွားခဲ့ချိန်က ကျွန်တော်တို့ Private ခရီးစဉ်အနေနဲ့ သွားခဲ့တာ ဖြစ်ပါတယ်။ အခုကတော့ တရားဝင်ခရီးလာရောက်ခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအသစ် တာဝန်ယူခဲ့ပြီးတဲ့နောက်ပိုင်းမှာဆိုရင် ဥရောပနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးတွေ၊ အဆင့်မြင့်ခေါင်းဆောင်တွေက ကျွန်တော်တို့ ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းကို ထောက်ခံကြောင်း လာရောက်လည်ပတ်ပြီး ပြောကြားခဲ့ကြပါတယ်။ သူတို့ လာရောက်လည်ပတ်ပြီး ထောက်ခံမှုကို တုံ့ပြန်တဲ့အနေနဲ့ ဥရောပနိုင်ငံတွေနဲ့ ဆက်ဆံရေးကို အလေးထားပြသတဲ့အနေနဲ့ ပထမဦးဆုံး လာရောက်ခဲ့တာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံခရီးစဉ်နဲ့ စတင်ပြောရမယ်ဆိုရင် ဘယ်လ်ဂျီယံကို လာရောက်ခဲ့တာဟာ အဓိကနံပါတ်တစ်က အဖွဲ့ဝင် ၂၈ နိုင်ငံပါဝင်တဲ့ ဥရောပသမဂ္ဂဌာနချုပ်ကို သွားရောက်ခဲ့တာ ဖြစ်ပါတယ်။ ဥရောပကောင်စီဆိုတာ အဖွဲ့ဝင် ၂၈ နိုင်ငံရဲ့ အစိုးရတွေကို ကိုယ်စားပြုထားတဲ့ ကောင်စီပါ။ ဥရောပကောင်စီရဲ့ဥက္ကဋ္ဌ Mr. Donald Tusk ၊ ဥရောပသမဂ္ဂရဲ့ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒ အကြီးအကဲ Mrs. Federica Mogherini နဲ့လည်း နေ့လယ်စာစားသုံးရင်း တွေ့ဆုံခဲ့ပါတယ်။

## ရခိုင်အရေးကိစ္စဆွေးနွေး

ဥရောပသမဂ္ဂဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ အစဉ်တစိုက် ထောက်ခံအားပေးတဲ့ နိုင်ငံဖြစ်ပါတယ်။ အခုအခါမှာလည်းပဲ ဥရောပသမဂ္ဂနဲ့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဟာ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကိစ္စ၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေးကိစ္စ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စတွေမှာပါ အားတက်သရော ကူညီပံ့ပိုးဖို့ ကတိကဝတ်တွေလည်း ဖော်ပြခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ အသွင်ကူးပြောင်းရေးကာလမှာ တွေ့ကြုံရင်ဆိုင်နေရတဲ့ အထူးသဖြင့် ရခိုင်အရေးကိစ္စကိုလည်း ပွင့်ပွင့်လင်းလင်း အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ပြီးတော့ မိမိတို့နိုင်ငံရဲ့ သဘောထားရပ်တည်ချက်အမြင်တွေကိုလည်း ကျွန်တော်တို့ အသိပေးနိုင်ခဲ့ပါတယ်။

ဥရောပသမဂ္ဂကတော့ ကျွန်တော်တို့ရဲ့ တရားဥပဒေစိုးမိုးရေးကို အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်တွေကို သင်တန်းပေးတာတွေကို သူတို့ကူညီပံ့ပိုးတဲ့ အနေအထားမျိုးတွေ ရှိပါတယ်။ အလားတူပဲ အသွင်ကူးပြောင်းရေးနဲ့ ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးအတွက် လိုအပ်တဲ့ ကူညီပံ့ပိုးမှုတွေကို အားသွန်ခွန်စိုက်ပါဝင်ပေးပြီးတော့ သူတို့အနေနဲ့ ကမ်းလှမ်းထားတဲ့ အကြောင်းအရာတွေကို ထပ်လောင်း အတည်ပြုပေးခဲ့ပါတယ်။



ဒုတိယဝန်ကြီး ဦးကျော်တင်

ဘယ်လ်ဂျီယံကို ရောက်စဉ်ကာလအတွင်းမှာ ဘယ်လ်ဂျီယံဘုရင် King Philippe နဲ့ရော ဘယ်လ်ဂျီယံနိုင်ငံရဲ့ ဝန်ကြီးချုပ် H.E. Mr. Charles Michel နဲ့ပါ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့ပါတယ်။ အထူးသဖြင့် ဘယ်လ်ဂျီယံနဲ့ မြန်မာနိုင်ငံအကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်ရေး၊ ဘယ်လ်ဂျီယံနိုင်ငံကနေ ကုန်သွယ်ရေးမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်ရေးကိစ္စနဲ့ ဘယ်လ်ဂျီယံကတော့ ရေအရင်းအမြစ်နဲ့ပတ်သက်ပြီး စီမံခန့်ခွဲမှုမှာ ကူညီပံ့ပိုးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။

## ကတိပေးပြောကြားခဲ့

အလားတူပဲ ရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေနဲ့ ပတ်သက်ပြီးတော့ မိမိတို့ရဲ့ သဘောထားအမြင်တွေကို ကျွန်တော်တို့ ရှင်းလင်းပြောကြားနိုင်ခဲ့ပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံကလည်း ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဦးဆောင်မှုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အမျိုးသားရင်ကြားစေ့ရေးကိစ္စ၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စမှာ တတ်အားသရွေ့ ကူညီပံ့ပိုးပေးဖို့ သူတို့အနေနဲ့ ကတိပေး ပြောကြားခဲ့ပါတယ်။

ဘယ်လ်ဂျီယံခရီးစဉ်အတွင်းမှာ သတင်းမီဒီယာတွေ သတိပြုမိတာကတော့ ဥရောပသမဂ္ဂရဲ့ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာမူဝါဒအကြီးအကဲနဲ့ ဥရောပကောင်စီ ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ Mrs. Mogherini နဲ့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီသတင်းစာရှင်းလင်းပွဲပြီးတဲ့အခါမှာ ဥရောပနဲ့ မြန်မာနိုင်ငံအကြားမှာ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးနဲ့ တစ်ဦးနဲ့တစ်ဦး စိန်ခေါ်မှုပြဿနာတွေကို နားလည်မှုရရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ရခိုင်ပြည်နယ်ကိစ္စနဲ့ ပတ်သက်လို့ နိုင်ငံတကာအချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ စေလွှတ်ရေးကိစ္စနဲ့ ပတ်သက်ပြီး အမြင်ချင်းကွဲပြားမှုရှိတဲ့အရာကို ပြင်ပသတင်းမီဒီယာတွေက အဲ့ဒီသဘောကွဲပြားမှု အသေးအဖွဲ့လေးကိုပဲ High Light လုပ်ပြီး ဖော်ပြကြတာကို တွေ့ရပါတယ်။ အမှန်တကယ်ဆိုရင် ဒီဆွေးနွေးပွဲဟာ မြန်မာနိုင်ငံကနေပြီးတော့ ရခိုင်ပြည်နယ်နဲ့ ပတ်သက်ပြီး ရေရှည်ပြဿနာကိုဖြေရှင်းရာမှာ ကိုဖီအာနန် ကော်မရှင်ရဲ့ထောက်ခံတင်ပြတဲ့ အကောင်အထည်ဖော်တဲ့နည်းလမ်းနဲ့ သွားတာကို ဥရောပသမဂ္ဂကလည်း အလွယ်တကူ အားပေးထောက်ခံခဲ့တယ်။ သဘောထားအမြင် ကွဲလွဲမှုနဲ့ပတ်သက်လို့ ရှိကောင်းရှိသော်လည်း ကျွန်တော်တို့အနေနဲ့ နှစ်ဦးနှစ်ဖက် နားလည်မှုရှိပါတယ်။

ဥရောပသမဂ္ဂနဲ့ မြန်မာနိုင်ငံရဲ့ ဆွေးနွေးမှုတွေဟာ အပြုသဘောဆောင်တဲ့အကြောင်း ထပ်လောင်းပြောကြားလိုပါတယ်။

## မိန့်ခွန်းတစ်ရပ်ပြောကြား

နောက်တစ်ခုက အီတလီနိုင်ငံခြားရေးဝန်ကြီးရော အီတလီဝန်ကြီးချုပ်နဲ့ပါ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အီတလီနိုင်ငံဟာ လက်ရှိမှာ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံလည်းဖြစ်ပြီး G-7 လို့ခေါ်တဲ့ စီးပွားရေးအင်အားကြီးနိုင်ငံ ခုနစ်နိုင်ငံအဖွဲ့အစည်းရဲ့လက်ရှိဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ အီတလီနိုင်ငံဟာ မြန်မာနိုင်ငံ အစိုးရသစ်တာဝန်ယူပြီးတဲ့အချိန် ပထမဦးဆုံး နိုင်ငံခြားရေးဝန်ကြီးက အားပေးထောက်ခံမှုပြုတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အခက်အခဲစိန်ခေါ်မှုတွေကို အင်မတန် နားလည်မှုရှိတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်မှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်နဲ့ ထိန်းသိမ်းရေးကိစ္စ၊ ပြတိုက်တွေအတွက် ကူညီပံ့ပိုးမှုတွေပေးသွားဖို့ နောက်ပြီး မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဖို့ကိစ္စတွေကို အလေးပေးဆွေးနွေးခဲ့ကြပါတယ်။ အထူးသဖြင့် အီတလီမှာ ကျွန်တော်တို့ ရောက်ရှိနေတဲ့အချိန် အီတလီအောက်လွှတ်တော်မှာ ကွန်ဖရင့်တစ်ခု ကျင်းပနေပါတယ်။ ဒီကွန်ဖရင့်မှာ ယနေ့လက်တွေ့ရင်ဆိုင်နေရတဲ့ လူဝင်မှုပြဿနာနဲ့ပတ်သက်ပြီး ဘယ်လိုမူဝါဒတွေ ချမှတ်မလဲဆိုတဲ့ ကိစ္စတွေကို လွှတ်တော်အမတ်တွေ တက်ရောက်ဆွေးနွေးနေတဲ့ အချိန်ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို အထူးဧည့်သည်တော်အဖြစ် တက်ရောက်ဖို့ ဖိတ်ကြားပြီး ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ ဒီလို နိုင်ငံတကာကွန်ဖရင့်တစ်ခုမှာ အထူးသဖြင့် အရေးကြီးတဲ့လူဝင်မှုပြဿနာနဲ့ ပတ်သက်ပြီး လူ့အခွင့်အရေးရှုထောင့်က ကျား-မတန်းတူအခွင့်အရေး ရှုထောင့်စသဖြင့် အဘက်ဘက်က ချဉ်းကပ်မှုပုံစံနဲ့ ၎င်းတို့မူဝါဒနဲ့ပတ်သက်ပြီး မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါတယ်။

အီတလီနိုင်ငံမှာ ထူးခြားတဲ့ကိစ္စတစ်ခုကတော့ အီတလီနိုင်ငံထဲမှာရှိတဲ့ ဗာတီကန်မြို့ပြနိုင်ငံ ဖြစ်ပါတယ်။ သူကလည်း အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဗာတီကန်စီးတီးကို သွားရောက်ပြီး ပုပ်ရဟန်းမင်းကြီးနဲ့ ဂါရဝပြု တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံပြီးနောက် ဗာတီကန် မြို့ပြနိုင်ငံနဲ့ မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်သွယ်ဖို့ ပူးတွဲကြေညာချက်တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။ ဒီလို သံတမန်ဆက်သွယ်နိုင်ဖို့ကိုလည်း ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှ မကြာသေးမီက သဘောတူအတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အီတလီပြီးတဲ့အခါ ဗြိတိန်နိုင်ငံဘက်ကို ခရီးဆက်ခဲ့ပါတယ်။ ဗြိတိန်နိုင်ငံကို မေ ၅ ရက်မှာ ရောက်ပါတယ်။ ရောက်ရှိလာတဲ့အခါမှာလည်း အိမ်ရှေ့စံ ဝေလမင်းသားနဲ့ ကြင်ရာတော်တို့ကို ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်ရရှိခဲ့ပါတယ်။ အဲဒီနေ့မှာပဲ ဗြိတိန်နိုင်ငံရဲ့ ဒုတိယမြောက် အဲလိဇဘတ် ဘုရင်မကြီးကိုယ်တိုင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို နေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။

## ဆွေးနွေးတိုင်ပင်ခဲ့

ဗြိတိန်နိုင်ငံ ရောက်စဉ်ကာလအတွင်းမှာ တရားဝင်ဆွေးနွေးမှုတွေအဖြစ် နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆင် တည်ခင်းဧည့်ခံတဲ့ ဂုဏ်ပြုညစာစားပွဲမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံရဲ့ကြိုးပမ်းဆောင်ရွက်မှုတွေကို အဘက်ဘက်က ကူညီပံ့ပိုးဖို့ ကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးရေးအပိုင်းမှာလည်း ဗြိတိန်နိုင်ငံ ဖွံ့ဖြိုးရေးအစီအစဉ်ကနေပြီးတော့ ပေါင် ၁၁၈ သန်းလောက်ရှိတဲ့ စီမံချက်တွေနဲ့ ကူညီပံ့ပိုးပေးတာ ရှိပါတယ်။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ အပိုင်းပါ။ ကျန်းမာရေးအပိုင်းမှာ သူနာပြုတွေကို Training ပေးဖို့ ကိစ္စတွေ၊ အဆင့်အတန်းမြှင့်ဖို့ကိစ္စတွေ ၊ ခွဲစိတ်ကုသတဲ့အခါ မှာ တကယ့်လူနာတွေ မဟုတ်ဘဲနဲ့ စက်ရုပ်တွေနဲ့ခွဲစိတ်ပြီးတော့ သင်ကြားတဲ့နည်းလမ်းမျိုးတွေ အသုံးပြုတဲ့ဘက်မှာ ကူညီပံ့ပိုးပြီး ကျွန်တော်တို့နိုင်ငံရဲ့သင်ရိုးညွှန်းတမ်းတွေကို ပြင်ဆင်ရေးဆွဲပြီး ကူညီပံ့ပိုးမှုတွေပြုဖို့ တိုင်ပင်ဆွေးနွေးခဲ့ပါတယ်။ ဗြိတိန်နိုင်ငံကလည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ မြှင့်တင်သွားနိုင်တဲ့ အလားအလာတွေ အထူးသဖြင့် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းတွေနဲ့ အခြားလုပ်ငန်းတွေမှာ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတွေနဲ့ စပ်လျဉ်းပြီးတော့လည်း တိုင်ပင်ဆွေးနွေးခဲ့ကြပါတယ်။ ဗြိတိန်နိုင်ငံအနေနဲ့ ရဲတပ်ဖွဲ့တွေရဲ့စွမ်းဆောင်ရည် မြှင့်တင်မှုကိစ္စတွေမှာလည်း ကူညီပေးဖို့အတွက် အစီအစဉ်တွေရှိပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံတွေ ပြုပြင်ထိန်းသိမ်းမှုမှာ ကူညီပံ့ပိုးမှုအတွက်လည်း ဆွေးနွေးတိုင်ပင်ခဲ့ကြပါတယ်။

## မြန်မာနိုင်ငံရဲ့ပုံရိပ် မြှင့်တင်ပေးနိုင်

ဗြိတိန်နိုင်ငံကို ရောက်စဉ်ကာလအတွင်း မေ ၈ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဒီမိုကရေစီရေး၊ လွတ်လပ်ရေးတို့အတွက် ငြိမ်းချမ်းသောနည်းလမ်းနဲ့ ရှန်းကန်ကြိုးပမ်းဆောင်ရွက်မှုတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ လန်ဒန်မြို့တော်ဝန်ရဲ့အမြင့်ဆုံးဆုဖြစ်တဲ့ Freedom Award ကို ချီးမြှင့်အပ်နှင်းခဲ့ပါတယ်၊ ဒီလို ချီးမြှင့်အပ်နှင်းခံရခြင်းဟာဆိုရင် မြန်မာနိုင်ငံအတွက် အင်မတန်ဂုဏ်ယူဖွယ်ရာ ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလိုဆုမျိုးကို အရင်က ဝန်ကြီးချုပ် မာဂရက်သက်ချာတို့၊ တောင်အာဖရိက က နယ်လ်ဆင် မင်ဒဲလားတို့၊ ဒက်စ်မွန်တူးတူးတို့လို ပုဂ္ဂိုလ်မျိုးတွေကိုပဲ ချီးမြှင့်ခဲ့ဖူးတဲ့ ဆုဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ခေါင်းဆောင်တစ်ဦးအနေနဲ့ အခုလိုဆုမျိုးချီးမြှင့်ခံရတာဟာ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအတွက်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပုံရိပ်ကိုလည်း ကမ္ဘာ့အလယ်မှာ ပိုမိုပြီးတော့ မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

## ဆက်လက်မြှင့်တင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ သွားရောက်ခဲ့တဲ့ နိုင်ငံတွေမှာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုတွေ၊ မြန်မာအသိုင်းအဝိုင်းတွေနဲ့ လက်လှမ်းမီသလောက် ထိတွေ့တွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ကူညီပံ့ပိုးပေးဖို့နဲ့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာဘာသာစကားဒါတွေကို ထိန်းသိမ်းစောင့်ထိန်းကြဖို့ မှာကြားမှုတွေ ရင်းရင်းနှီးနှီးပြုလုပ်ခဲ့ပါတယ်၊ ဒါ့အပြင် ပြည်ပရောက်စဉ်မှာ သူတို့ရဲ့ အခက်အခဲတွေ၊ သူတို့ ရင်ဆိုင်ကြုံတွေ့နေရတဲ့ အချက်တွေကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းမေးမြန်းပြီး ပြည်သူတွေရဲ့အသံကို နားထောင်ခဲ့ပါတယ်။ အချုပ်ပြောရမယ်ဆိုရင် ဥရောပလေးနိုင်ငံခရီးစဉ်အတွင်းမှာ မိမိတို့သွားရောက်ခဲ့တဲ့ နိုင်ငံတိုင်းက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေ၊ မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွေကို သူတို့အနေနဲ့ ဘယ်နည်းဘယ်ပုံ ပံ့ပိုးပေးနိုင်မယ်ဆိုတာကို ကျွန်တော်တို့ မေးမြန်းပြီးတော့ သူတို့ပံ့ပိုးပေးလိုတဲ့ဆန္ဒကို အားတက်သရော ပြသခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်၊ မြန်မာနိုင်ငံအနေနဲ့လည်း ဒီဘက်ကို လာခြင်းအားဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်နိုင်ရုံမကဘဲ ကျွန်တော်တို့ မြန်မာနိုင်ငံအပေါ် ထင်မြင်လွဲမှားနေတဲ့ ရခိုင်ပြည်နယ်ပြဿနာနဲ့ ပတ်သက်ပြီးတော့ မိမိတို့ရဲ့အမြင်၊ မိမိတို့ရဲ့ ရပ်တည်ချက်တွေကို ဥရောပနိုင်ငံခေါင်းဆောင်တွေ၊ ဥရောပသမဂ္ဂအဖွဲ့ဝင် အကြီးအကဲတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ကြုံတွေ့နေရတဲ့ အခက်အခဲ၊ စိန်ခေါ်မှု၊ မိမိတို့ရဲ့ သဘောထားရပ်တည်ချက်တွေကို ပိုမိုနားလည်နိုင်အောင် ကျွန်တော်တို့အနေနဲ့ ရှင်းလင်းပြောကြားခွင့် ရရှိခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီခရီးစဉ်ကနေ မြန်မာနိုင်ငံအတွက် ကူညီပံ့ပိုးမှုတွေ၊ အားပေးထောက်ခံမှုတွေ၊ ဆက်လက်ရရှိခဲ့တဲ့အပြင် ကျွန်တော်တို့ နိုင်ငံရဲ့ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုစေမယ့် ကူညီမှုတွေကိုလည်း ရရှိနိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပုံရိပ်ကိုလည်း ကျွန်တော်တို့အနေနဲ့ ပိုပြီးဆက်လက်မြှင့်တင်နိုင်ရမယ်လို့ ပြောကြားလိုပါတယ်။

**(သတင်းအဖွဲ့)**

## မိုးကာလ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေး

**ကလော မေ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို မေလပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်သန့်က မိုးဦးကျကာလတွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုတတ်စေရန် အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသူများက လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်သူနှင့်အတူ

## ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးအဖွဲ့ စည်းဝေး

**နေပြည်တော်  မေ ၁၀**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းမှ စတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာလျန်မှုန်းဆာခေါင်း၊ ဦးလှမောင်ရွှေ၊ ဒေါ်စောမြရာဇာလင်း၊ မင်းကျော်ဇေယျာဦး၊ ဦးဇော်ဌေး၊ ဦးစိုင်းလှ၊ ဦးနိုင်ငံလင်း၊ ဦးမျိုးဝင်း၊ တာလှဖေ၊ ဦးအောင်စိုး၊ ခွန်မြင့်ထွန်းနှင့် ဦးမြင့်စိုးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ လုပ်ငန်းကော်မတီအလိုက် တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးကြသည်။ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးများကို မေ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစု ပင်လုံ လုပ်ငန်းကော်မတီ အစည်းအဝေးများကို မေ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခြေခံရမည့် မူများနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးမှုရလဒ်များကို ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့သို့ ဆက်လက်တင်ပြထားကြောင်း သိရသည်။

**သတင်း - သူရဇော်(သတင်းစဉ်)**
**ဓာတ်ပုံ - အေးသန်း(သတင်းစဉ်)**



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေး ကျင်းပစဉ်

## ရောဝတီတိုင်းအတွင်း၌ သဘာဝဘေးလျော့ပါးရေးအတွက် အစွမ်းကုန်ပြင်ဆင်လျက်ရှိ

ဖျာပုံ  မေ ၁၀

**နှစ်စဉ် မိုးတွင်းကာလ ရေကြီးရေလျှံခြင်း၊ မုန်တိုင်းအန္တရာယ်များ အလွယ်တကူကျရောက်တတ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကျရောက်ဆဲကာလများတွင် ဒေသခံပြည်သူများကိုယ်တိုင် တုံ့ပြန်နိုင်ရေးအတွက် အစွမ်းကုန် လေ့ကျင့်ပြင်ဆင်ပေးလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သိရသည်။**

"ကျွန်တော်တို့ဌာနအနေနဲ့ လက်ရှိအခြေအနေမှာ သဘာဝဘေးနဲ့ ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုအပိုင်းအဖြစ် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး စတဲ့ ကော်မတီအလိုက် ပြင်ဆင်မှုတွေ ဆက်တိုက် လုပ်ဆောင်နေပါတယ်။ အထူးသဖြင့် သဘာဝဘေးနဲ့ ပတ်သက်တဲ့ ကြိုတင်သတိပေးချက်တွေ ပြည်သူ့ထံ အမြန်ရောက်ရှိနိုင်ရေး၊ သဘာဝဘေးနဲ့ ပတ်သက်ပြီး အသိပညာပေးခြင်းလုပ်ငန်း၊ သဘာဝဘေးကျရောက်လာရင် ဒေသခံပြည်သူတွေ တုံ့ပြန်ရင်ဆိုင်နိုင်ဖို့အတွက် ဇာတ်တိုက်လေ့ကျင့်မှုတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဆိုင်ကလုန်း Shelter များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စနစ်တကျ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်"ဟု တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်း၌ သဘာဝဘေးအန္တရာယ်များ ရုတ်တရက် ကျရောက်လာပါက ဒေသခံပြည်သူများ အလွယ်တကူ ဘေးကင်းစွာခိုလှုံနိုင်ရေးအတွက် ဆိုင်ကလုန်း Shelter ပေါင်း ၅၅ လုံး တည်ဆောက်ထားပြီးဖြစ်သည့်အပြင် သာပေါင်းမြို့နယ်နှင့် အိမ်မဲမြို့နယ်တို့တွင် တစ်လုံးစီ ထပ်မံဆောက်လုပ်လျက်ရှိပြီး ဖျာပုံမြို့နယ် ဂေါ်ဒူကျေးရွာနှင့် ဘိုကလေးမြို့နယ် ညောင်ပိတ်ကျေးရွာတို့တွင် တစ်လုံးစီ ဆောက်လုပ်ရန် တင်ဒါခေါ်ယူထားကြောင်း သိရသည်။



ပြည်သူများ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်စဉ်

၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ကျရောက်ချိန်တွင် ထိခိုက်ပျက်စီးမှုများခဲ့သည့် ဒေသတစ်ခုဖြစ်သော ဖျာပုံခရိုင်တွင်လည်း သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲမြို့နယ်များမှ ပင်လယ်ကမ်းစပ်နှင့် နီးကပ်လျက်ရှိသည့် ဒေသခံပြည်သူများ သဘာဝဘေး အသိ၊ သတိအမြဲရှိစေရန်အတွက် သဘာဝဘေးဆိုင်ရာ အသိပညာပေးသင်တန်းများ၊ ဆွေးနွေးဟောပြောပွဲများ ၊ ဇာတ်တိုက်လေ့ကျင့်ခန်းများကို အထူးဦးစားပေးဆောင်ရွက်နေကြောင်း သိရသည်။

"နာဂစ်တုန်းက ကျွန်တော်တို့ မုန်တိုင်းနဲ့ပတ်သက်လို့ ဘာအသိပညာမှ မရှိဘူး၊ ဘိုကလေးကို မုန်တိုင်းဝင်မယ် အချင်းမိုင် ဘယ်လောက်ဘာညာပြောလည်း ဘာမှနားမလည်ခဲ့ကြတော့ လည်စဉ်းခံခဲ့ရတယ်၊ အခု ဒီကဆရာတွေ လာသင်ပေးလိုက်တဲ့အတွက် ဘာတွေဆင်ခြင်ရမယ်ဆိုတဲ့အသိတွေ ကျွန်တော်ရခဲ့တယ်၊ နာဂစ်ပြီးခါစကဆိုရင် မိုးရွာလို့ လေနည်းနည်းပါလာရင် မိသားစုလိုက် နေစရာမရှိအောင် ကြောက်နေရတယ်။ အခုတော့ မုန်တိုင်းနဲ့ ပတ်သက်တဲ့ အသိပညာတွေ ရထားတဲ့အတွက် ကြောက်စိတ်နည်းလာတယ် မတော်တဆ သဘာဝဘေးကျခဲ့ရင်လည်း အရင်ကလောက် ဆုံးရှုံးမှုမရှိနိုင်ပါဘူး" ဟု ဒေသခံ နောက်မီးကျေးရွာမှ ဦးနိုင်လင်းက ပြောသည်။

ဖျာပုံခရိုင်သည် ပင်လယ်ကမ်းစပ်နှင့် နီးပြီး မြစ်ချောင်းအင်းအိုင်ပေါများသည့် ဒေသတစ်ခုဖြစ်သည်။ "ကျွန်တော်တို့ ဖျာပုံခရိုင်အနေနဲ့ သဘာဝဘေး ကြိုတင်ပြင်ဆင်နေတဲ့အပိုင်းမှာ အရင်ဆုံး မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်တဲ့ မိုးလေဝသသတင်းတွေကို လက်ကိုင်မိုဘိုင်းဖုန်းကတစ်ဆင့် အချိန်မီသိရှိလေ့လာပြီး ကြိုတင်ပြင်ဆင်ကာကွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ သဘာဝဘေးဆိုင်ရာ ကြိုတင်အသိပေးချက် DAN Disaster Alart Notification ကို ရှင်းလင်းပြသ လေ့ကျင့်ထားပေးပါတယ်" ဟု ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလှိုင်က ပြောသည်။

**သူဇာနွယ်(ဖျာပုံ)**

## နွေစပါးစံပြကွက်အထွက်နှုန်း ရိတ်သိမ်း

**ထန်းတပင်  မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပဲပုတ်ကျေးရွာ ကွင်းအမှတ် ၄၄၇ ရှိ တောင်သူ ဦးထွန်းထွန်းမင်း၏ SRI စိုက်နည်းစနစ် စံပြအကွက်တွင် မေ ၇ ရက် နံနက် ၉ နာရီက ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ဒေသခံတောင်သူများတက်ရောက်လေ့လာကြည့်ရှုကြ သည်။ အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ် ကောင်းမွန်စွာရရှိနိုင်သည့်အပြင် ရေမြေရာသီဥတုနှင့်ကိုက်ညီစွာ စိုက်ပျိုးနိုင်သော စိုက်ပျိုးနည်းစနစ်များအရေးကြီးပုံကို တိုင်းဦးစီးမှူးက တောင်သူများအား ရှင်းလင်းပြောကြားသည်။

**ကိုလွင်(ဆွာ)**

### ■ ကျောဖုံးမှ

ညီလာခံသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပ မီဒီယာများ တည်းခိုမှု လွယ်ကူစေရန် Sky Palace Hotel တွင် ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရေး၊ သတင်းမီဒီယာသမားများအနေဖြင့် ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများကို တက်ရောက်သတင်းရယူနိုင်ပြီး ညီလာခံကျင်းပနေစဉ် ကာလအတွင်း ညနေပိုင်းတွင်ပြုလုပ်မည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ တည်းခိုရာ Sky Palace Hotel မှ ညီလာခံကျင်းပရာနေရာ (MICC-2) သို့ နံနက်ပိုင်းအသွား ခရီးစဉ်နှင့် ညနေပိုင်း အပြန်ခရီးစဉ်များအား ပို့ဆောင်ပေးနိုင်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) တွင် သတင်းရယူမည့် မီဒီယာများအတွက် နေ့လယ်စာကို ကူပွန်တစ်စောင် ၄၀၀၀ ကျပ်နှုန်းဖြင့် မြေညီထပ်၌ ရောင်းချပေးရေး စီစဉ်ထားရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

### ❂ ကျောဖုံးမှ

နှစ်သင်းစလုံး ကွာတားဖိုင်နယ်တက်ရောက်ရေးအတွက် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းကစားပုံအရ ဇွဲကပင်အသင်း ပိုကောင်းခဲ့သော်လည်း ဂိုးဖန်တီးမှု အားနည်းသောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ ဟံသာဝတီအသင်းသည် တိုက်စစ်တွင် အချိတ်အဆက်လွဲချော်နေသော ကြောင့် ဇွဲကပင်အသင်းဘက်သို့ ဖိအားပေးနိုင်ခြင်းမရှိသော်လည်း ပထမပိုင်း ပြီးခါနီးတွင် ဂျူနီယာနှင့် မာစီယိုတို့၏ တွဲလုံးမှ တိုက်စစ်မှူး မာစီယိုက ဂိုးစတင်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် ဇွဲကပင်အသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၅ မိနစ်တွင် ဂျပန်ကွင်းလယ်လူ ကင်မ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ချေပဂိုး ရယူပေးခဲ့သည်။ ဂိုးထပ်မသွင်းနိုင်၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရပြီး ဟံသာဝတီအသင်းက အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဟံသာဝတီအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး မာစီယိုက ၉၉ မိနစ်နှင့် ၁၂၀ မိနစ်တွင် သွင်းယူခဲ့ပြီး တတိယဂိုးမှာ ပယ်နယ်တီမှ သွင်းယူခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် အချိန်ပိုတွင် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ဂိုးများပေးခဲ့ရခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသော ပွဲတွင် ရန်ကုန်အသင်းက မြဝတီအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသည့် ရန်ကုန်အသင်းသည် ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၁၁ မိနစ်တွင် ပြည့်ဖြိုးဇော်၊ ၂၀ မိနစ်နှင့် ၈၅ မိနစ်တို့တွင် ကျော်ကိုကိုက သွင်းယူခဲ့သည်။

ဒုတိယအဆင့်(ဒုတိယနေ့)ကို မေ ၁၁ ရက်(**ယနေ့**)တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ ဗိုးနစ်(က)အသင်းနှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ထပ်တွေးမိတဲ့ အောင်ဘာလေ

## ရဲတင့် (လမ်းရှာ)

ကျပ်ငါးရာတန်အောင်ဘာလေထီဖွင့်ပွဲနှစ်ကြိမ်ပြီးမြောက်ခဲ့ပါပြီ။ နှစ်ကြိမ်စလုံးမှာ သိန်းတစ်သောင်းဆုပေါက်ခဲ့ကြသူတွေ ကြည့်ရတာ မူလက စားနိုင်သောက်နိုင်အဆင့်တွေလောက်ပဲ ဖြစ်မယ်ထင်ပါတယ်။ ချမ်းသာကြွယ်ဝနေတဲ့ သူတွေထဲက မဟုတ်ဘဲ လိုအပ်နေတဲ့သူတွေပေါက်ကြတဲ့အတွက် ဝမ်းသာပါတယ်။ ပီတိဖြစ်ရပါတယ်။ ကိုယ်တိုင်မပေါက်ပေမယ့် ပေါက်တဲ့သူတွေအတွက် ဖြည့်ဆည်းလှူဒါန်းနိုင်လို့ ကျေနပ်ကြည်နူးမိပါတယ်။

အောင်ဘာလေထီနဲ့ပတ်သက်ပြီး ကျွန်တော့်အတွေးလေးတွေကို ဆောင်းပါးလေးတစ်ပုဒ်ရေးဖူးပါတယ်။ မနှစ်က မေလ၆ ရက်နေ့ထုတ်ကြေးမုံသတင်းစာထဲမှာ ပါပါတယ်။ အတွေးထဲက အောင်ဘာလေပါ။ အဲဒီတုန်းကတော့ ကျပ်နှစ်ရာတန်ထီ လက်မှတ်တွေပဲ ရှိသေးပြီး ဆုကြီးက သိန်းတစ်ထောင့်ငါးရာ၊ သိန်းတစ်ထောင်၊ သိန်းငါးရာ စသည်ဖြင့် ဖြစ်ပါတယ်။ ခုလို ငါးရာတန်ထီမဖွင့်သေးပါဘူး။

အဲဒီမှာတင်ပြခဲ့တာက အဓိကကတော့ ထီဆုငွေကို ပေါက်မဲနည်းနည်းနဲ့ ဆုငွေအများကြီးမပေးဘဲ သင့်တော်တဲ့ ဆုငွေပမာဏနဲ့ ပေါက်တဲ့သူများအောင်လုပ်ပေးဖို့နဲ့ ထီလက်မှတ်တန်ဖိုးကို အရင်းအတိုင်း၊ ဒါမှမဟုတ်အမြတ်နည်းနည်းပဲ ယူပြီးရောင်းကြရင်အောက်ခြေလူတန်းစားတွေအတွက် ပိုအဆင်ပြေစေမယ်ဆိုတဲ့ အတွေးနဲ့ အကြံပြု တင်ပြခဲ့တာပါ။ သိန်းတစ်ထောင့်ငါးရာ၊ သိန်းတစ်ထောင်ဆိုတဲ့ ဆုတွေအစား သိန်းငါးရာ၊ သိန်းသုံးရာ စသည်ဖြင့် သတ်မှတ်ခွဲဝေလိုက်ရင် တော်တော်များများထီပေါက်နိုင်ခြေရှိလာမယ်။ ပိုမျှော်လင့်ချက်ထားနိုင်မယ်။ အခြေခံလူတန်းစားအတွက် ထိရောက်တဲ့ ဆုငွေပမာဏလည်း ဖြစ်မယ်ဆိုတဲ့အတွေးပါ။

ခုလည်း ဒီအခြေခံနဲ့ပဲ တင်ပြချင်ပါတယ်။ ဒါပေမယ့် ဘာကြောင့် ဒီလိုဖြစ်သင့်တယ်ဆိုတာကို ကိန်းဂဏန်းလေးတွေနဲ့ တွက်ချက်တင်ပြကြည့်ချင်ပါတယ်။ ဒါပေမယ့် အများစိတ်ဝင်စားမှု၊ ဝယ်ယူကံစမ်းမှုနဲ့မျှော်လင့်ချက် အများဆုံးက ငါးရာတန်ထီပါ။ နှစ်ကြိမ်မြောက်က ငါးရာတန်ထီမှာ အရန်ထီလက်မှတ်အပါအဝင် အက္ခရာသုံးဆယ့်နှစ်လုံးကျော်၊ နှစ်ရာတန်ထီ ကတော့ အက္ခရာသုံးလုံးထဲပါ။ ကျွန်တော်နှစ်မျိုးစလုံးကံစမ်းခဲ့ပါတယ်။ တိုက်ကြည့်ပြီးပါပြီ။ မပေါက်ပါဘူး။ ကျပ်နှစ်ရာတန်ကိုထားလိုက်ပါ။ ငါးရာတန်ကို အခြေခံပြီးတွက်ကြည့်ရအောင်ပါ။

ပြီးခဲ့တဲ့အပတ် ငါးရာတန်ထီမှာ ကြေညာချက်၊ သတင်းထုတ်ပြန်ချက်တွေအရ သိရတာက ရောင်းတဲ့ထီစာအုပ်ပေါင်း ၂၆၆၀၉၀၃ အုပ် (အုပ်ရေနှစ်သန်းခြောက်သိန်းခြောက်သောင်းကျော်)ပါ။ ထီရောင်းရငွေက ကျပ်သန်းပေါင်း ၁၃၃၀၄၁၁ဒသမ၅၁၅ ဖြစ်ပြီး အဲဒါရဲ့၆၀ ရာနှုန်းဖြစ်တဲ့ကျပ်သန်းပေါင်း ၇၉၈၂ ဒသမ ၇၀၉ သန်းကို ဆုအဖြစ် ခွဲဝေပေးပါတယ်။ ရောင်းရတဲ့ စာအုပ်အရ တစ်အုပ်မှာ ရောင်းတဲ့သူအတွက် ကော်မရှင်သဘော တစ်ရွက်အပိုပေးထားတော့ တစ်အုပ်ကို တစ်ဆယ့်တစ်ရွက်နဲ့ဆို ထီလက်မှတ်အရေအတွက် ၂၉၂၆၉၉၃၃ ရွက် (ရွက်ရေနှစ်ဆယ့်ကိုးသန်းနဲ့ သုံးသိန်းနီးပါး) ဖြစ်ပါတယ်။

ထီဆုငွေကို ခွဲပေးရာမှာ စနစ်သုံးခုနဲ့ ခွဲဝေပေးပါတယ်။ ပထမစနစ်က အထူးဆုကြီးစနစ်ဆိုပြီး ကျပ်သိန်းတစ်သောင်းတစ်ဆု၊ ကျပ်သိန်းငါးထောင်တစ်ဆု၊ ကျပ်သိန်းတစ်ထောင်တစ်ဆု ပေါင်းဆုကြီးသုံးဆုမှာ ဆုငွေကကျပ်သိန်းပေါင်း တစ်သောင်းခြောက်ထောင်ဖြစ်ပါတယ်။

ဒုတိယစနစ်က ဆုတစ်ဆုချင်းစနစ်ဆိုပြီး သိန်း တစ်ရာ ၃၂ ဆု၊ သိန်းငါးဆယ် ၃၈ ဆု၊ ဆယ်သိန်း ၄၂ ဆု ဆုအရေအတွက် ၁၁၂ ဆုနဲ့ ဆုငွေပေါင်းဟာ သိန်း ၅၅၂၀ ဖြစ်ပါတယ်။

တတိယစနစ်ကတော့ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်နဲ့ သုံးသိန်းဆု ၁၀၀၊ နှစ်သိန်းဆု ၁၀၀၀၊ တစ်သိန်းဆု ၂၀၀၀၀၊ ငါးသောင်းဆု ၇၀၀၀၀ ဖြစ်ပါတယ်။ ဆုအရေအတွက် ၉၂၁၀၀ ဖြစ်ပြီး ဆုငွေသိန်းပေါင်း ၅၈၃၀၀ ဖြစ်ပါတယ်။

စနစ်သုံးခုပေါင်းလိုက်ရင် ဆုအရေအတွက် ၉၂၂၁၅ ဆုဖြစ်ပြီး ဆုငွေပမာဏကကျပ်သိန်းပေါင်း ၇၉၈၂၀ ကျပ်သန်းပေါင်း ၇၉၈၂ ဖြစ်လို့ ကိုက်ညီပါတယ်။

စနစ်သုံးခုနဲ့ ဆုငွေခွဲဝေပေးရာမှာ ဒုတိယစနစ်ဖြစ်တဲ့ ဆုတစ်ဆုချင်းစနစ်နဲ့ တတိယစနစ်ဖြစ်တဲ့ ဝေဝေဆာဆာပဒေသာဆုစနစ်တို့အတွက် ဝေဖန်အကြံပြုစရာမရှိပါဘူး။ သင့်တော်ပါတယ်။ သတ်မှတ်ပေးထားတဲ့ ဆုငွေဟာ ထီပေါက်တယ်ဆိုတဲ့ သူတစ်ယောက်အတွက် ရသင့်တဲ့ပမာဏပဲဖြစ်ပါတယ်။ ပေါက်နိုင်ခြေက နည်းတယ်ဆိုပေမယ့် သတ်မှတ်ထားတဲ့ ခွဲဝေရာခိုင်နှုန်းအရတော့ ဒီလောက်မဆိုးပါဘူး။

ဒုတိယစနစ်မှာ ပေါက်တဲ့ဆု ၁၁၂ ဆုရှိတယ်။ ရောင်းရတဲ့ ထီလက်မှတ်အရေအတွက် နှစ်ဆယ့်ကိုးသန်းကျော်နဲ့တွက်ရင် ပျမ်းမျှခြင်းအားဖြင့် ထီလက်မှတ် ၂၆၁၃၃၈ စောင်မှာ တစ်စောင်ပေါက်ပါတယ်။ စောင်ရေနှစ်သိန်း ခြောက်သောင်းကျော်မှာ တစ်စောင်ပေါက်တာဆိုတော့ မဆိုးပါဘူး။ ကံထူးသူသာ ပေါက်နိုင်တာမို့ ဒီအချိုးအစားဟာ သင့်တင့်ပါတယ်။ အလားတူ ထီဆုငွေကလည်း သိန်းတစ်ရာတို့၊ ငါးဆယ်တို့၊ တစ်ဆယ်တို့ဆိုတော့ ဆုငွေပမာဏကလည်း အခြေခံလူတန်းစားအတွက်တော့ အထောက်အပံ့တော်တော်ဖြစ်တဲ့ ပမာဏပါ။ ကြွေးတင်နေတဲ့သူ ကြွေးတော်တော်ဆပ်နိုင်တယ်။ ဈေးရောင်းဈေးဝယ်ဆိုရင် အရင်းအနှီးပိုလုပ်နိုင်မယ်။ အိမ်လေးပြင်နိုင်မယ်၊ နဂိုက စားနိုင်သောက်နိုင်သူဆိုရင်လည်း အလှူအတန်းလုပ်နိုင်မယ်။ ဘယ်လိုပဲတွက်တွက် ထိရောက်တဲ့ ဆုငွေဖြစ်ပါတယ်။ အားလုံးထီဆုငွေပမာဏရဲ့ ၈ ရာခိုင်နှုန်းနီးပါးခွဲဝေပေးထားတာပါ။ ဆုအရေအတွက်နဲ့ခွဲဝေပေးတဲ့ ငွေရာခိုင်နှုန်းမျှတပါတယ်။ ဒုတိယစနစ်အပေါ်ဝေဖန်အကြံပြုစရာမရှိပါဘူး။

တတိယစနစ်ပိုကောင်းပါတယ်။ ငွေက သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်း၊ ငါးသောင်းစသည်ဖြင့် ဖြစ်တဲ့အတွက် နည်းပေမယ့် လက်လုပ်လက်စားတွေအတွက် အထောက်အပံ့ဖြစ်စေပါတယ်။ အသက်ရှုပေါက်ချောင်ပါတယ်။ ဆုရဲ့သဘောအရ ကောင်းသင့်ညီ မျှသင့်နည်းစသည်ဖြင့် သတ်မှတ်ရတာမို့ ဆုငွေပမာဏဟာ နည်းပေမယ့် သင့်တော်ပါတယ်။ ဆုအရေအတွက်က ၉၂၁၀၀ ဆိုတော့ ရောင်းရတဲ့ထီလက်မှတ် ၂၉ သန်းကျော်နဲ့ နှိုင်းယှဉ်ရင် ထီလက်မှတ် ၃၁၇ စောင်မှာ တစ်စောင်ပေါက်တဲ့သဘောပါ။ ဆုငွေနည်းပေမယ့် ပေါက်နိုင်ခြေသိပ်များတဲ့ စနစ်မို့သင့်တော်ပါတယ်။ ဒီအပေါ်မှာလည်း အကြံပြုချင်တာ မရှိပါဘူး။ ငွေပမာဏနည်းပေမယ့် ပေါက်တဲ့အချိုးကများပြီး ခွဲဝေပေးငွေရဲ့ ၇၃ ရာခိုင်နှုန်းကျော်ကို ပေးထားတာပါ။

ပထမစနစ်အပေါ်မှာတော့ အကြံပြုချင်ပါတယ်။ ဆုကြီးသုံးဆုဖြစ်ပြီး ခွဲဝေပေးငွေဟာ ကျပ်သိန်း ၁၆၀၀၀ ဖြစ်ပါတယ်။ ဆုကြီးသုံးဆုအတွက် ဆုငွေပမာဏရဲ့၂၀ ရာခိုင်နှုန်းလောက်ကို ခွဲဝေပေးထားပါတယ်။ ရောင်းရထီစောင်ရေ ၂၉ သန်းကျော်မှာ သုံးစောင်မှာ ပေါက်တဲ့အတွက်ပျမ်းမျှ အားဖြင့် ၉၇၅၆၆၄၄ စောင်မှာတစ်စောင်ပေါက်တဲ့သဘောပါ၊ လွယ်အောင်ပြောရရင် ထီလက်မှတ်စောင်ရေ ၉၇ သိန်းကျော် (စောင်ရေ၀သန်းနီးပါး) မှာ တစ်စောင်ပေါက်တာပါ။ ပေါက်နိုင်ခြေ၊ မျှော်လင့်ချက် တော်တော်နည်းတဲ့စနစ်ပါ။

ထီဆိုတဲ့ ကံစမ်းတာနဲ့ ဆုငွေဆိုတာမှာ အနည်းအများရှိမှာ၊ ကံထူးသူဆိုတာရှိရမှာ၊ သိသိသာသာများများ စားစားရစေရမှာဆိုတာတွေလည်း နားလည်ပါတယ်။ သဘောပေါက်ပါတယ်။ အားလုံးတန်းတူသဘောမဟုတ်ဘဲ ကံထူးမှုကို ဆုငွေပမာဏအနည်းအများနဲ့ခွဲခြားပေးရမှာလည်း သဘာဝကျပါတယ်။ ဒါပေမယ့် ကံစမ်းသူများရဲ့ မျှော်လင့်နိုင်ခြေကို တိုးမြှင့်ပေးသင့်ပြီး လူနည်းနည်းလေးကို ငွေတွေအများကြီးခွဲဝေပေးတာထက် ထူးချွန်တဲ့ ကံကြမ္မာကို အသိအမှတ်ပြုတဲ့ အရေအတွက်နဲ့ပမာဏကို ခွဲဝေပေးရင် ပိုထိရောက်အောင်မြင်မလား၊ အကျိုးရှိလာမလားဆိုတဲ့ အတွေးနဲ့ စဉ်းစားကြည့်တာပါ။

အောင်ဘာလေထီဟာ ဆင်းရဲသူတွေ၊ အောက်ခြေလူတန်းစားတွေအတွက် သက်သက်စီစဉ်ဆောင်ရွက်ပေးထားတာမျိုးမဟုတ်ပေမယ့် ထိရောက်တဲ့ ထောက်ပံ့ကူညီမှုမျိုးဖြစ်ရင် ပိုကောင်းမှာပါ။ ထီထိုးတဲ့ သူတွေကိုကြည့်ရင် ခရိုနီလည်းထိုးမှာပဲ။ သူဌေးသူကြွယ်၊ ချမ်းသာတဲ့သူ၊ စားနိုင်သောက်နိုင်သူ၊ ဆင်းရဲနွမ်းပါးသူ၊ အတိဒုက္ခရောက်နေသူ စတဲ့လူအမျိုးမျိုးက ထီထိုးကြမှာပါ။ ဒါပေမယ့် ထိုးတဲ့ ရည်မှန်းချက်ချင်းက မတူနိုင်ပါဘူး။ ဘဝမှာ အပူအပင်မရှိတဲ့သူတွေက အပျင်းပြေသဘောနဲ့ ပေါက်ရင်လည်းအလှူအတန်းလုပ်မယ်ဆိုတဲ့ အတွေးနဲ့ ထိုးပေမယ့် တစ်နေ့လုပ်တစ်နေ့စား၊ လမ်းဘေးနေပူပြင်မှာ ပလတ်စတစ်တဲထိုးနေရသူတွေ၊ အောက်ခြေလူတန်းစားတွေကျတော့ ထီများပေါက်လို့ကတော့ တို့ဘဝဒုက္ခဆင်းရဲက လွတ်ရချည်ရဲ့အတွေးနဲ့ ထိုးကြတာပါ။

သူတို့အတွက် ထီထိုးဖို့ကိုက သိပ်ခက်ပါတယ်။ မနက်စာ ညစာအလျဉ်မီအောင် ရုန်းကန်နေရသူတွေအတွက် ထီတစ်စောင်ထိုးဖို့ငွေပိုဖို့ဆိုတာ တော်တော်ခက်ပါတယ်။ ဒီကြားထဲမှာ ငါးရာတန်ကို ၆၀၀၊ ၇၀၀ နဲ့ ထိုးရပြီဆိုတော့ ပိုဆိုးပါတယ်။ ပေါက်ချင်ပေမယ့် ငွေရချင်ပေမယ့် ထီတောင် မထိုးနိုင်ကြသူတွေ အများကြီးပါ။ မျှော်လင့်ချက်တစ်ခုနဲ့ ဖြစ်ညှစ်ထိုးနေရတဲ့ သူတွေအများကြီးပါ။ ဒီကြားထဲမှာ ပေါက်နိုင်ခြေကလည်း နည်းနေတော့ ထိုးလည်းပေါက်မှာ မလွယ်ပါဘူးဆိုတဲ့အတွေးနဲ့ ကံမစမ်းချင်ကြတော့တာလည်း ရှိပါတယ်။

ကြားထဲမှာ တစ်ဆက်တည်းကြားဖြတ်တင်ပြစရာရှိတာက သတ်မှတ်တန်ဖိုးထက် ပိုရောင်းနေတာတွေကြီးကြပ်ဖို့လိုတာပါ။ ကျွန်တော်ကိုယ်တိုင်လည်း ပြီးခဲ့တဲ့အပတ်က ငါးရာတန်ရော နှစ်ရာတန်ပါ နေပြည်တော်မှာပဲ ထိုးပါတယ်။ အညာသွားတုန်းက မြို့တစ်မြို့မှာလည်း ထိုးပါတယ်။ နေပြည်တော်မှာကတော့ အရင်လည်း ထိုးနေကျ။ မြို့မဈေးက အေးငြိမ်းချမ်းသာမှာပဲ အရင်းနဲ့ ထိုးလိုက်ကြပါတယ်။ ကျန်တဲ့ကားနဲ့ ရောင်းတာတွေ၊ လက်ပွေ့တွေက အနည်းဆုံးငွေကျပ် ၆၀၀ ပါပဲ။ အခြားမြို့တွေမှာလည်း အလားတူပါပဲ။ ၂၀၀ တန်ကလည်း ၃၀၀ နဲ့ အထက်မှာ ဖြစ်နေကြောင်းနဲ့ အရင်းဈေးနဲ့ ထိုးလို့ရအောင် ဆောင်ရွက်ပေးသင့်ကြောင်း ဆွေးနွေးအကြံပြုကြတာတွေ့ရပါတယ်။ ဒါနဲ့ ပတ်သက်လို့ မြို့နယ်တိုင်းမှာ အဓိကတာဝန်ရှိတဲ့ဌာနအဖွဲ့ စာရင်းက ရှိနေပြီးသားမို့ ကြပ်မတ်ဆောင်ရွက်ပေးကြရင်တော့ ထီထိုးသူများ စိတ်ချမ်းသာစွာ ကံစမ်းနိုင်ကြမှာဖြစ်ပါတယ်။

လိုရင်းကို ပြန်ဆက်ပါမယ်။ ပထမစနစ်က ပေါက်နိုင်ခြေ အလွန်နည်းတယ်ဆိုတာ တင်ပြပြီးပါပြီ။ ဆုငွေပမာဏကြည့်ရအောင်ပါ။ သိန်းတစ်သောင်း၊ သိန်းငါးထောင်၊ သိန်းတစ်ထောင်ဆိုတဲ့ ပမာဏတွေဟာ တကယ်တော့ များလွန်းပါတယ်။ အိုးပိုင်အိမ်ပိုင်မရှိဆင်းရဲသားတစ်ယောက်သင့်တော်တဲ့ နေရာမှာ မြေတစ်နေရာဝယ်၊ သင့်တော်တဲ့ အိမ်လေးဆောက်၊ အုတ်နဲ့ပဲ ဆောက်ပါဦး၊ ရွှေတောင်ကြားလိုနေရာမျိုးမှာ သုံးထပ်တိုက် ဆောက်ဖို့တော့ မစဉ်းစားနဲ့ပေါ့။ သင့်တော်တဲ့ စီးပွားရေးလေးပဲလုပ်မယ်၊ နည်းနည်းပါးပါးလှူဦးမယ်ဆိုရင်တော့ သိန်းတစ်ထောင်လောက်ဆို တော်တော်လုံလောက်ပါတယ်။

**ဘဝမှာ အပူအပင်မရှိတဲ့သူတွေက အပျင်းပြေသဘောနဲ့ ပေါက်ရင်လည်းအလှူအတန်းလုပ်မယ်ဆိုတဲ့ အတွေးနဲ့ ထိုးပေမယ့် တစ်နေ့လုပ် တစ်နေ့စား၊ လမ်းဘေးနေပူပြင်မှာ ပလတ်စတစ်တဲထိုးနေရသူတွေ၊ အောက်ခြေလူတန်းစားတွေကျတော့ ထီများပေါက်လို့ကတော့ တို့ဘဝဒုက္ခဆင်းရဲက လွတ်ရချည်ရဲ့အတွေးနဲ့ ထိုးကြတာပါ။**

ကျွန်တော်တကယ်ပြောတာပါ။ စိတ်ကူးယဉ်တွေးနေတာ မဟုတ်ပါဘူး။ ခုအသက် ၆၀ ကျော်သက်ပြည့်အငြိမ်းစားပါ။ နေစရာအိမ်နဲ့ စီးစရာကားရှိပါတယ်။ ဒါပေမယ့် ဘာစီးပွားရေးလုပ်ငန်းမှ မလုပ်နိုင်ပါဘူး။ စားဝတ်နေရေးအတွက် ပြင်ပအလုပ်လုပ် နေရတုန်းပါ။ ဒါပေမယ့် ထီပေါက်မယ်ဆိုရင်တောင် သိန်း တစ်ထောင်ဆိုတော်ပြီ။ အနိမ့်ဆုံး ကုန်းကောက်စရာမရှိတဲ့သူတစ်ယောက် သိန်းတစ်ထောင်ရရင် ဘယ်လောက်အဆင်ပြေသွားပြီလဲ။ ဒီလိုစဉ်းစားမိတာပါ။ ကြီးပွားချမ်းသာနေတဲ့ သူဌေးတစ်ယောက်က မပေါက်လည်းဘာမှမဖြစ်သလို ပေါက်ရင်လည်း အပိုလို့ သဘောထားချင်ထားမှာပေ့ါ။ မရှိဆင်းရဲသားအတွက်ကတော့ များစွာသော ဆုလာဘ်ကြီးပါ။ အသက်ဆက်နိုင်မယ့် ကယ်ပေါက်တစ်ခုကောက်ရိုးတစ်မျှင်ပါ။

ဒါကြောင့် ကျွန်တော်က ထိုက်သင့်တဲ့ပမာဏနဲ့ လူများများ အကျိုးခံစားစေချင်တဲ့ အတွေးနဲ့ အကြံပြုတာပါ၊ ထိုက်သင့်တဲ့ ပမာဏဆိုတာ သင့်တော်တဲ့ ပမာဏမဟုတ်ပါဘူး။ သင့်တော်တာထက်ပိုပါတယ်။ လုံလောက်တဲ့ဘက်ကို အလေးထားစဉ်းစားထားတာပါ။ အထက်က တင်ပြခဲ့သလို ဆုကြီးသုံးဆု၊ ပေါက်နိုင်ခြေက စောင်ရေ ၂၉ သန်းကျော်မှာ သုံးစောင်တည်း။ ပျမ်းမျှအားဖြင့် စောင်ရေ ၁၀ သန်းလောက်မှ ဆုကြီးတစ်စောင်တည်းပေါက်တာ။ ဆုငွေခွဲဝေတာကျတော့ဆုငွေအားလုံးရဲ့၂၀ ရာခိုင်နှုန်းဖြစ်နေတော့ နည်းနည်းမျှချင်တာပါ။

ပထမစနစ်ကို ထီဆုကြီးလို့ သတ်မှတ်တာကောင်းပါတယ်။ ငွေပမာဏကိုလည်း ဆုကြီးမို့လို့ ၂၀ ရာနှုန်း လောက်ပေးတာလည်းကောင်းပါတယ်။ ဒါပေမယ့် ထိုက်သင့်တဲ့ ပမာဏနဲ့ ဆုအရေအတွက် ကိုက်အောင် စဉ်းစားသင့်ပါတယ်။ ခုလိုသိန်းတစ်သောင်း၊ သိန်းငါးထောင်၊ သိန်းတစ်ထောင်နဲ့ သိန်း ၁၆၀၀၀ ကို ဆုကြီး သုံးဆုသာပေးမယ့်အစား သိန်းတစ်ထောင်ဆုငါးဆု၊ သိန်းငါးရာဆု ၁၀ ဆု၊ သိန်းသုံးရာဆု ၂၀ စသည်ဖြင့် သင့်တော်သလို ခွဲလိုက်ရင် ပေါက်တဲ့အချိုးမြင့်လာပါမယ်။ ကျွန်တော်လျာထားတဲ့ ဥပမာနဲ့ဆိုရင်ကို ဆုကြီးစနစ်ပေါက်သူ ၃၅ ယောက်ဖြစ်လာမယ်။ ဆုငွေပမာဏစုစုပေါင်းကတော့ အတူတူပဲ။ ထူးထူးခြားခြားဆုငွေလည်းဖြစ်မယ်။ မူလသုံးယောက်ထဲအစား ၃၅ ယောက်ပေါက်တာဖြစ်မယ်။ လက်ရှိထီပေါက်နိုင်ခြေက ၁၂ ဆလောက်ဖြစ်လာမယ်။ ခုအနေအထားအ တိုင်း ထီလက်မှတ်စောင်ရေ ၁၀ သန်းလောက်မှာ တစ်စောင်ပေါက်နေရာကနေ ပျမ်းမျှအားဖြင့် ထီလက်မှတ်စောင်ရေ ၈၄၆၅၇၀ မှာ တစ်စောင်ပေါက်သလိုဖြစ်လာမယ်။ အဲဒါမျိုးလေးဖြစ်စေချင်တာပါ။

လက်ရှိအထူးဆုကြီးစနစ်မှာ အနိမ့်ဆုံးက သိန်းတစ်ထောင်ဆုတစ်ဆုချင်းစနစ်မှာ အမြင့်ဆုံးက သိန်းတစ်ရာဆိုတော့ ဆုအဆင့်ကွာခြားချက်က တအားများလွန်းတာကို ညှိပေးရာလည်း ရောက်ပါတယ်။ သဘောရိုးနဲ့ အကြံပြုတာသာဖြစ်ပါတယ်။ လူသိလူတတ်လုပ်တာ ဆရာလုပ်တာ လုံးဝမဟုတ်ပါ။ ဒါနဲ့ပတ်သက်လို့ တွေ့တဲ့လူတွေနဲ့ တစ်ဦးချင်းရော လူမှုကွန်ရက်ကပါ ဆက်သွယ်အကြံဉာဏ်တောင်းပြီး ပိုကောင်းမလားလို့တော်တော်များများရဲ့ အသံကို ကိုယ်စားပြုပြီး တင်ပြအကြံပြုပေးတာပါ။

ကျပ်ငါးရာတန်အောင်ဘာလေထီနဲ့ ပတ်သက်လို့ ဧပြီလ ၂၅ ရက်နေ့မှာ ပြုလုပ်တဲ့ နိုင်ငံတော်အစိုးရ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှုသတင်းစာရှင်းလင်းပွဲမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထီဆုပေါက်သော ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းအနေဖြင့် ရရှိသည့်ထီဆုငွေသည် ၎င်းတို့အတွက် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ဖြစ်မြောက်မြောက်လုပ်နိုင်သည့် ပမာဏဖြစ်ရန် မိမိတို့အနေဖြင့် ငွေကျပ်သိန်း တစ်ထောင် ဆုပေးထားပါကြောင်း၊ နောက်ပိုင်းတွင် ထီဆုငွေများအား သိန်း ၅၀၀၀ ဆု၊ သိန်း ၃၀၀၀ ဆု၊ သိန်း ၂၀၀၀ ဆု စသည်ဖြင့် ချိုးမြှင့်သွားမည်ဖြစ်ပါကြောင်းလို့ ရှင်းလင်းတင်ပြသွားပါတယ်။ ဒ့ါအပြင် အမေးအဖြေမှာ ဒုတိယဝန်ကြီးက "အောင်ဘာလေထီဆုကြေးအား ကျပ်သိန်းတစ်သောင်းအဖြစ် ချိုးမြှင့်နေရာမှ ဆုကြေးချိုးမြှင့်မှု အရေအတွက်အား တိုးချဲ့နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း" လို့ ဖြေကြားသွားတာတွေ့ရပါတယ်။

ဒီလို ရှင်းရှင်းလင်းလင်းတင်ပြချက်တွေအရ တာဝန်ရှိသူများအနေနဲ့ ဆုကြေးငွေခွဲဝေမှုနဲ့ အရေအတွက်ကို ပြောင်းဖို့ စီစဉ်နေတယ်ဆိုတဲ့ သဘောပါ။ ပြည်သူ့အသံကို အလေးထားလုပ်ဆောင်မှာမို့ဝမ်းသာအားရကြိုဆိုပါတယ်။ ဒါပေမယ့် သိန်းတစ်သောင်းအစား သိန်းငါးထောင်၊ သုံးထောင်၊ နှစ်ထောင်ပြောင်းရုံနဲ့တော့ ပေါက်နိုင်ခြေနဲ့ အကျိုး သက်ရောက်မှု သိပ်ကွာခြားလာမယ်မထင်ပါဘူး။ ကံစမ်းသူအရေအတွက်များများ ထီများများပေါက်နိုင်ဖို့နဲ့ ထိုက်သင့်တဲ့ ထောက်ပံ့ကူညီမှုရှိမယ့် ပမာဏဆုကြေးများဖြစ်ဖို့ စဉ်းစားဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအကြံပြုလိုပါတယ်။

တချို့က ပြောကြပါတယ်။ ဒီလောက်များတဲ့ငွေ ဥပမာ သိန်းတစ်ရာ၊ ငါးဆယ်လောက်သာပေး ပေါက်တဲ့သူများလာရင် ခုအပြင်မှာဖြစ်နေတဲ့ နှစ်လုံးသုံးလုံးတရားမဝင်တွေ ပျောက်သွားနိုင်မယ်လို့တောင် ဆွေးနွေးကြပါတယ်။ ပြည်သူအနေနဲ့လည်းအောင်ဘာလေကို ပိုစိတ်ဝင်စားလာမယ်။ အားကိုးယုံကြည်လာမယ်။ စဉ်းစားစရာ တစ်ခုလိုမြင်လို့ အကြံပြုတင်ပြရုံသက်သက်ပါ။ အကောင်အထည်ပေါ်သည်ဖြစ်စေ၊မပေါ်သည်ဖြစ်စေ ပြည်သူ့အသံတစ်ခုလို့ လက်ခံထားရင်တော်ပါပြီ။ လုပ်လာရင် ဖြစ်လာရင်တော့ အားလုံးသာခုခေါ်ကြမယ် ထင်ပါတယ်။

နောက်တစ်ခု ကျွန်တော်တို့ ဆွေးနွေးရင်းဖြစ်စေချင်တာတစ်ခုရှိတယ်။ ခုခွဲဝေပေးတာက ၆၀/၄၀ စနစ်ပါ။ ဖြစ်နိုင်ရင် ဆုငွေကို ရာခိုင်နှုန်းမြှင့်ပြီး ခွဲဝေပေးစေချင်ကြပါတယ်။ နိုင်ငံ့အတွက်ဝင်ငွေမှန်ပေမယ့် အများပြည်သူအတွက်တော့ ဖြစ်ညှစ်ထိုးရတဲ့ ပမာဏမို့တင်ပြတာပါ။ လုပ်ရင်ရနိုင်မယ်ထင်လို့ တင်ပြကြည့်တာပါ။ ပြည်သူကလည်း ထောက်ခံအားပေးကြမှာပါ။ ပိုပြီး ကံစမ်းလာကြ၊ ထိုးလာကြမှာပါ။ ရောင်းအားလည်း တက်လာပြီးပေါက်တဲ့သူတွေကလည်း များလာ အခြေခံလူတန်းစားတွေအတွက် မျှော်လင့်အားကိုးစရာ ဖြစ်လာမှာပါ။

ကျွန်တော့်ရဲ့ တင်ပြချက်ဟာ ပြည်သူတွေ ထီထိုးရတာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်စေဘဲ ပိုပြီးမျှော်လင့် အားထားလာကြအောင်လို့၊ စိတ်ဝင်စားပြီး ယုံကြည်အားကိုးလာစေချင်လို့၊ အကျိုးထိရောက်မှုပိုရှိတယ်ထင်လို့၊ ပိုကောင်းမယ်ထင်လို့ ရိုးသားပွင့်လင်းစွာ တင်ပြခြင်းပါ။ ဆန္ဒနဲ့မကိုက်ညီကြဘူး။ သဘောထား မတူကြဘူးဆိုရင်လည်း နားလည်ခွင့်လွှတ်ပေးကြပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဘဝအဆင်ပြေမလားလို့ အောင်ဘာလေကိုတော့ အားကိုးနေရဦးမှာပါ။ ကံစမ်းနေရဦးမှာပါပဲ။ အားလုံးကျေးဇူးတင်နေရဦးမှာပါပဲ။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ညောင်ရေသွန်းလောင်း

**နေပြည်တော် မေ ၁၀**

သက္ကရာဇ် ၁၃၇၉ ခုနှစ် ကဆုန်လပြည့်နေ့ ယနေ့တွင် ကျရောက်သော ညောင်ရေသွန်းပွဲတော်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများသည် ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ဇေယျာသီရိကုန်တိုက်ရှေ့ လောကချမ်းသာဆုတောင်းပြည့်ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များတွင်လည်း ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲများကို ပြုလုပ်ကြရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့တွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ လောကချမ်းသာဆုတောင်းပြည့်ဘုရားကြီးရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်** (သတင်းစဉ်)

# ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)တွင် အမြို့မြို့အနယ်နယ်၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ စည်ကားစွာကျင်းပ



**ကဆုန်ညောင်ရေသွန်းပွဲတော်တွင် တောင်ငူမြို့ပေါ်ရပ်ကွက် ၂၃ ခုမှ ဒေသခံပြည်သူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အိုးစည်ဒိုးပတ်အကများဖြင့် တောင်ငူမြို့တွင်း လှည့်လည်ကာ စည်ကားသိုက်မြိုက်စွာ သွန်းလောင်းပူဇော်ကြစဉ်**
သူရ(တောင်ငူ)

**ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ (၈၉)ကြိမ်မြောက် မြို့လုံးကျွတ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို မေ ၁၀ ရက် ညနေ ၄ နာရီခွဲက ညောင်ဈေးရပ်ကွက်အတွင်းရှိ ရန်အောင်ဇေယျပုထိုးတော်(ခေါ်) သျှစ်သောင်းဘုရားအနီးရှိ ညောင်ပင်ရင်း၌ စည်ကားစွာကျင်းပစဉ်**
(ခရိုင် ပြန်/ဆက်)





**ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ဓမ္မစကူလ်သင်တန်းမှ သင်တန်းသားဒေသခံ လူငယ်မောင်မယ်များနှင့် မဟာမြတ်မုနိဘုရားကြီးရေကြည်တော်ဝတ်အသင်းသား အသင်းသူများက ကဆုန်လပြည့်နေ့(ဗုဒ္ဓနေ့)တွင် မဟာမြတ်မုနိဘုရားကြီးပရိဝုဏ်အတွင်းရှိ မဟာဗောဓိရွှေညောင်ပင်ကို စုပေါင်းညောင်ရေသွန်းလောင်းကြစဉ်**
စိုင်း(သီပေါ)



**နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၏ အထင်ကရ စေတီတော်မြတ်တစ်ဆူဖြစ်သော ဇမ္ဗူကျက်သရေလမ်းမကြီးဘေးတွင် တည်ထားကိုးကွယ်လျက်ရှိသည့် ဓာတုစယဓာတ်ပေါင်းစုစေတီတော်မြတ် မဟာဗောဓိညောင်ပင်၌ မေ ၁၀ ရက် (ကဆုန်လပြည့်နေ့) ညနေ ၅ နာရီက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်နေမှုကို တွေ့ရစဉ်**
ကိုပေါက်(ဥက္ကာမြေ)

**ဘားအံ**

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ကျောင်းကန်၊ ဘုရား၊ ပုထိုး၊ စေတီတော်များတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းသည့် ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဘားအံမြို့၏ ကျက်သရေဆောင် ရွှေယဉ်မျှော်ပြည်တော်ဇေစေတီတော် ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝတ်အသင်းများ၊ ပရိသတ်များက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြပြီး ညနေ ၅ နာရီတွင် သေဋ္ဌမာရ်အောင်ဘုရားကြီးဝင်းအတွင်း၌ ကဆုန်ညောင်ရေ သွန်းလောင်း ပူဇော်ပွဲကို ကျင်းပရာ စုပေါင်းညောင်ရေသွန်းလောင်းခြင်း၊ ဘုရားဖူးကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



**အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်လုံးဆိုင်ရာ အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲအခမ်းအနားကို မေ ၁၀ ရက်(ကဆုန်လပြည့်နေ့)နံနက်က ဘုရားကြီးဝင်းအတွင်း၌ ကျင်းပစဉ်**
တင်ဝင်းလေး(ကြည့်မြင်တိုင်)

**❍ ရွှေဖုံးမှ**

ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်များအား နဝမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သူရမြင့်မောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာဗောဓိညောင်ပင်များအား ရေစင်သွန်းလောင်းပူဇော်ကြသည်။

အလားတူ ပျဉ်းမနားမြို့နယ် (၃၉)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ကဆုန်ညောင်ရေသွန်းပွဲအခမ်းအနားကို ပျဉ်းမနားမြို့ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

ထို့ပြင် ဓာတုဇယ ဓာတ်ပေါင်းစုစေတီတော်၊ နေပြည်တော် ဗုဒ္ဓဂယာ သံဝေဇနိယ လေးဌာန၊ မဟာသကျရံသီရုပ်ရှင်တော်မြတ် ရပ်တော်မူဘုရား၊ ပျဉ်းမနားမြို့ရှိ ကိုးနဝင်းဆုတောင်းပြည့်စေတီ၊ ရန်အောင်မြင်ရွှေလက်လှစေတီ၊ စူဠာမဏိစေတီ၊ လယ်ဝေးမြို့ရှိ ဖောင်တော်ချက်မစေတီ၊ ရွှေရင်မျှော်စေတီစသည့် တန်ခိုးကြီးဘုရားစေတီများနှင့် မြို့ပေါ်ရပ်ကွက်ရှိ ဘုရားစေတီပုထိုးများတွင် ဥပုသ်သီလဆောက်တည်ကြသူ၊ တရားဘာဝနာပွားများကြသူများ၊ ကုသိုလ်ပြုကြသူများနှင့် ညောင်ရေသွန်းလောင်းကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်နှင့်မန္တလေးမြို့တို့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား



ရွှေတိဂုံစေတီတော်၏ (၃၄)ကြိမ်မြောက် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲကို စေတီတော် အရှေ့တောင်ထောင့် မဟာဗောဓိညောင်ပင်၌ ကျင်းပစဉ်

**ရန်ကုန် မေ ၁၀**

ဖွား၊ ပွင့်၊ ဟော၊ စံ ဗျာဒိတ်ခံ ကဆုန်လပြည့် (ဗုဒ္ဓနေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် ရက်တစ်ရက်ဖြစ်သည်။ ယနေ့ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီတင်းသီလ ဆောက်တည်ကြပြီး ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်းဆိုသည်နှင့်အညီ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံဝင်သောနေ့ဟူသည့် ထူးခြားချက် လေးမျိုးနှင့်ပြည့်စုံသောကြောင့် ဤနေ့ကို ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဟု ခေါ်ဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့သည် မြတ်ဗုဒ္ဓ၏ ဘုရားဖြစ်သော နေ့ထူးနေ့မြတ်ကို အာရုံပြု၍ ကဆုန်လပြည့်နေ့၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေသွန်းလောင်းလေ့ရှိကြသည်။ ဗောဓိပင်သည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားဖြစ်တော်မူရာဌာန ဖြစ်ခြင်းကြောင့် ဖွားဖက်တော်ခုနစ်ပါးတွင် စာရင်းဝင်သည့် ထူးခြားသောသစ်ပင်ဖြစ်သည်။ မြတ်စွာဘုရားနှင့် တိုက်ရိုက်ဆက်စပ်နေသောကြောင့် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် ဗောဓိပင်၌ရေသွန်းလောင်းခြင်း ယဉ်ကျေးမှုအစဉ်အလာကို ခေတ်အဆက်ဆက်ကျင်းပခဲ့ခြင်းဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၄) ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို နံနက် ၅ နာရီမှ စတင်ကာ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ဆက်ကပ်ပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုးများ ကိုယ်စီကိုင်ဆောင်ပြီး စေတီတော်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ပူဇော်ခြင်း၊ စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

မဟာဝိဇယစေတီတော်၏(၃၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော်ကိုလည်း ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ အနေကဇာတင်ပွဲနှင့် ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခြင်း၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက မဟာဗောဓိညောင်ပင်အား ရေသွန်းလောင်းပူဇော်ကြသည်။

ထို့အတူ ရေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်၊ ဆံတော်ရှင်ဆူးလေစေတီတော်၊ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များရှိ တန်ခိုးကြီးဘုရားများ၌ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့၌ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနားများကျင်းပကြပြီး ဘုရားဖူးလာပြည်သူများက မဟာဗောဓိညောင်ပင်အား နံနက်ပိုင်းမှစတင်ကာ တစ်နေကုန် ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကဆုန်လပြည့်နေ့တွင် မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရား ပုထိုးစေတီတော်များ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်း ပူဇော်ပွဲများကျင်းပရာ ယနေ့ နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတများတွင် ရေသပ္ပာယ်ခြင်း၊ သီတင်းသီလဆောက်တည်ကြခြင်း၊ မဟာမုနိပရိဝုဏ်အတွင်း အင်္ဂါထောင့်ရှိ ပရိဘောဂစေတီ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့အတူ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမ ဘုရားကြီးတိုက်ရှိ ဦးပွားဆုတောင်းပြည့်စေတီတော်၊ ရွှေကျီးမြင်ဘုရားနီဘုရား၊ ဆုတောင်းပြည့်ဆုတောင်းရဘုရား၊ ဝါခင်ကုန်းဘုရား၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ မန္တလေးမြို့ ပြည်ကြီးမျက်ရှင်ရပ်ကွက်ရှိ သီပေါမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော အရှေ့ပြင်လုံးဆိုင်ရာ အောင်တော်မူမြတ်စွာဘုရား၊ မဟာအောင်မြေမြို့နယ် ဗောဓိကုန်းရပ်တွင် တည်ရှိသော မင်းတုန်းမင်းတရားကြီး စိုက်ပျိုးလှူဒါန်း ဗောဓိညောင်ပင်အား စတုတ္ထအကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့ နံနက် ၁၁ နာရီခွဲမှ စတင်ကျင်းပခဲ့ရာ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်၍ ကြွရောက်တော်မူသော ဆရာတော်ထံမှ ဩဝါဒပရိသတ်အပေါင်းက ရေစက်ချအမျှဝေကာ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့အတူ အမရပူရမြို့နယ် စွယ်တော်မြတ်စေတီတော် မန္တလေးပရိဝုဏ်အတွင်းရှိ ၂၀၁၁ ခုနှစ်က စိုက်ပျိုးထားသည့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ လှူဒါန်းသော မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသူများဖြင့် အထူးစည်ကားသည်ကို တွေ့ရှိရသည်။ မန္တလေးဘုဒ္ဓဂူကုဋ္ဌ အရှင်သူမြတ်အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရဟန်းရှင်လူပြည်သူများ ဓမ္မစကြာဝတ်အသင်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများက ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ခြင်း၊ အလှူငွေလှူဒါန်းခြင်း၊ ခုနစ်နေ့နံဘုရားခဲ့သည့် ဗောဓိညောင်ပင်တို့တွင် ညောင်ရေသွန်းလောင်းလှူပွဲကြီးကို စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် ပျော်ရွှင်စွာဆင်နွှဲကြရာ ကြက်ပျံမကျစည်ကားလျက်ရှိသည်။

အလားတူ မန္တလေးတောင် ဂေါပကအဖွဲ့မှူးကြီးမှူး၍ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး စိုက်ပျိုးတော်မူခဲ့သည့် မန္တလေးတောင်ခြေရှိ မဟာမြို့အနှံ့ နံနက်အရုဏ်တက်ချိန်မှစ၍ ညတိုင်အောင် ဘုရားစေတီပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ကြသူများ ဘုရားဖူးလာသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်ကိုတွေ့ရသည်။

**သတင်း - ရီရီမြင့်၊ မြတ်စန္ဒီ**
**တင်မောင်(မန်းကိုယ်ပွား)**
**ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွန်း**



ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ ညောင်ရေသွန်းလောင်းပူဇော်ကြသူ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်

---

# တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

**နေပြည်တော် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ တနင်္သာရီတိုင်းဒေသကြီး နှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး(ဇ/လ)**

---

# မောင်တောမြို့၌ ဒေသခံပြည်သူများအေးချမ်းစွာ ကဆုန်ညောင်ရေသွန်းလောင်း

**မောင်တော မေ ၁၀**

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့ အမှတ်(၄) မြို့မ အရှေ့ရပ်ကွက်ရှိ ရွှေဇဟိုလ်ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ယနေ့ညနေ ၄ နာရီတွင် ဒေသခံပြည်သူများ ဦးဆောင်ကာ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ညောင်ရေ သွန်းလောင်းပွဲကြီးကို စည်ကားသိုက်မြိုက်အေးချမ်းစွာ ကျင်းပသည်။

"ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ အခုလို ကဆုန်လပြည့်နေ့မှာ ညောင်ရေသွန်းလောင်းရင် အမျိုးသမီး၊ အမျိုးသားယောဂီဝတ်စုံတွေနဲ့ မဟုတ်ဘူးဗျ။ သူ့ထောင့်၊ သူ့အရောင်နဲ့ သူဝတ်ဆင်လာရတာ။ ကျွန်တော်တို့တုန်းက အရှေ့ဘက်ထောင့်ဆိုရင် ဖြူဟ္မာ၊ မြောက်ဘက်ဆိုရင် ဂဠုန်၊ တောင်ဘက်ဆိုရင် နတ်၊ အနောက်ဘက်ထောင့်ကို နဂါး၊ သူ့အရောင်နဲ့သူ၊ အမျိုးသမီး၊ အမျိုးသားဝတ်ဆင်လာရတာ။ ပျော်စရာပေါ့။ ခုချိန်ထိ အခုလို ကဆုန်ညောင်ရေသွန်းပွဲမျိုးနဲ့ကြုံတိုင်း အလုပ်နားပြီး ကလေးတွေကိုလာအားပေးတယ်။ ကျွန်တော်တို့တုန်းကဒီထက်ပိုစည်ကားပြီး ပိုပျော်ဖို့ကောင်းတယ်"ဟု မောင်တောမြို့ မြို့မအရှေ့ရပ်ကွက်တွင် နေထိုင်သည့် ကိုကျော်လွင်က ပြောသည်။

ကဆုန်လပြည့်နေ့တွင် မောင်တောမြို့၌လည်း ခရိုင်အတွင်းရှိ ကျေးရွာရပ်ကွက်များဖြစ်သည့် မြို့မအရှေ့ညောင်ပင်လှ၊ စံပြ၊ မြို့သစ်၊ ရှိတ္တာရာ၊ ဝိမလ စသည့်အနီးဝန်းကျင် ရပ်ကွက်ကျေးရွာများမှ အမျိုးသား၊ အမျိုးသမီးငယ်များက တူညီယောဂီဝတ်စုံများဖြင့် ညောင်ရေခွက်ကလေးများ ကိုင်ကာ ကိုယ်စီကိုယ်စီဖြင့် လာရောက်သွန်းလောင်းကြသည်။



မောင်တောမြို့ ရွှေဇဟိုလ်ကျောင်းဝင်းအတွင်း၌ ကဆုန်ညောင်ရေသွန်းလောင်းပွဲမြင်ကွင်း

ကဆုန်ညောင်ရေသွန်းလောင်းပွဲ အဖွင့်ပွဲတွင် ကျောင်းထိုင်ဆရာတော်နှင့်တကွ နမောတဿ သုံးကြိမ်ရွတ်ဆို အခမ်းအနားကိုဖွင့်လှစ်ပြီး ဇဟိုလ်ကျောင်းဆရာတော် ဦးသောမက ငါးပါးသီလ ချီးမြှင့်သည်။

ယင်းနောက် ဗြဟ္မာအမျိုးသား၊ နတ်အမျိုးသား၊ နဂါးအမျိုးသား၊ ဂဠုန်အမျိုးသားတို့က ဇယောဟိဗုဒ္ဓဿ သီရိမတောအယံ ဂါထာကို သုံးကြိမ်ရွတ်ဆိုပူဇော်ခဲ့ပြီး အမျိုးသမီးငယ်များအဖွဲ့ကလည်း ယင်းသို့ဖြင့် သုံးကြိမ်ရွတ်ဆိုကာ ကဆုန်ညောင်ရေသွန်းလောင်းပွဲကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါမောင်တောမြို့ ကဆုန်ညောင်ရေသွန်းလောင်းပွဲတွင် ညောင်ရေသွန်းလောင်းသည့် ဒေသခံအမျိုးသား၊ အမျိုးသမီးတို့အား အလှူရှင်များက အချိုရည်ဘူးများဖြင့် ဒါနပြုတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်၊ အောင်ကျော်စိန် (မောင်တော)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# အာရှတိုက်ရဲ့ ဗင်းနစ်မြို့နှင့် ကမ္ဘာ့အမွေအနှစ်တင်သွင်းခြင်း

**တက်စိုး(ယဉ်ကျေးမှုဗေဒ)**



ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ရန် စာရင်းတင်သွင်းထားသည့် မြောက်ဦးမြို့ဒေသပုံရိပ်ကို တွေ့ရစဉ်

ရုံးပိတ်ရက် သုံးရက်ဆိုတော့ ရန်ကုန်ဆင်း မိသားစုနဲ့ နွေးနွေးထွေးထွေးနေဖြစ်တယ်။ တနလ်ာ နေ့လယ်လောက်မှာ နေပြည်တော်ပြန်ဖို့ မာန်သွင်းနေတုန်း ဖုန်းဝင်လာတယ်။ ဗုဒ္ဓဟူးနေ့မှာ မြောက်ဦးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းဖို့ အစည်းအဝေးတက်ပေးပါတဲ့။ ရေငတ်နေတုန်း ရေတွင်းထဲကျသလိုပါပဲ။ တစ်ဖက်ကလည်း ကြီးလေးတဲ့တာဝန်တစ်ရပ်ကို ထမ်းဆောင်ရမှာဆိုတော့ ပီတိဖြစ်ရပါတယ်။

အစည်းအဝေးခန်းမထဲရောက်တော့ ပညာရှင်တွေစုံလို့။ ယူနက်စကိုက ပညာရှင်တွေနဲ့ အီတလီ၊ တရုတ်၊ ဩစတြေးလျ ပညာရှင်တွေက မတူညီတဲ့ပညာရပ်တွေနဲ့ စုပေါင်းလုပ်ဆောင်ကြမှာဆိုတော့ အားရစရာပါပဲ။ ပြည်တွင်းပညာရှင်တွေကလည်း စုံညီလှပါတယ်။ ရခိုင်တိုင်းရင်းသားထဲက သက်ဆိုင်တဲ့ဌာနဆိုင်ရာ အရာရှိ ပညာရှင်တွေပါသလို မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးအဖွဲ့က ဒေသခံကိုယ်စားလှယ်တွေပါတော့ အင်္ဂါစုံတယ်ဆိုရမှာပေါ့။ ။ ပျူမြို့ဟောင်းတွေတုန်းကတောင် ခုလောက်မစုံညီဘူး။ ရခိုင်တိုင်းရင်းသားထဲက တက်နဲ့လှော်ခဲ့ကြတာ သိမီလိုက်ပါတယ်။

အစည်းအဝေးစတော့ သက်ဆိုင်ရာဌာနမှ ညွှန်ကြားရေးမှူးချုပ်နဲ့ ယူနက်စကို ဌာနေကိုယ်စားလှယ်တွေက လုပ်ငန်းစဉ်တွေ ရှင်းပြကြပါတယ်၊ တရုတ်ပညာရှင်တွေ တင်ပြတာ အလွန်စိတ်ဝင်စားဖို့ကောင်းပါတယ်။ ရှေးဟောင်းအဆောက်အအုံစာရင်း၊ လူနေအိမ်ခြေစာရင်းတွေ ကောက်တာ၊ ရှုထောင့်အမျိုးမျိုးက ဓာတ်ပုံရိုက်တာတွေ ပါဝါပွိုင့်နဲ့ပြတော့ မြောက်ဦးကို ရုပ်လုံးကြွလာစေပါတယ်။ တရုတ်နိုင်ငံဟာ သုတေသနပညာရပ်မှာ ထိပ်တန်းအဆင့် တစ်ခုကိုရောက်သွားတာ တွေ့ရပါတယ်။ အီတလီပညာရှင်တွေကတော့ စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်ပြုစုဖို့နဲ့ စီမံခန့်ခွဲမှုပိုင်းတာဝန်ယူမယ်၊ ဩစတြေးလျပညာရှင်တွေက သုတေသန ဆိုင်ရာအကြံပေးမယ်၊ တင်သွင်းမယ့်စာတမ်းတွေကို ဝိုင်းဝန်းပြုစုမယ်စသဖြင့် ပဏာမဆွေးနွေးကြပါတယ်။

မြောက်ဦးဌာနေကိုယ်စားလှယ်က ပါဝါပွိုင့်နဲ့တင်ပြတာ အားလုံးစိတ်ဝင်စားကြပါတယ်။ မြောက်ဦးမြို့ရဲ့ ခံတပ်တွေ၊ ကာကွယ်ရေးအတွက် အသုံးပြုတဲ့ကျုံးတွေအကြောင်း၊ ရေကြောင်းသွားလာမှုစနစ်တွေ၊ ဗိသုကာလက်ရာတွေနဲ့ မြောက်ဦးထက်ရှေးကျတဲ့ ဓညဝတီမြို့ဟောင်း၊ ဝေသာလီမြို့ဟောင်း အကြောင်းတွေကို ဝေဝေဆာဆာတင်ပြပါတယ်။ ဓညဝတီခေတ် ခရစ်မပေါ်မီနှစ်ပေါင်း ၃၀၀၀ ခန့်ကနေ အေဒီ (၄) ရာစု၊ ဝေသာလီခေတ် အေဒီ(၄ မှ ၈)ရာစု၊ လေးမြို့ခေတ် အေဒီ (၈ မှ ၁၅) ရာစု မြောက်ဦးခေတ် အေဒီ(၁၅ မှ ၁၈)ရာစုထိ ထွန်းကားခဲ့တယ်လို့ ရခိုင်သမိုင်းတွေမှာ ဖော်ပြထားပါတယ်။ လေးမြို့ခေတ် မြို့တော်ဟောင်းတွေက မြစ်ရေ တိုက်စားလို့ ပျောက်ကွယ်သွားပါတယ်။ ဓညဝတီ၊ ဝေသာလီ၊ မြောက်ဦးမြို့ဟောင်းတွေက တစ်ဆက်တစ်စပ်တည်း ကျန်ရှိနေပါသေးတယ်။ ဒီနေရာမှာ ခက်ခက်ခဲခဲ ဆွေးနွေးစရာပေါ်လာပါတယ်။ သူ့ရဲ့တင်ပြမှုကို အီတလီပညာရှင်က ထောက်ပြဆွေးနွေးတဲ့အခါ ဆက်စပ်နေတဲ့ ဓညဝတီ၊ ဝေသာလီမြို့ဟောင်းများကို ထည့်သွင်းဖို့ သင့် မသင့်မေးလာပါတယ်။ ဒေသခံကိုယ်စားလှယ်ကလည်း ထည့်သွင်းသင့်ကြောင်း၊ မြောက်ဦးမြို့ခံတွေကို ဓညဝတီ၊ ဝေသာလီမပါဝင်ခဲ့ရင် သူ့အနေနဲ့ ဘာကြောင့်မပါဝင်ဘူးဆိုတာ သေချာရှင်းပြဖို့လိုကြောင်း ဆွေးနွေးလာပါတယ်။ ညွှန်ကြားရေးမှူးချုပ်အပါအဝင် ရခိုင်တိုင်းရင်းသားအရာရှိကြီးများကပါ မြောက်ဦးကိုတင်သွင်းရန် ရွေးချယ်ရတာဟာ အချက်အလက်ပြည့်စုံခြင်း နိုင်ငံတကာနဲ့ဆက်သွယ်မှု အထောက်အထားများ၊ ယဉ်ကျေးမှုထွန်းကားမှုဆိုင်ရာ အထောက်အထားများခိုင်လုံခြင်း၊ စီမံခန့်ခွဲမှုဆိုင်ရာများကိုပါ ထည့်သွင်းပြီး သေချာတဲ့ မြို့တော်ကို ရွေးချယ်ရခြင်းဖြစ်ကြောင်း အချိန်ယူရှင်းပြကြရပါတယ်၊ သက်ဆိုင်ရာ တိုင်းရင်းသားများက ရှေးကျတဲ့မြို့တော်ဟောင်းများကို ဦးစားပေးတင်သွင်းခြင်းကို လိုလားနေကြတယ်လို့ မှတ်သားလိုက်ရပါတယ်။

မြောက်ဦးမြို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပါက မြောက်ဦးမြို့ဟာ အာရှတိုက်အတွက် အလွန်ထင်ရှားတဲ့ ဒေသတစ်ခုဖြစ်လာဖွယ်ရှိပါတယ်၊ မြောက်ဦးမြို့၏ ရေကြောင်းသွားလာမှုစနစ်ဟာ ဗင်းနစ်မြို့နဲ့တူသလို ကာကွယ်ရေးစနစ်ကလည်း ရေကျုံးများဖြင့် တည်ဆောက်ခဲ့တဲ့အတွက် အလွန်ထူးခြားတဲ့ မြို့တော်ဟောင်းတစ်ခုဖြစ်ပါတယ်။ နိုင်ငံတကာနဲ့ စီးပွားရေးဆက်ဆံခဲ့တဲ့ အထောက်အထားများတွေဖြစ်တဲ့ ဒတ်ချ်ကုန်တိုက်အဆောက်အအုံတွေကို အထောက်အထားရရှိနိုင်သလို စဉ့်ထည်လက်ရာများ၊ ကြေးသွန်းပညာ၊ ဗိသုကာပညာစသဖြင့် ရှေးဟောင်းမြို့တော်တွေထဲမှာ အင်္ဂါစုံလွန်းတဲ့ ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုအဖြစ် တွေ့ရှိရပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းဖို့ ရွေးချယ်လိုက်ကတည်းက မြောက်ဦးမြို့အတွက် အလွန်အကျိုးများကြောင်းလည်း သတိပြုမိပါတယ်။

ပညာရှင်တွေရဲ့ ပထမဦးစွာ တိုက်တွန်းချက်က လက်ရှိအခြေကို မပျက်စီးအောင်ကာကွယ်ဖို့၊ စီမံကိန်းတွေ ဆောင်ရွက်ခြင်းကိုတားဖြစ်ဖို့ ပြည်သူများအား စနစ်တကျနေထိုင်တတ်အောင် ပညာပေးခြင်းများကို စတင်လုပ်ဆောင်ခြင်းဖြင့် ချက်ချင်းလက်ငင်းတိုးတက်မှုကို တွေ့ရှိရမှာဖြစ်ပါတယ်။

ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရပါကလည်း မြောက်ဦးမြို့တော်ရဲ့ ခံတပ်ရေကျုံးစနစ်များကို ဆက်လက်သုတေသနပြုပြီး နိုင်ငံတကာအကူအညီနဲ့ ပြန်လည်တည်ဆောက်သွားရင် ကမ္ဘာ့စိတ်ဝင်စားဖွယ်အကောင်းဆုံး မြို့တော်ဟောင်းတစ်ခု ဖြစ်လာပါလိမ့်မယ်။ ရေရှည်မှာ နိုင်ငံတကာခရီးသွားများအတွက် အာရှပစိဖိတ်ဒေသရဲ့ မဖြစ်မနေသွားရောက်ရမယ့်နေရာတစ်ခုဖြစ်လာဖို့ မျှော်မှန်းပါတယ်။

မြောက်ဦးမြို့ သျှစ်သောင်းဘုရား အတက်လှေကားမှာ စိုက်ထူထားတဲ့ အာနန္ဒစန္ဒြကျောက်စာခေါ် သျှစ်သောင်းဘုရားကျောက်စာတိုင်မှာ မျက်နှာသုံးဖက်၌ အေဒီ(၆)ရာစု၊ အေဒီ(၈)ရာစုနှင့် အေဒီ(၁၀)ရာစု ပြဟ္မီပွားအက္ခရာများနဲ့ ရေးထိုးထားပါတယ်။ အေဒီ(၈)ရာစုရေးထိုးတဲ့ မျက်နှာဘက်ကျောက်စာရဲ့ ဂါထာ( ၄၄-၄၅ )တွင် အာနန္ဒစန္ဒြမင်းကြီးရဲ့ အမည်ရေးထိုးပါရှိတဲ့အတွက် အာနန္ဒစန္ဒြကျောက်စာဟု အမည်မှည့်ခေါ်ရခြင်းဖြစ်ပါတယ်။ နှစ်နေရာစီခြားပြီး အက္ခရာသုံးမျိုးဖြင့် ရေးထိုးထားတဲ့ ကျောက်စာဟာ ကမ္ဘာမှာတစ်ခုသာရှိတဲ့အတွက် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း တင်သွင်းဖို့ ဦးစားပေးရွေးချယ်ထားပါတယ်။ ၂၀၁၈ ခုနှစ် မတ်လတွင် အပြီးသတ်ပြုစုတင်သွင်းမှာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်မှာ အပြီးသတ်ဆုံးဖြတ်ကြေညာမှာ ဖြစ်ပါတယ်။

မြောက်ဦးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းဖို့ အဆင့်လိုက်ဆောင်ရွက်မှာဖြစ်ပြီး ၂၀၁၇ ခုနှစ်ကစပြီး ကြိုတင်ပြင်ဆင်ခြင်း၊ အဆိုပြုလွှာအကြမ်းပြုစုခြင်းတို့ ဆောင်ရွက်ပါမယ်။ ၂၀၁၈ ခုနှစ်မှာ အဆိုပြုလွှာအကြမ်းတင်သွင်းပါမယ်။ ၂၀၁၉ ခုနှစ်မှာ ယူနက်စကိုအဖွဲ့ရဲ့ အကြံပြုချက်များအတိုင်း အသေးစိတ်ပြင်ဆင်ပြီးတဲ့ အဆိုပြုလွှာတင်သွင်းပါမယ်။ ၂၀၂၀ ပြည့်နှစ် ဇွန်လနဲ့ဇူလိုင်လအတွင်း ယူနက်စကိုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ထုတ်ပြန်ပါမယ်။

နိုင်ငံတော်အစိုးရ ပြည်ထောင်စုဝန်ကြီးဌာန သက်ဆိုင်ရာပြည်နယ်အစိုးရနဲ့ ဦးစီးဌာနများ၊ ပြည်သူများပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံစီးပွားရေးကို အထောက်အကူပြုသော ဒေသတစ်ခုပေါ်ထွန်းလာမယ်လို့ ယုံကြည်ပါတယ်။

**မြောက်ဦးမြို့ကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းဖို့ အဆင့်လိုက်ဆောင်ရွက်မှာဖြစ်ပြီး ၂၀၁၇ ခုနှစ်ကစပြီး ကြိုတင်ပြင်ဆင်ခြင်း၊ အဆိုပြုလွှာအကြမ်းပြုစုခြင်းတို့ ဆောင်ရွက်ပါမယ်။ ၂၀၁၈ ခုနှစ်မှာ အဆိုပြုလွှာ အကြမ်းတင်သွင်းပါမယ်။ ၂၀၁၉ ခုနှစ်မှာ ယူနက်စကိုအဖွဲ့ရဲ့ အကြံပြုချက်များအတိုင်း အသေးစိတ်ပြင်ဆင်ပြီးတဲ့ အဆိုပြုလွှာတင်သွင်းပါမယ်။ ၂၀၂၀ ပြည့်နှစ် ဇွန်လနဲ့ ဇူလိုင်လအတွင်း ယူနက်စကိုအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကို ထုတ်ပြန်ပါမယ်**

# မောင်တောဒေသ ဆက်သွယ်မှုဖွံ့ဖြိုးရန် 3G ကွန်ရက်တာဝါတိုင် သုံးခုတိုးချဲ့တည်ဆောက်


မောင်တောမြို့ ဆက်သွယ်ရေးစခန်းမှ 3G Network တာဝါတိုင်ကို တွေ့ရစဉ်

**မောင်တော မေ ၁၀**

ရခိုင်ပြည်နယ် မောင်တောခရိုင်ဒေသအတွင်း ပြည်သူများ ဆက်သွယ်မှု အဆင်ပြေကောင်းမွန်စေရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM 3G ကွန်ရက် တာဝါတိုင်သုံးခုကို ထပ်မံတိုးချဲ့တပ်ဆင်ပေးလျက်ရှိရာ ယခုလကုန်ပိုင်းတွင် စတင်အသုံးပြုလည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မောင်တောမြို့ပေါ် ဆက်သွယ်ရေးစခန်းမှ သိရသည်။

မောင်တောခရိုင်ဒေသအတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် GSM ဆက်သွယ်ရေး တာဝါတိုင်(စခန်း) ၁၄ ခုတည်ဆောက်ခဲ့ပြီး အဆိုပါတာဝါတိုင်များကို ၂၀၁၂ ခုနှစ်မှ စတင်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်၍ များမကြာမီကာလတွင် စုစုပေါင်း GSM တာဝါတိုင် ၁၇ ခုအထိ တိုးချဲ့လာနိုင်တော့မည်ဖြစ်သည်။

မောင်တောခရိုင်အတွင်း တည်ဆောက်ပြီး GSM တာဝါတိုင်(စခန်း)များမှာ မြို့သူကြီးကျေးရွာ၊ ကျီးကန်းပြင်၊ ကြိမ်ချောင်း၊ တောင်ပြိုလက်ဝဲ၊ ခမောက်ဆိပ်၊ အောင်သပြေ၊ ဗန္ဓုလ၊ မြင်းလွှတ်၊ အင်းဒင်၊ ကျောက်ပန္ဒူ၊ ဂေါ်ဒူသာရ၊ ကိုးတန်ကောက်နှင့် အလယ်သံကျော်ကျေးရွာတို့တွင် တည်ဆောက်ခဲ့ပြီးဖြစ်သည်။ ယခုနှစ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မောင်တောဒေသပြည်သူများ ဆက်သွယ်မှုအဆင်ပြေရန် GSM တာဝါတိုင် (စခန်း) သုံးခုကို ထပ်မံတိုးချဲ့လျက်ရှိရာ မောင်တောမြို့ အရှေ့ရပ်ကွက်၊ ရွှေဇားရပ်ကွက်နှင့် ကညင်တန်းရပ်ကွက်ရှိ မောင်နီကျေးရွာတို့တွင် GSM တာဝါတိုင်များကို တည်ဆောက်ပြီးဖြစ်ကာများမကြာမီတွင် စက်ပစ္စည်းများ တပ်ဆင်တော့မည်ဖြစ်၍ ယခုလကုန်ပိုင်းတွင် စတင်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မောင်တောဆက်သွယ်ရေးစခန်းတာဝန်ခံ ကိုအောင်ဇော်က “ဒီမောင်တောမှာ GSM လိုင်းတွေမရှိခင် အော်တိုအိတ်ချိန်းလိုင်းတွေ ဖွင့်ခဲ့ပါတယ်။ အခုကတော့ GSM ဆက်သွယ်ရေးစခန်းတွေကို တိုးချဲ့နေပါတယ်။ အခု မောင်တောမြို့ပေါ်မှာက တာဝါတိုင်တစ်ခုတည်း ရှိသေးတာဆိုတော့ အင်တာနက်လိုင်းအသုံးပြုလို့ သိပ်မကောင်းသေးဘူး။ အဲဒါကြောင့် အခုဆောက်နေတဲ့ တာဝါတိုင်သုံးခုပြီးလို့ စတင်လည်ပတ်ရင်တော့ ဒီမောင်တောမြို့ပေါ်မှာ အင်တာနက်လိုင်းအကောင်းဆုံး ဖြစ်သွားမှာပါ။ လတ်တလောမှာတော့ တာဝါတိုင်သုံးခုလုံး တည်ဆောက်လို့ပြီးပါပြီ။ လိုအပ်တဲ့စက်ပစ္စည်းတွေ တပ်ဆင်ဖို့ပဲကျန်ပါတော့တယ်။ ဒီမေလကုန်ပိုင်းလောက်ဆို အားလုံးလည်ပတ်နိုင်မှာပါ။ အဲဒီကျရင်တော့ မောင်တောမြို့ပေါ်မှာ အင်တာနက်လိုင်းတွေ ကောင်းကောင်းအသုံးပြုလို့ အဆင်ပြေသွားမှာပါ”ဟု ပြောသည်။

မောင်တောခရိုင်အတွင်း ယခုလည်ပတ်နေသော GSM တာဝါတိုင်(စခန်း)များမှာ 3G Network ဖြစ်ပြီး စခန်းအများစုတွင် အင်ဂျင်စက်များဖြင့် လည်ပတ်လျက်ရှိရာ တချို့စခန်းများ၌ ဆိုလာများဖြင့် အသုံးပြုနေရသည်။ ဆိုလာဖြင့် အသုံးပြုနေသော စခန်းများတွင်လည်း ညပိုင်း၌ မီးစက်များ အသုံးပြုလည်ပတ်နေရသောကြောင့် မောင်တောမြို့ လျှပ်စစ်မီးရရှိပါက ယခုထက် ဆက်သွယ်မှု ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း မောင်တောဆက်သွယ်ရေးစခန်းတာဝန်ခံက ဆိုသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် မောင်တောခရိုင်အတွင်း ၂၀၀၈ ခုနှစ် နိုဝင်ဘာမှစတင်ကာ CDMA ဖုန်းများကို စတင်တပ်ဆင်ပေးခဲ့ပြီး ပြီးခဲ့သော ၂၀၁၂ ခုနှစ်တွင် GSM တာဝါတိုင်စခန်းများကို စတင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ရာ ယခုအခါတွင် တာဝါတိုင် စုစုပေါင်း ၁၇ ခုကို တိုးချဲ့တပ်ဆင်ပေးနိုင်တော့မည်ဖြစ်သည်။ ဒေသခံသုံးစွဲမှုပေါ်မူတည်၍ တာဝါတိုင်သစ်များကိုလည်း ထပ်မံတိုးချဲ့ပေးသွားမည်ဖြစ်ရာ မောင်တောဒေသကျေးရွာပေါင်း ၁၀၀ ကျော်တွင် လတ်တလော၌ GSM သုံးစွဲသူရာခိုင်နှုန်း ၉၀ ကျော်လွှမ်းခြုံနိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မောင်မောင်သန့်(ကြေးမုံ)**

# အမေရိကန်သမ္မတက အက်ဖ်ဘီအိုင်ညွှန်ကြားရေးမှူးကို ရာထူးမှထုတ်ပယ်

**ဝါရှင်တန်ဒီစီ မေ ၁၀**

ပြည်ထောင်စု ထောက်လှမ်းရေးအဖွဲ့ (အက်ဖ်ဘီအိုင်) ညွှန်ကြားရေးမှူး ဂျိမ်းကိုမီအား အမေရိကန်နိုင်ငံ သမ္မတ ဒေါ်နယ်ထရန့်က ရာထူးမှထုတ်ပယ်လိုက်ခြင်းနှင့်ပတ်သက်ပြီး မေ ၁၀ ရက်က ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်နှင့် ဓာတ်ပုံအတူတွဲရိုက်ခဲ့စဉ် "သူအလုပ်ထုတ်ခံရတယ်ဟုတ်လား၊ လာနောက်နေတာလား"ဟု ငေါ်တော့တော့ဖြင့် မှတ်ချက်ပြုခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။



ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်သည် အိမ်ဖြူတော်၌ ထရန့်နှင့် တွေ့ဆုံဆွေးနွေးမှုမပြုခင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ရက်ဇ်တေလာဆန်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ရက်ဇ်တေလာဆန်အနေဖြင့် ဆာဂျီလက်ဗ်ရော့ဗ်နှင့် လက်ဆွဲနှုတ်ဆက်ပြီး ဓာတ်ပုံရိုက်စဉ် ဂျိမ်းကိုမီရာထူးမှ အထုတ်ခံရခြင်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ မှတ်ချက်ချပြောဆိုခြင်းမပြုလုပ်ခဲ့ပေ။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ယမန်နေ့က အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူး ဂျိမ်းကိုမီအား တာဝန်မှ ရပ်စဲလိုက်ပြီး ဌာနမှထုတ်ပယ်လိုက်ကြောင်း အကြောင်းကြားစာပေးပို့ခဲ့သည်။ အက်ဖ်ဘီအိုင်သည် ၂၀၁၆ အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ရုရှားတို့၏ ပါဝင်ပတ်သက်မှုသာမက ထရန့်အနေဖြင့် ရုရှားနှင့် ပေါင်းကြံခဲ့ကောင်း ပေါင်းကြံခဲ့နိုင်သည့် ကိစ္စများအပေါ် စုံစမ်းခဲ့သည့် ဌာနလည်းဖြစ်သည်။ ထိုနိုင်ငံရေးအရွှေ့သည် ဒီမိုကရက်တစ်များကြား ဝေဖန်မှုများ သောသောညံခဲ့သည်။ သို့သော်လည်း ဇန်နဝါရီ ၂၀ ရက်က သမ္မတတာဝန်များကို စတင်တာဝန်ယူခဲ့သော ဒေါ်နယ်ထရန့်နှင့် ပတ်သက်ပြီး အိမ်ဖြူတော်အရာရှိများက ၎င်းလုပ်ဆောင်ခဲ့သည့် နိုင်ငံရေးအရွှေ့များနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာပြောဆိုခြင်းမရှိခဲ့ပေ။

ထရန့်က ၎င်း၏မဲဆွယ်စည်းရုံးရေးကာလများတွင် ရုရှားနှင့်ဆက်ဆံရေးကောင်းအောင် ကြိုးစားခဲ့ကြောင်း အကြိမ်ကြိမ်ပြောကြားခဲ့သည်။

ဂျိမ်းကိုမီအား အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးအဖြစ် ၂၀၁၃ ခုနှစ်တွင် စတင်ခန့်အပ်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီ ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်၏ အီးမေးလ်များကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ကြေညာခဲ့ပြီးနောက် အမေရိကန်သမ္မတ ရွေးကောက်ပွဲ အရှုပ်ထွေးများကြားသို့ ဝင်ရောက်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ ဟီလာရီကလင်တန်က ရွေးကောက်ပွဲရှုံးနိမ့်ရခြင်းသည် ဂျိမ်းကိုမီ၏ ကြေညာချက်တစ်စိတ်တစ်ပိုင်းကြောင့် ဖြစ်ကြောင်း ယခင်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဒုတိယရှေ့နေချုပ် ရော့ဒ် ရိုဆန်စတိန်နှင့် ရှေ့နေချုပ် ဂျက်ဖ်ဆက်စ်ရှင်တို့၏ တင်ပြချက်များအပေါ် အသေချာစဉ်းစားပြီး ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ လတ်တလောတွင် အက်ဖ်ဘီအိုင် ညွှန်ကြားရေးမှူးအသစ်အား ခန့်အပ်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

**(ရိုက်တာ၊ ဆင်ဟွာ)**

# မွန်ဂျေအင်း တောင်ကိုရီးယားအစိုးရသစ်အတွက် အဓိကခေါင်းဆောင်များကို ရွေးချယ်




**ဆိုးလ် မေ ၁၀**

တောင်ကိုရီးယား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော မွန်ဂျေအင်းသည် မေ ၁၀ ရက်က ရွေးကောက်ပွဲအနိုင်ရခြင်း ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားမှုအဖြစ် သင့်လျော်သော အခြေအနေရှိပါက မြောက်ကိုရီးယားနိုင်ငံ မြို့တော် ပြုံယမ်းသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း တောင်ကိုရီးယားလွှတ်တော်၌ ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော မွန်ဂျေအင်း၏ တောင်ကိုရီးယားပြည်သူများသို့ ပြောကြားသော မိန့်ခွန်းကို မေ ၁၀ ရက်က ထုတ်ပြန်ခဲ့ရာ ၎င်းမိန့်ခွန်းတွင် မွန်ဂျေအင်းက ရွေးကောက်ပွဲတွင် အနိုင်ရရှိသူလည်းမရှိ၊ ရှုံးနိမ့်သူလည်းမရှိကြောင်း၊ တောင်ကိုရီးယားနိုင်ငံတော်သစ်အား တည်ဆောက်ရာတွင် ပြည်သူအချင်းချင်း ချစ်ချစ်ခင်ခင်နှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် လတ်တလောတွင် ရင်ဆိုင်နေရသော လုံခြုံရေးခြိမ်းခြောက်မှုများမှ ကင်းလွတ်ရန်အတွက် အကောင်းဆုံးကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ကိုရီးယားကျွန်းဆွယ်အရေး ငြိမ်းချမ်းမှုရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းဖော်ပြခဲ့သည်။အကယ်၍ လိုအပ်ပါက အမေရိကန်၊ တရုတ်နှင့် ဂျပန်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း၊ ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးအမြစ်တွယ်သည်အထိ ၎င်းအနေဖြင့် တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

တောင်ကိုရီးယားတွင် တက်ဒ်စနစ် ဖြန့်ကြက်မှုကို ရည်ရွယ်လျက် အဆိုပါစနစ်နှင့်ပတ်သက်ပြီး အမေရိကန်၊ တရုတ်နိုင်ငံတို့နှင့် ဆွေးနွေးညှိနှိုင်းမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ တောင်ကိုရီးယားအနေဖြင့် မြောက်ကိုရီးယား၏ဒုံးကျည်ခြိမ်းခြောက်မှုမှကာကွယ်ရန် တက်ဒ်စနစ်ဖြန့်ကြက်ခြင်းကို တရုတ်က ၎င်း၏လုံခြုံရေးကို ထိပါးနှောင့်ယှက်သည်ဟုဆိုကာ ပြင်းထန်စွာ ဆန့်ကျင်မှုပြုလုပ်ခဲ့သည်။

ထို့ပြင် မေ ၁၀ ရက်က မွန်အနေဖြင့် အစိုးရအဖွဲ့အတွက် အဓိကခေါင်းဆောင်များကို ရွေးချယ်မှုပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့သည်။ လီနက်ခ်ယွန်ကို ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ အင်ဂျွန်ဆွတ်ခ် ကို ကာချုပ်အဖြစ်လည်းကောင်း၊ ဆူဟွန်ကို အမျိုးသားထောက်လှမ်းရေးအကြီးအကဲအဖြစ်လည်းကောင်း ခန့်အပ်ခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# အီရန်နျူကလီးယားအစီအစဉ်ကို ရှေ့တိုးလုပ်ဆောင်မည်ဖြစ်ကြောင်း ခါမေနီပြောကြား

**တီဟီရန် မေ ၁၀**

ရန်သူတော်များက မည်သို့ပင် ဆန့်ကျင်နေစေကာမူ အီရန်နိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယားအစီအစဉ်အား ရှေ့တိုးလုပ်ဆောင်မည်ဖြစ်ကြောင်း အီရန်ထိပ်တန်းခေါင်းဆောင် အရာတိုလာအလီခါမေနီက မေ ၁၀ ရက်ကပြောခဲ့သည်။ အီရန်နျူကလီးယားစွမ်းအားကို မုန်းတီးဒေါသထွက်နေသော ရန်သူတော်များကြောင့် အီရန်နိုင်ငံ၏ နျူကလီးယားကို အစွမ်းကုန်မြှင့်တင်ခြင်းဖြစ်ကြောင်း ခါမေနီက အစ္စလာမ္မစ်တော်လှန်ရေးတပ်ဖွဲ့တပ်မှူးများအား ပြောကြားခဲ့သည်။

ကီလိုမီတာ ထောင်ပေါင်းများစွာအကွာအဝေးရှိ ပစ်မှတ်ကို မလွဲအောင်ပစ်နိုင်သော အလွန်တိကျစွမ်းရည်ပြည့်ဝသော ဒုံးကျည်များကို ပိုင်ဆိုင်ကြောင်း၊ ထိုကဲ့သို့ စွမ်းအင်များကို အစဉ်အမြဲတိုးမြှင့်ထားရမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# မြေထဲပင်လယ်ကို ဖြတ်ကျော်ရန်ကြိုးစားစဉ် ဒုက္ခသည် ၂၄၅ ဦးသေဆုံး

**ဂျီနီဗာ မေ ၁၀**

မြေထဲပင်လယ်အား ဖြတ်ကျော်ရန်ကြိုးစားစဉ် လူ ၂၄၅ ဦးသေဆုံးခဲ့သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ခန့်မှန်းကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယမန်နေ့ကပြောကြားခဲ့သည်။ မြေထဲပင်လယ်တွင် မေ ၅ ရက်က သင်္ဘောတစ်စင်းတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၈၂ ဦးခန့် သေဆုံးခဲ့ကြောင်း၊ လစ်ဗျားကမ်းရိုးတန်းအလွန်တွင် မေ ၇ ရက်က သင်္ဘောတစ်စင်းထပ်မံတိမ်းမှောက်ခဲ့ရာ လူပေါင်း ၁၆၃ ဦးခန့် သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင်နီဒူဂျာရစ်က ပြောခဲ့သည်။ **(ဆင်ဟွာ)**

# အိုင်အက်စ်အကြမ်းဖက်အဖွဲ့များကို တိုက်ခိုက်နိုင်ရန် ဝိုင်ပီဂျီအဖွဲ့အား အမေရိကန်က လက်နက်များတပ်ဆင်ပေးမည်

**ဝါရှင်တန်ဒီစီ မေ ၁၀**

ဝိုင်ပီဂျီအဖွဲ့အား လက်နက်များထောက်ပံ့ပေးမှုသည် တူရကီနိုင်ငံအတွက် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်လာနိုင်သောကြောင့် အိုင်အက်စ်အကြမ်းဖက်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ချေမှုန်းနေသော ကာ့ဒ်တပ်ဖွဲ့တစ်ဖြစ်လဲ ဝိုင်ပီဂျီအား လက်နက်တပ်ဆင်ပေးမည်ဟူသည့် ဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်ရန် တူရကီက အမေရိကန်ပြည်ထောင်စုအား မေ ၁၀ ရက်က တိုက်တွန်းခဲ့သည်။

သို့သော်လည်း အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ပြီး ဆီးရီးယားနိုင်ငံ ရက်ကွာမြို့ကို ပြန်လည်သိမ်းပိုက်နိုင်ရေးအတွက် ကာ့ဒ်တပ်ဖွဲ့အား လက်နက်များ တပ်ဆင်ပေးရန် သမ္မတဒေါ်နယ်ထရန့်က ကာကွယ်ရေးဝန်ကြီးဌာနကို အမိန့်ပေးခဲ့ကြောင်း ပင်တဂွန်စစ်ဌာနချုပ်ပြောရေးဆိုခွင့်ရှိသူ ဒါနာဝှိုက်က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ သမ္မတတေရစ်အာဒိုဂန်အနေဖြင့် ပထမဆုံးခရီးစဉ်အဖြစ် ဝါရှင်တန် တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံမှုမပြုခင် တစ်ပတ်အလို အဆိုပါ လက်နက်တပ်ဆင်ပေးရေးသဘောတူညီချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ဝိုင်ပီဂျီဟုခေါ်ဆိုသည့် အဖွဲ့သည် ၁၉၈၄ ခုနှစ်ကတည်းက တူရကီအရှေ့တောင်ပိုင်း တွင် အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်နေသော တရားမဝင်ကြေညာ ထားသည့် ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)၏ ထပ်မံတိုးချဲ့အသွင်ပြောင်းထားသည့်အဖွဲ့တစ်ခုအဖြစ် တူရကီက ရှုမြင်ထားပြီး ၎င်းအဖွဲ့ကို အမေရိကန်ပြည်ထောင်စု၊ တူရကီနှင့် ဥရောပတို့က အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားကြောင်းသိရသည်။

ပီကေကေနှင့် ဝိုင်ပီဂျီဟု မည်သို့ပင်ခေါ်စေ ၎င်းတို့သည် အကြမ်းဖက်အုပ်စုများ ဖြစ်ကြောင်း၊ ၎င်းတို့အား လက်နက်များထောက်ပံ့ပေးခြင်းသည် တူရကီအတွက် အန္တရာယ်ပင်ဖြစ်ကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး မက်ဗ်လုခ် ကာဗိုဆိုဂလူက ပြောခဲ့သည်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စုက ဆီးရီးယားမြောက်ပိုင်းရှိ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများကို တိုက်ခိုက်ရာ၌ ဝိုင်ပီဂျီအဖွဲ့သည် အားကိုးရသော လက်တွဲဖော်ဖြစ်နိုင်ကြောင်း ပြောခဲ့သည်။ ဝိုင်ပီဂျီအဖွဲ့က အမေရိကန်၏ ဆုံးဖြတ်ချက်သည် အိုင်အက်စ်အကြမ်းဖက်အဖွဲ့များကိုတိုက်ထုတ်ရာ ပိုမိုမြန်ဆန်ထိရောက်စွာ တိုက်ထုတ်နိုင်မည့် သင့်တော်သောဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အာဒိုဂန်အနေဖြင့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ ဆုံးဖြတ်ချက်အပေါ် မည်သို့မျှမတတ်နိုင်သော်လည်း ဝိုင်ပီဂျီတပ်ဖွဲ့များကို ထောက်ပံ့နေသည့်အတွက် အမေရိကန်အား ဝေဖန်မှုများပြုလုပ်နေကြောင်းသိရသည်။

**(ရိုက်တာ၊ ဆင်ဟွာ)**



# ရေရှားပါးသည့်ဒေသများအတွက် ရေလှူဒါန်းရာတွင် အသုံးပြုရန် ရေသယ်ယာဉ်များလှူဒါန်း

**မန္တလေး မေ ၁၀**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီကာလရောက်သည့် အချိန်တိုင်း ရေရှားပါးမှုအခက်အခဲများနှင့် ကြုံတွေ့ရလေ့ရှိသောဒေသများရှိ ပရဟိတအဖွဲ့အစည်းအသီးသီးသို့ အချိန်နှင့်တစ်ပြေးညီ ပိုမိုကျယ်ပြန့်စွာ သောက်သုံးရေများ လှူဒါန်းနိုင်ရန်အတွက် ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်များ ပေးအပ်လှူဒါန်းလျက်ရှိရာ မေ ၉ ရက်က မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ စေတနာရှင် လူမှုကူညီရေးအသင်းသို့ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်တစ်စီးကို ပေးအပ်လှူဒါန်းခဲ့ပြီး ယနေ့အချိန်အထိ ရေသယ်ယာဉ်စုစုပေါင်း ၃၈ စီးကို ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအနှံ့ သောက်သုံးရေရှားပါးသော ဒေသများတွင် စက်ရေတွင်းများကို တူးဖော်လှူဒါန်းပေးလျက်ရှိရာ ယခု မြန်မာပြည်အလယ်ပိုင်း ဖန်ခါးမြေဟုခေါ်တွင်သည့် မြေလတ်ဒေသဖြစ်သော မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တွင် ဒုတိယမြောက်တွင်းအဖြစ် အစစမ်းကျေးရွာ၌ အင်္ဂလန်နိုင်ငံထုတ် DAN-DO အမျိုးအစား ရေတွင်းတူးစက်ကြီးဖြင့် ၁၅၄ တွင်းမြောက် စက်ရေတွင်းကို အနက်ပေ ၅၂၀ အရောက်တွင် တစ်နာရီ ရေဂါလန် ၃၆၀၀ ဖြင့် ရေအောင်ခဲ့ပြီး ဖြစ်သည်။

ဖောင်ဒေးရှင်းအနေဖြင့် မေ ၅ ရက်ကလည်း ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ ပိဋကတ်ဘုန်းတော်ကြီးကျောင်းတွင် အနက်ပေ ၄၀၀ အရောက် တစ်နာရီ ရေဂါလန် ၂၀၀၀နှုန်းဖြင့် ၁၅၃ တွင်းမြောက် ရေအောင်ခဲ့ပြီးဖြစ်သည်။ ထို့အတူ ဖောင်ဒေးရှင်းအနေဖြင့် တစ်ချိန်တည်းမှာပင် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ရှိ မေတ္တာရှင်ကုသိုလ်ဖြစ် အခမဲ့ဆေးရုံတွင်လည်း စက်ရေတွင်း တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**



မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ စေတနာရှင် လူမှုကူညီရေးအသင်းသို့ ရေဂါလန် ၃၀၀၀ ဆံ့ ရေသယ်ယာဉ်အသစ်တစ်စီးကို ပေးအပ်လှူဒါန်းစဉ်




# လေဘေးသင့်ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှု၍ ထောက်ပံ့ငွေပေးအပ်

**ရွှေကျင် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း မေ ၉ ရက် ညနေက မိုးအဆက်မပြတ်ရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းများကြောင့် ထိခိုက်ဆုံးရှုံးခဲ့သည့် ကျေးရွာများသို့ မေ ၁၀ ရက် နံနက် ၈ နာရီက မြို့နယ်သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့များက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပျဉ်းမပင်ရပ်ကွက် အရှေ့မဟာဗုဒ္ဓဘုရားကြီးစေတီတော်ဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများ၊ ကံဘေးအိုင်ကျေးရွာအုပ်စု ကျောက်လုံးကြီးကျေးရွာရှိ အမိုးလန်ပြိုကျနေအိမ် ငါးလုံး၊ ဝင်းခနိမ်ကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၊ ဝဲကြီးကျေးရွာနှင့် အလယ်ကျွန်းကျေးရွာတို့ရှိ သစ်ပင်ပိနေအိမ်နှစ်လုံး၊ တိုးချဲ့စာသင်ဆောင်နှစ်လုံးတို့တည်ရှိရာ ကျေးရွာများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော၊ မြို့နယ်သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့်အဖွဲ့ဝင်များသည် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်အတူ လေဘေးသင့်အိမ်ထောင်စုများထံ သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ ထို့နောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေနိုင်စေရေးအတွက် အဆိုပါအဖွဲ့က ကနဦးထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၄၂၅၀၀၀ ကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြို့နယ်များ၌ လေပြင်းတိုက်ခတ်၍ အဆောက်အအုံများ အမိုးလန်ပြိုကျပျက်စီး

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် မေ ၉ရက် ညနေ ၅နာရီက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းဆောင်နှင့် လူနေအိမ်အချို့ အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ပုလဲမြို့နယ် ကျေးနင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) သွပ်မိုး၊ နံရံကပ် တစ်ထပ်ကျောင်းဆောင်တွင် သွပ် ၇၂ ချပ် အမိုးလန်ပျက်စီးခြင်း၊ သေတ္တာရာကျေးရွာတွင် သွပ်မိုး၊ ပျဉ်ကာ လူနေအိမ်တစ်လုံးနှင့် သွပ်မိုး၊ ထရံကာလူနေအိမ် တစ်လုံး အမိုးလန်ပျက်စီးခြင်း၊ အိုင်ရောင်းကျေးရွာတွင် သွပ်မိုး၊ ထရံကာ လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

**ဂန့်ဂေါ**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်း၌ မေ ၉ရက် ညနေ ၅ နာရီခန့်က လေပြင်းတိုက်ခဲ့ရာ လက်ရှိကောက်ယူရရှိထားသော စာရင်းများအရ ဂန့်ဂေါ မြို့နယ် ဇာဟောရွာတွင် ၂၈ အိမ်၊ ကျွန်းဒတ်ရွာတွင် ၁၆ အိမ်နှင့် လာပို့ရွာတွင် ၁၂ အိမ်အမိုးလန်အိမ်ပြိုကျမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာအုပ်စု လက်ပံကုန်းကျေးရွာတွင် မေ ၉ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က မိုးသက်လေပြင်းနှင့်အတူ မိုးရွာသွန်းပြီး နေအိမ်ခြောက်လုံး အမိုးအကာများ ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းကြောင့် နေအိမ်ခြောက်လုံးမှ မိသားစုဝင်များအား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် မေ ၉ ရက် ည ၁၀ နာရီခွဲက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများလန်ခြင်း၊ ပြိုကျခြင်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မြင်းခြံမြို့နယ် သဲဖြူဝကျေးရွာတွင် နေအိမ်ခြောက်လုံး အမိုးလန်သွားခြင်း၊ အေးရွာကျေးရွာတွင် နေအိမ်ငါးလုံးပြိုကျပြီး နေအိမ်ငါးလုံး အမိုးလန်သွားခြင်း၊ အမှတ် ( ၁၂ ) ရပ်ကွက်တွင် နေအိမ်နှစ်လုံး အမိုးလန်သွားခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ )**

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် မေ ၉ ရက် ညနေ ၆ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အရှေ့ဘက် ခြောက်မိုင်ခန့်အကွာ ပဲမခမ်းကျေးရွာအုပ်စု သာယာကုန်းရွာတွင် နေအိမ်ခုနစ်လုံးနှင့် အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာ ပန်းတင်ကြီးကျေးရွာအုပ်စု ဝါးနက်ရုံရွာတွင် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း သွပ်မိုးများလန်၍ ပျက်စီးဆုံးရှုံးသွားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

**လေးမျက်နှာ**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်၌ မေ ၉ ရက် ညနေ ၆ နာရီခန့်က မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခဲ့ခြင်းကြောင့် လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုငါးခုမှ ကျေးရွာ ၁၀ ရွာတွင် လူနေအိမ် ၂၀၊ ဘုန်းတော်ကြီးကျောင်း ဆွမ်းချက်မီးဖိုဆောင်တစ်ခုနှင့် နွားတင်းကုပ်တစ်လုံးတို့တွင် အမိုးအကာများ လွင့်စဉ်ပျက်စီးခဲ့ပြီး မြို့ပေါ်ရှိ အော်တိုတယ်လီဖုန်းလိုင်းကြိုးကွန်ကရစ်တိုင်လေးတိုင် ကျိုးကျပျက်စီးခဲ့ကြောင်း သိရသည်။

တယ်လီဖုန်းလိုင်းကြိုးတိုင်များ ပျက်စီးခဲ့သဖြင့် အော်တိုတယ်လီဖုန်းဆက်သွယ်မှုများ ယာယီပြတ်တောက်ခဲ့သော်လည်း သက်ဆိုင်ရာက လေပြင်းတိုက်ခတ်ပြီးသည်နှင့် တစ်ပြိုင်နက် ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသဖြင့် ကြိုးဖုန်းဆက်သွယ်မှုများ ပြန်လည်အသုံးပြုနိုင်ခဲ့သည်။

**(မြို့နယ် ပြန် /ဆက်)**

**ဒလ**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် တာကြီးရပ်ကွက်၌ မေ ၉ ရက် မွန်းလွဲ ၂ နာရီခွဲက နေရာကွက်ကျား မိုးရွာသွန်းပြီး ရုတ်တရက် လေဆင်နှာမောင်း ကျရောက်သောကြောင့် နေအိမ်နှစ်လုံး ခေါင်မိုးလန်ပျက်စီးမှုဖြစ်ကာ တစ်မြို့နယ်လုံး လျှပ်စစ်ဓာတ်အားဖြတ်တောက်ခဲ့ရကြောင်း သိရသည်။

တာကြီးရပ်ကွက်၊ သဇင်လမ်း၊ လယ်ကွင်းပြင်စပ်၌ လေဆင်နှာမောင်းကျရောက်မှုကြောင့် ဒေါ်သဥ္ဇာထွန်း နေအိမ်တွင် အပေါ်ပိုင်း သွပ်ခေါင်မိုးတစ်ခုလုံး လေပွေနှင့်အတူ လွင့်ပါသွားပြီး ကျူထရံကာနှင့် အိမ်မှာယိမ်းယိုင်ပျက်စီးခဲ့ရသည်။

ထို့အတူ နံဘေးရှိ ဒေါ်စန်းကြည်နေအိမ်မှာလည်း ခနိအမိုးနှင့် ဘေးနံရံအကာများပျက်စီးခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

**သန်းဌေး(ဒလ)**



ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် လေပြင်းတိုက်ခတ်၍ စာသင်ကျောင်းဆောင် အမိုးလန်သွားစဉ်

# လှိုင်သာယာ (၈)ရပ်ကွက်အတွင်း ဓာတ်ဆီဆိုင်ဖွင့်ရန် တည်ဆောက်နေမှုအား ရပ်ကွက်ပြည်သူတို့က မီးဘေးအန္တရာယ်စိုးရိမ်၍ ကန့်ကွက်

ရန်ကုန် မေ ၁၀

**ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် တံတားဖြူမှတ်တိုင်အနီး အမှတ်(၈)ရပ်ကွက်အတွင်း ဓာတ်ဆီဆိုင်ကြီး တည်ဆောက်နေမှုအား ရပ်ကွက်ပြည်သူများက ကန့်ကွက်တားဆီးလျက်ရှိကြောင်း သိရသည်။**



လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်ပြည်သူများကန့်ကွက်ထားသည့် ဓာတ်ဆီဆိုင်ဆောက်လုပ်မည့်နေရာ၌ မြေတူးဖော်ဆောင်ရွက်ထားမှုကို တွေ့ရစဉ်

"၂၀၁၄ ကတည်းက ကန်တော်ရိပ် လက်ဖက်ရည်ဆိုင်မှာ ရပ်ကွက်က လမ်းသူလမ်းသားတွေကို ဓာတ်ဆီဆိုင် ဆောက်မယ့် တာဝန်ခံကခေါ်ပြီး တွေ့ဆုံညှိနှိုင်းသေးတယ်။ အားလုံးက လက်မခံဘူး။ ရပ်ကွက်ထဲမှာဖြစ်တဲ့အတွက် အားလုံးက ဓာတ်ဆီဆိုင်ဖြစ်လို့ ပေါက်ကွဲမှုဖြစ်ခဲ့ရင်၊ မီးဘေးအန္တရာယ်ဖြစ်ခဲ့ရင် ပြေးချိန်တောင်ရမှာ မဟုတ်လို့ လက်မခံခဲ့ဘူး။ ပြီးတော့ ရပ်ကွက်က သိထားတာက အဲ့ဒီမြေက ဥာနပိုင်မြေ (မြို့နယ်သမဝါယမ)ဆိုတာ သိကြတယ်။ ဘယ်လိုကြောင့် ဓာတ်ဆီဆိုင်ကို ခွင့်ပြုမှန်း မစဉ်းစားတတ်ကြဘူး" ဟု ဓာတ်ဆီဆိုင်နှင့်ကပ်လျက်ရှိသော ပဒေသာ (၁)လမ်း၌ နေထိုင်သူတစ်ဦးက ပြောသည်။

ဓာတ်ဆီဆိုင် တည်ဆောက်ရန် ရပ်ကွက်ပြည်သူများနှင့် သဘောတူညီမှုမရခြင်းကြောင့် ပထမအကြိမ် ရပ်နားခဲ့ကာ ယခုမေလတွင်ပြန်လည်တည်ဆောက်နေသောကြောင့် ရပ်ကွက်မှ ထပ်မံကန့်ကွက်ခဲ့ပြီး ဆီသိုလှောင်ကန်များ ဆက်လက်တူးဖော်နေသည့်အတွက် မေ ၅ ရက်က (၃၄)လမ်းရှိ MJN တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဓာတ်ဆီဆိုင်က ရပ်ကွက်နဲ့ကပ်နေပြီး လမ်းပဲခြားတာ၊ ရပ်ကွက်မှာဆီဆိုင်တည်တယ်ဆိုရင် အချိန်မရွေး အန္တရာယ်ကိုစိုးရိမ်နေရပြီ။ ပထမ စပြီးဆောက်တော့ ည ၁၂ နာရီမှာ မြေထိုးစက်တွေနဲ့ တူးနေလို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးကို ခေါ်ပြီး သွားပြောတော့ အခုလိုလုပ်ဆောင်ဖို့ခွင့်ပြုချက်ရှိလား မေးတော့ ဘာမှမရှိဘူးပြောတယ်။ ဒါနဲ့ ရပ်ကွက်က ရပ်ဖို့တောင်းဆိုလို့ ရပ်သွားတယ်။ နောက်ရက်မှာထပ်ပြီးလုပ်နေလို့ ရပ်ကွက်ထဲကလူတွေရောက်လာပြီး တစ်ဖက်နဲ့တစ်ဖက်ပဋိပက္ခဖြစ်မယ့်အခြေအနေဖြစ်လာလို့ ရဲကဖြေရှင်းပေးလို့ရပ်သွားတယ်။ အခုထပ်ပြီး ဆီသိုလှောင်ကန်တူးနေလို့ လွှတ်တော်အမတ်ကိုရပ်ကွက်ပြည်သူက တင်ပြတယ်။ရပ်ကွက်ပြည်သူကန့်ကွက်ထားတာကို ဆီဆိုင်ကလက်မခံဘူးဖြစ်နေတယ်။ပြည်သူဒုက္ခရောက်မယ့်အရေးကိုအလေးထားပြီး ဖြေရှင်းပေးစေချင်ပါတယ်"ဟု ပဒေသာ(၂)လမ်းမှ ဦးတင်ဌေးက ပြောသည်။

အဆိုပါဓာတ်ဆီဆိုင် တည်ဆောက်ရန် ဆီဆိုင်နှင့်ကပ်လျက်ရှိသော ပဒေသာပတ်လမ်းနှင့် ပဒေသာ(၁)လမ်းတွင် နေထိုင်သူများအား ဆီဆိုင်တာဝန်ခံက တစ်အိမ်လျှင် ငွေကျပ် ငါးသိန်းစီဖြင့် ရှစ်အိမ်ကို လက်မှတ်ထိုးခိုင်းခဲ့ကြောင်း သိရပြီး ရပ်ကွက်ဒုက္ခရောက်မည့်အရေးကို ထဲထဲဝင်ဝင် သိရှိလာသောကြောင့် လက်ခံထားသူအချို့က ပြန်ပေးရန် အသင့်ရှိနေကြောင်း သိရသည်။

"ဒီမှာ ဆီဆိုင်ဆောက်ဖို့ လက်မှတ်ထိုးပေးဖို့ ဒီတစ်အိမ်ပဲကျန်တော့တယ်လို့ပြောတယ်။ လက်မှတ်ထိုးသူတွေကိုကြည့်တော့ လူကိုးဦးတွေ့ရတယ်။ ကိုယ်တစ်ဦးတည်း ကျန်တဲ့အတွက် ထိုးပေးတော့ ငွေကျပ် ငါးသိန်းပေးတယ်။ သူတို့က ဘာမှအန္တရာယ်မရှိအောင် ဆောက်ပေးမယ်လို့ ပြောပေမယ့် ရပ်ကွက်ထဲက အန္တရာယ်ရှိတဲ့အကြောင်း တွေရှင်းပြလို့ ကိုယ်ယူလိုက်တာမှားသွားပြီဆိုတာသိလိုက်တယ်။ မသိလို့ ယူလိုက်တာ ပြန်ပေးဖို့အဆင်သင့်ပဲ"ဟု ပဒေသာ(၁)လမ်းတွင် နေထိုင်သူတစ်ဦးက ပြောသည်။

ရန်ကုန်-ညောင်တုန်းကားလမ်းအနီး အမှတ်(၈)ရပ်ကွက်၏ ပဒေသာပတ်လမ်းနှင့် ပဒေသာ(၁)လမ်း ကပ်လျက် ဓာတ်ဆီဆိုင်တည်ဆောက်ရန် လက်မှတ်ထိုး ငွေယူသူ ၁၀ ဦးရှိခဲ့ပြီး ငွေပြန်ပေးရန် အိမ်အချို့ အသင့်ရှိနေကြောင်း၊ ဆီဆိုင်တည်ဆောက်မှုအား လက်မခံသော အိမ်ကများခဲ့သော်လည်း ဆက်လက်တည်ဆောက်နေသောကြောင့် ရပ်ကွက်ပြည်သူတို့က မီးဘေးအန္တရာယ်စိုးရိမ်သည့်အတွက် ကန့်ကွက်နေခြင်းဖြစ်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးမှု အားနည်း၍ ခွင့်ပြုခဲ့သောကြောင့် အဆိုပါ ဆောက်လုပ်နေမှုကို အမှတ်(၈)ရပ်ကွက်ပြည်သူတို့ ကျေနပ်မှုမရှိဘဲ အဆင့်ဆင့်တင်ပြသွားမည်ဖြစ်ကာ ဆန္ဒထုတ်ဖော်ရန်လိုအပ်ပါက အများပြည်သူအန္တရာယ်ကင်းရှင်းရေးအတွက် ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၄)**

**ဓာတ်ပုံ- သစ္စာ**

## မိဘနှင့်စိတ်ဆိုးပြီးထွက်လာသော ၁၇ နှစ်အရွယ် အမျိုးသမီးငယ်အား မိဘထံပြန်လည်အပ်နှံ

**မန္တလေး မေ ၁၀**

မန္တလေးဘူတာကြီးအမှတ်(၁)စင်္ကြံပလက်ဖောင်းတွင် တွဲထိုးထားသော အမှတ်(၆) အစုန် မန္တလေး-ရန်ကုန် ရထားပေါ်တွင် မိဘနှင့်စိတ်ဆိုးပြီး နေအိမ်မှထွက်ခွာလာသူ ၁၇ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအား မေ ၉ ရက်ညနေ ၃နာရီခွဲက မိဘများထံပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

အိုးဘိုရပ် မြောက်ပြင် အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းဒေသကြီးနေသူ ဒေါ် ---- က ၎င်း၏သမီးဖြစ်သူ အသက် ၁၇နှစ်အရွယ် မ ---- သည် မိဘနှင့်စိတ်ဆိုးပြီး နေအိမ်မှ ထွက်သွားသဖြင့် မန္တလေးဘူတာကြီး၌ ကူညီရှာဖွေပေးရန် ရထားရဲတပ်ဖွဲ့ဝင်များအား လာရောက်အကြောင်းကြားခဲ့ရာ စခန်းမှူး ရဲအုပ်စိုးဦးက နယ်ထိန်းရဲ ဒုတပ်ကြပ် သန်းလှိုင်အား ဆက်သွယ်၍ မန္တလေးဘူတာကြီးအတွင်း၌ ရှာဖွေခဲ့စဉ် မန္တလေးဘူတာကြီးအမှတ်(၁) စင်္ကြံတွင် တွဲထိုးထားသော အမှတ် (၆) အစုန် မန္တလေး- ရန်ကုန် ရထားပေါ်သို့တက်ရောက်ရှာဖွေရာ ရိုးရိုးတန်းတွဲ ၉၊ ခုံအမှတ် ၅၉ တွင်ထိုင်နေသော မ ----- အားတွေ့ရှိ၍ ရထားရဲစခန်းသို့ခေါ်ဆောင်ခဲ့ပြီး မြန်မာ့မီးရထားလက်မှတ်သိမ်း ဦးထွန်းထွန်းမင်း၏ ရှေ့တွင် မိခင်ဖြစ်သူထံ ၎င်း၏သမီးဖြစ်သူအား အပ်နှံပေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်-မောင်မောင်စိုး(မြစ်ငယ်)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၀**




တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၉ ရက်တွင် မန္တလေး-မူဆယ်ပြည် ထောင်စုလမ်းမကြီးတစ်လျှောက် ကုန် သွယ်မှုယာဉ် ပို့ကုန် ၆၈၃ စီး၊ သွင်းကုန် ၄၆၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၉၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ပြီး ထူးခြားဖမ်းစီးမှုအနေဖြင့် မေ ၉ ရက်တွင် မြဝတီမှ ရန်ကုန်ဘက်သို့သွားရောက်မည့် Mitsubishi Pajero Station Wagon, Honda Airwave Station Wagon, Daihatsu Move နှင့် Toyota Platana Isis ယာဉ်များအား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ သန်းခန့်အား ဖမ်းဆီးခဲ့သည်။ **(သတင်းစဉ်)**

## နမ့်ဆန်မြို့နယ်တွင် ယာဉ်တိမ်းမှောက် သုံးဦးသေဆုံး

**ကျောက်မဲ မေ ၁၀**

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နယ် လေလုကျေးရွာအနီးတွင် မေ ၁၀ ရက် မွန်းလွဲပိုင်းက ခရီးသည်တင်ဆောင်လာသော ဖောကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ခရီးသည် ၁၃ ဦးတင်ဆောင်၍ နမ့်ဆန်ဘက်သို့မောင်းနှင်လာသော ဖောကားယာဉ်သည် နမ္မတူမြို့နှင့် နမ့်ဆန်မြို့အကြား ပန်လုံကျေးရွာအုပ်စု လေလုကျေးရွာအနီးတွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ၁၃ ဦးအနက် သုံးဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူငါးဦးကို မန်စံကျေးရွာမှ လူမှုကူညီရေးအဖွဲ့နှင့် လားရှိုးနှင့်သီပေါတို့မှ လူမှုကူညီရေးအသင်းများက ကူညီပေးကြောင်း၊ ယာဉ်မောင်းဖြစ်သူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ထင်းများသယ်ဆောင်လာသည့်ယာဉ် တိမ်းမှောက် ယာဉ်ပေါ်ပါလာသူ နှစ်ဦး သေဆုံး

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ဘန့်ဘွားအုပ်စု ရေနီတံတားချောင်း ခရိုင်ပတ်လမ်း မိုင်တိုင်အမှတ်(၁၇/၅)၌ မေ ၇ ရက် မွန်းလွဲပိုင်းက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကို ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မိုးဦး၊ စခန်းမှူး ဒုရဲမှူးတင်ဌေးနှင့် တပ်ဖွဲ့ဝင်များနှင့်တာဝန်ရှိ သူများ သွားရောက်စစ်ဆေးရာ ဦးတင်ဝင်း(၆၃နှစ်)နှင့် ဦးနီ(၇၃နှစ်)တို့မှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးလျက်တွေ့ရှိရသည်။

လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာနေ ဦးကျော်မိုးနိုင်က တောင်စဉ်အေးကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် အသုံးပြုရန် လှူဒါန်းထားသော 7F/---- လီဖန်းဖောကားယာဉ်အား တောင်စဉ်အေးကျေးရွာနေ ယာဉ်မောင်း ဇော်မျိုးလတ်(၃၆နှစ်)က ဘုန်းတော်ကြီးကျောင်းအတွက် ထင်းများသယ်ဆောင်လာပြီး ပျဉ်းမနားမြို့နယ် ဘန့်ဘွားအုပ်စု လက်ဖက်တောင်ရွာမှ မောင်းနှင်လာစဉ် လက်ဖက် တောင်နှင့် ဆိတ်ဖူးတောင်ရွာကြားလမ်းကွေ့၌ ယာဉ်မှာယာဘက်သို့ တိမ်းမှောက်ခဲ့ရာ ယာဉ်မောင်း ဇော်မျိုးလတ်နှင့် ယာဉ်ပေါ်ပါလာသူ ၂၁ဦး အနက် အခင်းဖြစ် နေရာ၌ နှစ်ဦးသေဆုံးပြီး ကျန် ၁၉ ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိသဖြင့် နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ယာဉ်မောင်းဖြစ်သူအား ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲရဲ(ပျဉ်းမနား)**

## မုံရွာသို့သင်တန်းလာတက်သူဆရာမထံမှ ရွှေဆွဲကြိုးခိုးယူသူများအား ဖမ်းမိ

**မုံရွာ မေ ၁၀**

မုံရွာပညာရေးကောလိပ် (TTC)သို့ အလယ်တန်းပြဆရာမသင်တန်းလာတက်သည့် ကျောင်းဆရာမ၏ ရွှေဆွဲကြိုး ခိုးယူသူ သုံးဦးနှင့်အတူ ခိုးရာပါ ပစ္စည်းလက်ခံဝယ်ယူပြီး မူလရွှေဆွဲကြိုးအနေအထားပျက်အောင် ဖျက်ဆီးသူ ရွှေဆိုင်ပိုင်ရှင်တို့ကို မုံရွာမြို့နယ်ရဲစခန်းမှတာဝန်ရှိသူများက နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာနေ မုံရွာမြို့ TTC ကျောင်းသို့ အလယ်တန်းပြသင်တန်းလာတက်သူ ကျောင်းဆရာမတစ်ဦးသည် မေ ၉ ရက် ညတွင်တည်းခိုရာ အမျိုးသမီးဆောင်၌ အိပ်နေစဉ် ဝတ်ထားသော ရွှေဆွဲကြိုးကို နံနက် ၂ နာရီခွဲခန့်တွင် ဖြုတ်ယူခိုးခံရကြောင်း မုံရွာနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။

မုံရွာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ် ဇော်မျိုးထွန်းနှင့် တပ်ဖွဲ့ဝင်များက ယင်းနေ့ညပိုင်း၌ပင် သန်းဇော်(ခ)ဘတိုင်း အပါအဝင် ဆက်စပ်ပြစ်မှုကျူးလွန်သူ လေးဦးကို ကာလတန်ဖိုးငွေကျပ်သိန်း ၂၀ ခန့်ရှိ သက်သေခံပစ္စည်း ရွှေဆွဲကြိုးနှစ်ကျပ်သားနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပျဉ်းမပင်ကျေးရွာအနီးရှိလမ်းကြားတွင် အမျိုးသားတစ်ဦးဒဏ်ရာများဖြင့် သေဆုံးနေမှုမှ ပြစ်မှုကျူးလွန်သူများအား နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပျဉ်းမပင်ကျေးရွာအုပ်စု နာရီစင်လမ်းကြားရှိ အုတ်တံတိုင်းဘေးတွင် မေ ၉ ရက် နံနက် ၇ နာရီခွဲခန့်က အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ထောက်ကြန့်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့် သွားရောက် စစ်ဆေးခဲ့ရာ သေဆုံးသူမှာ (၃၀နှစ်)ခန့် အမျိုးသားတစ်ဦးဖြစ်ပြီး ဦးခေါင်းဒဏ်ရာပေါက်ပြဲ ခန္ဓာကိုယ် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေ ရဲစခန်းကအမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူအား စုံစမ်းဆောင်ရွက်ခဲ့သည်။(သတင်းဖော်ပြပြီး)

အမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့မှ အခင်းဖြစ်ရပ်အား အသေးစိတ်စစ်ဆေးပြီး သေဆုံးသူအားစုံစမ်းဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်နေ ဆိုင်ကယ်ကယ်ရီဆွဲသည့် အလုပ်လုပ်ကိုင်သူ လင်းလင်းထွန်း (၂၀နှစ်)ဖြစ်ကြောင်း၊ သေဆုံးသူသည် အခင်းမဖြစ်မီ မေ ၈ ရက် ညနေ ၅ နာရီခန့်က မင်္ဂလာဒုံမြို့နယ် ပလရရပ်ကွက် ပြည်လမ်း ဝါယာလက်ဈေးရှိ လက်ဖက်ရည်ဆိုင်တွင် ၎င်းနှင့်တစ်ရပ်ကွက်တည်းနေ မသင်္ကာသူများဖြစ်သည့် ဇင်ဘိုအောင်(ခ)ချစ်မွှေး (ခ)ဆေးဆရာ၊ တင်မင်းလတ်(ခ)အာဝါး ဆိုသူတို့နှင့် အတူ လက်ဖက်ရည်အတူ သောက်ခဲ့ပြီး ည ၇ နာရီ မိနစ် ၅၀ ခန့်တွင် ၎င်းအမျိုးသားနှစ်ဦးနှင့်အတူ ဆိုင်ရှေ့ရှိ ယာဉ်အမှတ် 6J/---- ပရိုဘောက် အငှားယာဉ်ဖြင့် ထွက်ခွာသွားကြောင်း သတင်းအစရရှိခဲ့သဖြင့် ၎င်းအမျိုးသား နှစ်ဦးအား အမှုဖြင့် စစ်ဆေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ မေ ၉ ရက် ညနေ ၆ နာရီခွဲခန့်တွင် တင်မင်းလတ်(ခ) အာဝါးအား ပေါက်ကုန်းရပ်ကွက်အတွင်းမှ လည်းကောင်း၊ ဇင်ဘိုအောင်(ခ) ချစ်မွှေး(ခ) ဆေးဆရာအား ၎င်း၏ နေအိမ်မှလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



၎င်းတို့နှစ်ဦးအားစစ်ဆေးချက်အရ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ မျိုးဇော်ဦးက သမီးဖြစ်သူကိစ္စနှင့် ပတ်သက်၍ လင်းလင်းထွန်းနှင့် စကားပြောဆိုရန် ဇင်ဘိုအောင်အား ချိန်းဆိုခိုင်းသဖြင့် မေ ၈ ရက် ညနေပိုင်းတွင် လင်းလင်းထွန်းအား ဝါယာလက်ဈေးရှိ လက်ဖက်ရည်ဆိုင်သို့ခေါ်ဆောင်၍စကားပြောဆိုနေစဉ် အစ်ကိုဖြစ်သူ မျိုးဇော်ဦးနှင့် တင်မင်းလတ်(ခ)အာဝါးတို့ နှစ်ဦးက 6J/---- ပရိုဘောက်အငှားယာဉ်ဖြင့် ရောက်ရှိလာပြီး မင်္ဂလာကိစ္စပြောဆိုရန်အတွက် ထောက်ကြန့်ရှိ အဒေါ်အိမ်သို့သွားမည်ဟု ပြောဆိုခေါ်ဆောင်လာကာ Tiger ဘီယာစက်ရုံလမ်းကြားအတွင်းသို့မောင်းနှင်လာပြီး (၃/၄) ဖာလုံခန့် အရောက်တွင် ကားအားရပ်ကာ လင်းလင်းထွန်း၏ ပါးစပ်အားမျက်နှာသုတ်ပဝါဖြင့် ချည်နှောင်ပြီး လက်နှစ်ဖက်အား တိပ်ဖြင့်ပတ်၍ ချုပ်နှောင်ကာ တင်မင်းလတ်က သံပိုက်လုံးဖြင့် ရိုက်၊ မျိုးဇော်ဦးက အသင့်ပါလာသောဓားမြှောင်ဖြင့်ထိုးခဲ့ပြီး အခင်းဖြစ်နေရာ၌ ထားခဲ့ကာ ပြန်လာခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ယင်းသို့ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ ဇင်ဘိုအောင်(ခ)ချစ်မွှေး(ခ) ဆေးဆရာနှင့် တင်မင်းလတ်(ခ)အာဝါးတို့ နှစ်ဦးအားဖမ်းဆီးရမိခဲ့ပြီး အသုံးပြုခဲ့သည့် မော်တော်ယာဉ်ကို သိမ်းဆည်းရမိခဲ့ကာ **(အပေါ်ပုံ)** ကျန်ပြစ်မှုကျူးလွန်သူ မျိုးဇော်ဦးအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၀**

မူးယစ်တပ်ဖွဲ့စု (၃) မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၉ ရက်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု အောင်ရာကျေးရွာ အမှတ်(၉၅)နေ စိုးဝင်း၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၃ ကီလို ၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၉၀ လက်ကိုင်ဖုန်းတစ်လုံးနှင့် မြန်မာငွေ ၅၇ ဒသမ ၇ သိန်းတို့ကို သိမ်းဆည်းရမိသည်။ **(အောက်ပုံ)**

အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ချမ်းအေးသာစံမြို့နယ် အကွက်အမှတ် (၅၉၂)၊ ၂၈ × ၂၉လမ်း နှင့် ၈၂ × ၈၃ လမ်းကြား၊ မြောက်အိုးဘိုဗလီဝင်းအတွင်း တိုက်တန်းနေ အောင်ဆန်းထွေး၏ နေအိမ်ခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၆၉ ပြားကိုကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့အထွက် ၄ မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခွန်မင်းနောင် မောင်းနှင်လာသည့် MARK-II မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၃၂၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မေ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အာခါဈေးလမ်းနေ ဉာဏ်လင်း၏ နေအိမ်တိုက်ခန်းကိုရှာဖွေရာ အိုက် ၀ ဒသမ ၈၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆၀၀၀ တို့ကိုသိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်နေ နိုင်လင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၃၉၉ ပြားကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားသည်။ **(သတင်းစဉ်)**



# ငွေကျပ် ၁၆၂သိန်းကျော် လုယက်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်ရာက ဆိုင်ကယ်ခိုးမှုများ ထပ်မံဖော်ထုတ်နိုင်



ပြစ်မှုကျူးလွန်သူများဖြစ်သော ဝင်းကြိုင်၊ သန်းဌေး(ခ) သန်းထွန်းဦးနှင့် ဘိုဌေး

**နေပြည်တော် မေ ၁၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဝါးကြီးအိုင်ကျေးရွာရှိ ပက်စ်မြန်မာ ချေးငွေလုပ်ငန်းမှ ချေးငွေအရာရှိ ဦးဝင်းဘိုသည် စာရင်းစစ် မဟေမာလွင်အား တင်ဆောင်ပြီး မေ ၅ ရက် နံနက် ၁၁ နာရီခွဲတွင် ဝါးကြီးအိုင်ရွာမှ ငွေးချိုရွာဘက်သို့ ဆိုင်ကယ်ဖြင့် ထွက်လာစဉ် နတ်ရွာကျေးရွာလမ်းခွဲအရောက်၌ လမ်းဘေးချုံပုတ်အတွင်းမှ အမျိုးသားသုံးဦးက ဆိုင်ကယ်အားတားဆီးကာ ပက်စ်မြန်မာ ရုံးချေး ငွေကျပ် ၁၆၂ သိန်း၊ ကိုယ်ပိုင် ငွေကျပ် ၁၈၀၀၀၀၊ ဘဏ်စာအုပ်နှစ်အုပ်၊ ATM ကတ်တစ်ခု နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ ထည့်ထားသည့် ကျောပိုးအိတ်အား လုယူထွက်ပြေးခဲ့သည်။

၎င်းလုယက်မှုအား အရေးယူပေးရန် တိုင်တန်းခဲ့ရာ ဝါးကြီးအိုင်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ကာ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးအတွက် နယ်မြေအတွင်း လိုက်လံစုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်သော မြို့သစ်မြို့နယ် ငွေးချိုအနောက်ကျေးရွာနေ ဝင်းကြိုင်၊ သန်းဌေး(ခ)သန်းထွန်းဦးနှင့် ဘိုဌေးတို့ သုံးဦးအား ပြစ်မှုကျူးလွန်ပြီး ခြောက်နာရီအတွင်း လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ဓားနှစ်ချောင်း၊ ဆိုင်ကယ် နှစ်စီး၊ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဆက်လက် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ၎င်းတို့သုံးဦးသည် နေပြည်တော်-မြို့သစ် ကားလမ်းဘေးမှ ဆိုင်ကယ်သုံးစီး၊ တောင်တွင်းကြီးမြို့နယ်မှ ဆိုင်ကယ်ငါးစီးနှင့် နေပြည်တော်၊ လယ်ဝေး၊ ပျဉ်းမနားမြို့နယ်တို့မှ ဆိုင်ကယ်နှစ်စီး စုစုပေါင်းဆိုင်ကယ် ၁၀ စီးအား ခိုးယူ ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံဆိုင်ကယ်များ သိမ်းဆည်းပြီး ၎င်းတို့သုံးဦးအား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ထပ်မံအမှုဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**


## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၅-၂၀၁၇ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဦးစိုးလင်း ၁၃/နစန(နိုင်)၀၁၀၀၉၇အစား ဦးစိုင်းလင်း ၁၃/နစန(နိုင်)၀၁၀၀၉၇ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/1758 DAIHATSU HIJET S200p, p/u (4x2)R ယာဉ်လက်ဝယ်ရှိသူ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူမဟာအဖွဲ့ချုပ်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)(မန္တလေးမြို့)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ ဒုပြင်ကျေးရွာအုပ်စုနေ ဦးမောင်ဘသန်း-ဒေါ်သိန်းမြနုတို့၏ မွေးစားသမီး မမကြည်ဌေး ၁၁/ဘသတ(နိုင်)၀၃၀၅၅၁သည် မိဘတို့၏ ဆုံးမသွန်သင်မှုကို မနာခံသဖြင့် သမီးအဖြစ်မှစွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သော ပြဿနာများကို ဖြေရှင်းမပေးနိုင်ကြောင်းနှင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေအပ်ပါသည်။ **မိဘများ ဦးမောင်ဘသန်း-ဒေါ်သိန်းမြနု**

## စာအုပ်စာပေလူ့မိတ်ဆွေ

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ (UDS)၊ ပြည်တွင်းသုံးငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | MRTV (တပ်ကုန်း)ရှိ ရေဒီယိုထုတ်လွှင့်သည့် စက်ပစ္စည်းများအဆင့်မြှင့်တင်ခြင်းလုပ်ငန်း | (UDS) | 1Lot |
| (ခ) | Medium Wave 130 Meter Tower Base Insulator ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်း(ရေကူး) | (USD) | 1Lot |
| (ဂ) | 50 Watt DVB-T2 Transmitter & Accessories (ဆဒုံး၊ မအီ၊ မိုင်းယန်း၊ တမူး) | (ကျပ်) | 4Lots |
| (ဃ) | 150 Watt FM Radio Transmitter & Accessories (ပင်လည်ဘူး) | (ကျပ်) | 1 Lot |
| (င) | Video Camera & Accessories (Sony, PMW 300) | (ကျပ်) | 17 Sets |
| (စ) | High Voltage Transformer (5 MVA, 33/11KV) | (ကျပ်) | 1No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၅-၂၀၁၇ရက်မှ ၈-၆-၂၀၁၇ရက်ထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော် (တပ်ကုန်း)တွင်လာရောက် ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၇ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင်လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁**

## အမည်ပြောင်း

အထက(၂)၊ စစ်တွေ အဌမတန်းမှ (ဘ)ဦးမောင်ဘသိန်း၏သား မောင်စောဝေဖြိုးအား မောင်မဲအောင်ဟု ပြောင်းလဲခေါ်ပါရန်။

## Golden Well Management Consultants CO.,LTD

**Opportunities to build up Your Carrier, Your Dream, Your Future**
**Management Trainee Program**
**TO BEA PROFESSIONAL FINANCIAL BROKER**
**(Stock Broker/ Forex Broker)**

Opportunities:
- Attractive Income
- Advancement carrier promotions

Required Qualification:
- Male or Female with age between 20-40 years old
- Any Graduate/Plus Marketing or Financial Degree will be more advantage
- Must have Good Communication and Interpersonal Skills
- Must have Good Business Contact or Experienced in (Real Estate or any marketing experience) will be more preferable.
- Strong self-discipline and able to work independently
- Working days (Monday to Friday)
- Working hours (9:30 AM to 5:30 PM)

If you qualify the above requirements, kindly send your recent resume, to our HRD email. HRDeptm@goldenwellmc.com

Room 01-09, Union Business Center. Nat Mauk Road, Bo Cho Quarter, Bahan Township Tel:01-8603470, 09-257599556, 09-257599557

**(All applicants will be treated with the strictest confidence)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဖယ/၂၄၀၁၀ KENBO 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၉/မနမ(နိုင်)၀၂၁၂၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊(မန္တလေးမြို့)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေကွက်အမှတ်(၅/ညောင်ကုန်းကွက်) ဦးပိုင်အမှတ် (၂၂၈-၂၃၀/၁၉၂၅-၂၆)၊ဧရိယာ (၁၇ပေ×၇၀ပေ) အကျယ်အဝန်းရှိ(မြေပိုင်) မြေကွက်ဟုခေါ်တွင်သော အင်းစိန်မြို့နယ်၊ ကြို့ကုန်း(အနောက်)ရပ်ကွက်၊ ရွှက်လှလမ်း၊ အမှတ်(၄၄၉)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်မင်း ၁၂/အစန(နိုင်)၀၁၇၃၉၄က အစဉ်အဆက်အရပ် စာချုပ်ဖြင့် ပိုင်ဆိုင်ထားပြီး ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမိုးမင်းဆွေ(LL.B,D.B.L) (စဉ်-၂၈၆၄၁) ဒေါ်ခင်မာနွယ်(LL.B,D.B.L) (စဉ်-၃၁၀၇၀) ဦးအောင်မျိုးသူ(LL.B) (စဉ်-၄၆၅၄၅)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၃၆)၊ ၆-လွှာ(အေ)၊ မိုးမခလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၂၂၁၁၂၊ ၀၉-၄၃၁၆၇၂၉၆**

## အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၁)ရပ်ကွက်၊ လှာကမြင်လမ်း၊ အိမ်အမှတ်(၁/၀၈၁) နေ ကျွန်တော် ဦးမောင်ဝင်း PAN-၀၈၉၂၈၉နှင့် ကျွန်မ ဒေါ်ရဟီမာ(ခ)ဒေါ်ခင်အုန်းမြင့် PAN-၂၄၈၆၆၇ တို့၏သားဖြစ်သူ မောင်ဇော်ဇော်ထွန်း(ခ)ရှာဗိုဒင်သည် မိဘများအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်လုပ်ဆောင်ခဲ့သည့်အပြင် ကိုယ်ထိလက်ရောက် ပြုမူဆောင်ရွက်နေပါသဖြင့် ၈-၅-၂၀၁၇ ရက်မှစ၍ အပြီးအပိုင်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ဝင်းနှင့်ဒေါ်ရဟီမာ(ခ)ဒေါ်ခင်အုန်းမြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစောဝင်းဌေးမြင့် (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၇၃၁၆) အခန်း(၆)၊ အမှတ်(၂)၊ မဲဘောင်ဈေး၊ လှာကမြင်ကျေးရွာအုပ်စု၊ဘားအံမြို့နယ်၊**

**ဦးမောင်ပု(တရားလွှတ်တော်ရှေ့နေ) စဉ်-၅၇၉၄ အိမ်အမှတ်(၄/၇၉၀)၊ တိုးချဲ့သာယာကုန်း(၂)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်၊ ဖုန်း-၀၉-၄၉၇၇၂၃၉၅**

## ကလေးငယ်များ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကလေးစာဖတ်ဝိုင်းများ ဆောင်ရွက်



**ငါ့သရောက် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးမိုးဦးဆောင်သည့် ဝန်ထမ်းများ အဖွဲ့သည်မေ ၉ ရက်က ငါ့သရောက်မြို့နယ် တောပြာကျေးရွာ ဆင်ဖြူဆိပ် (မြောက်) ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ယဉ်ကျေးလိမ္မာ သင်တန်းကျောင်းသို့ သွားရောက်ပြီး ကလေးငယ်များ ကျောင်းစာအပြင် စာဖတ်ခြင်းဖြင့် ပြင်ပဗဟုသုတ ကြွယ်ဝလာစေရန်၊ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိပြီး စာဖတ်သည့် အလေ့အကျင့်ကောင်း များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကလေးငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရေးအတွက် ကလေးစာဖတ်ဝိုင်း ကွင်းဆင်းဆောင်ရွက်ပြီး စာအုပ်များ အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ ဦးစီးမှူး ဒေါ်အေးအေးမိုးက ကလေးငယ်များအား စာဖတ်ခြင်းမှ ရရှိသည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးပြောကြားခဲ့ပြီး ဝန်ထမ်းများက ကလေးငယ်များ စာပေလေ့လာဖတ်ရှုရန်အတွက် ကလေးဖတ်စာအုပ်၊ စာစောင်များ၊ ဂျာနယ်မျိုးစုံ၊ ကာတွန်း၊ ရုပ်ပြစာအုပ် ၃၅၀ အုပ်ခန့်ကို အခမဲ့ ငှားရမ်းပေးခဲ့သည်။

အဆိုပါ ကလေးစာဖတ်ဝိုင်းသို့ ဆင်ဖြူဆိပ် (မြောက်)ဘုန်းတော်ကြီးကျောင်းမှ ယဉ်ကျေးလိမ္မာ သင်တန်းသား ဦးရေ ၃၀၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၄ ခုနှစ် ပခုက္ကူစာပေဆု၊ သုတေသနစာပေ၊ ဒုတိယဆု ဦးထွန်းညို (ရန္တပို)ရေးသားသည့် “စုစည်းရှာဖွေမန်လည်ဂန္ထဝင်စာပေ”စာအုပ်ကို စာအုပ်အသင်း၏ ၁၄၃ အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့် လည်းကောင်း၊ စာတိုက်မှ တစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ နှင့် ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ



**မြိတ် မေ ၁၀**

မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးကျင်းပသည့် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိမ် (၂၀)မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြစ်ငယ်ရပ်ကွက် ပုလဲလမ်းရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပညာရတနာခန်းမ၌ မေ ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ မြိတ်မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများနှင့် ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ လေးဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ကိုးဦး၊ အထက်တန်းအဆင့် ပိုစတာပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကျောင်းသား တစ်ဦးတို့က လူသားတို့ ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ် ဆန့်ကျင်စို့၊ မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုးစီးပွားတိုး၊ အားကစားဖြင့် မျိုးဂုဏ်မြင့်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့၊ သက်ရှည်ကျန်းမာလူသားကမ္ဘာ ပြိုင်တူ ဆောင်ရွက်တိုင်းပြည်အတွက် ဦးစွာနားထောင်ပါ စသည့်ခေါင်းစဉ်များဖြင့် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း ယခုနှစ်ဘတ်ဂျက်တွင် ငွေ ၄၀ ဘီလီယံခန့် သုံးစွဲဆောင်ရွက်မည်

**မန္တလေး မေ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကဏ္ဍအတွက် ယခုနှစ် ဘတ်ဂျက်တွင် ငွေကျပ် ၄၀ ဘီလီယံခန့် သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် JICA ချေးငွေ၊ World Bank Program အစီအစဉ်များ အပါအဝင် ငွေပေါင်း ၂၇ ဒသမ ၈၆ ဘီလီယံသုံးစွဲမည်ဖြစ်ပြီး တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှ ၆ ဒသမ ၄ ဘီလီယံနှင့် Development ဘတ်ဂျက်မှ ၃ ဒသမ ၉၂ ဘီလီယံ စုစုပေါင်း ငွေကျပ် ၃၈ ဒသမ ၁၈ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အင်ဂျင်နီယာ (စီမံရေးရာဌာန)မှ အထွေထွေမန်နေဂျာ (အင်/ယာ) ဦးစိုးမင်းထွန်းက ပြောသည်။

“မနှစ်ကလိုပဲ လျှပ်စစ်ကဏ္ဍမှာ ဘီလီယံ ၄၀ လောက် ရင်းနှီးမြှုပ်နှံသွားပါမယ်။ တိုင်းဒေသကြီး အစိုးရဘတ်ဂျက်နဲ့လည်း ကျေးရွာမီးလင်းရေးလုပ်ငန်းတွေကို အဓိကထား ဆောင်ရွက်နေပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယမန်နှစ် ၂၀၁၆-၂၀၁၇ ဘတ်ဂျက်တွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ကဏ္ဍအတွက် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ သုံးရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံ ၇ ရုံနှင့် ၆၆ ကေဗွီလိုင်း မိုင်ပေါင်း မိုင် ၂၁၊ ၃၃ ကေဗွီလိုင်းမိုင်ပေါင်း ၁၁၀ နှင့် ၁၁ ကေဗွီလိုင်းမိုင်ပေါင်း ၂ ဒသမ ၇ မိုင် စသည်ဖြင့် ငွေကျပ် ၁၂ ဘီလီယံခန့် သုံးစွဲခဲ့ပြီး ADB ချေးငွေဖြင့် ၁၈ ဒသမ ၄ ဘီလီယံ၊ ကျေးရွာမီးလင်းရေးလုပ်ငန်းအတွက် တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်ဖြင့် ၇ ဒသမ ၁ ဘီလီယံနှင့် Development ဘတ်ဂျက်မှလည်း ၁ ဒသမ ၇ ဘီလီယံ သုံးစွဲဆောင်ရွက်ခဲ့သဖြင့် ယမန်နှစ်က စုစုပေါင်း ၃၉ ဒသမ ၂ ဘီလီယံ သုံးစွဲခဲ့ကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီးအစိုးရဘတ်ဂျက်ဖြင့်လည်း နှစ်စဉ် ရွာပေါင်း ၂၀၀ ကျော်အား မီးလင်းရေးအတွက် ဆောင်ရွက်ခဲ့ရာ ရွာပေါင်း ၄၇၀၀ အနက် ရွာပေါင်း ၁၇၀၀ ကျော်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယခုနှစ်မှစ၍ သုံးနှစ်အတွင်း ၃၉၃ ရွာကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် World Bank ချေးငွေအစီအစဉ်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## လူစုလူဝေးစနစ်တကျ ထိန်းသိမ်းခြင်း သင်တန်းဆင်း

**မော်လမြိုင် မေ ၁၀**

မွန်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော လူစုလူဝေးစနစ်တကျ ထိန်းသိမ်းခြင်း (ဆင့်ပွား) အမှတ် စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို မေလပထမပတ်က မော်လမြိုင် ကျွဲခြံကုန်းရပ်ကွက် ရဲအကူတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းသား အရာရှိအဆင့်နှင့် အခြားအဆင့် စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

## သောက်သုံးရေ လှူဒါန်း

**ဒီမောဆို မေ ၁၀**

ကယားပြည်နယ်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၈ ရက် နံနက် ၁၁ နာရီခွဲက လွိုင်ကော်ခရိုင် ဒီမောဆို မြို့နယ် ထီးဖိုးကလိုးကျေးရွာအုပ်စု ဒေါလော်ခူကျေးရွာသို့ သောက်သုံးရေ ဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာ တွင် အိမ်ခြေ ၃၈ အိမ်၊ လူဦးရေ ၁၆၃ ဦးရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မျက်စိဝေဒနာရှင် ပြည်သူများအား အခမဲ့ကွင်းဆင်းစမ်းသပ်ခွဲစိတ်ကုသပေး

**လပွတ္တာ မေ ၁၀**

ကျန်းမာရေးဝန်ကြီးဌာန၏ ပူးပေါင်းပါဝင်ကူညီမှု ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုကြီးကြပ်မှုတို့ဖြင့် GRAND ROYAL GROUP မှ လှူဒါန်းသော လပွတ္တာခရိုင် လပွတ္တာမြို့နယ် ရာပြည့်အထိမ်းအမှတ် အကြိုမျက်စိဝေဒနာရှင်များအား စက္ခုအလင်းဒါနပြု စမ်းသပ်ခွဲစိတ်ကုသပေးခြင်း အစီအစဉ်ကို မြို့နယ် ရဲတံခွန်အားကစားခန်းမ၌ မေ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လပွတ္တာမြို့နယ်အတွင်းရှိ ရဟန်းရှင်လူပြည်သူများအား မျက်စိဝေဒနာများ ပျောက်ကင်းချမ်းသာရန်နှင့် အမြင်အာရုံကြည်လင်ကောင်းမွန်စွာ ရရှိခံစားနိုင်ကြစေရေးအတွက် မျက်စိစမ်းသပ်ခွဲစိတ်ကုသခြင်းလုပ်ငန်းကို ခရိုင်အုပ်ချုပ်ရေးမှူးဦးကောင်းမြတ်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းကျော်၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## အမျိုးသမီးအိမ်တွင်းမှု သင်တန်းဖွင့်ပွဲကျင်းပ

**လဟယ် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ အမျိုးသမီးအိမ်တွင်းမှုအဆင့်မြင့်စက်ချုပ်သင်တန်း၊ အခြေခံအိမ်တွင်းမှုသင်တန်းနှင့် ရိုးရာဂျပ်ခုတ်သင်တန်းဖွင့်ပွဲကို မေ ၈ ရက်က အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊ နာဂဒေသဦးစီးအဖွဲ့အတွင်းရေးမှူး ဦးဉက္ကာ၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြဆရာမများနှင့် သင်တန်းဆင်း သင်တန်းသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဦးစီးအဖွဲ့ဥက္ကဋ္ဌက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ယခင်က သင်တန်းဆင်းဦးရေ ၁၀၁၄ ဦးထိ ရှိခဲ့ပြီး အဆိုပါပညာရပ်ဖြင့် လုပ်ကိုင်စားသောသူဦးရေ ၂၃၁ ဦး၊ ရန်ကုန်အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်သူဦးရေ ၃၅ ဦးရှိခဲ့သည်။ ယခုအမျိုးသမီးအိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင် သင်တန်းတွင် သင်တန်းသူခြောက်ဦး၊ အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၁၆ ဦးနှင့် ရိုးရာဂျပ်ခုတ် သင်တန်းတွင် သင်တန်းသူ ငါးဦးတက်ရောက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပါဝင်ဆင်နွှဲ Myanmar Forest Products Exhibition 2017 ပြပွဲ

## ကိုငယ်(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံပထဝီအနေအထားအရ တောင်တန်း၊ တောင်စွယ်၊ ချိုင့်ဝှမ်း၊ မြေပြန့်၊ လွင်ပြင်များမှာ ကြီးမားကျယ်ပြန့်ပြီး မြစ်ချောင်း၊ အင်းအိုင် ချောက်ကမ်းပါးများ ထူထပ်သည်။ ထိုမြေသဘာဝပေါ်တွင် တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်မှုမှာလည်း အနည်းအများ ကွာဟချက်ကြီးမားသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ လူမျိုးများစုစည်းနေထိုင်မှုနှင့် အသက်မွေးဝမ်းကျောင်းပြုမှု အနေအထားများအရ ဖွံ့ဖြိုးတိုးတက်မှုမျှတမှုရှိအောင် ပြုလုပ်နိုင်ရန်မှာ လွယ်ကူသော အနေအထားမရှိချေ။ တစ်ဖက်တွင်လည်း ကိုလိုနီနယ်ချဲ့စနစ်၏ သွေးခွဲအုပ်ချုပ်မှု၊ ဆိုးမွေများနှင့် စိတ်ဝမ်းကွဲမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေသည်မှာလည်း အမှန်ဖြစ်သည်။ မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်မတူ ရေမြေသဘာဝအထူးကောင်းမွန်သော နိုင်ငံဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ ရေမြေသဘာဝအခြေအနေကောင်းများမရှိလျှင် အတတ်ပညာနှင့် နည်းပညာများကို အသုံးချကာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ပြီး ရေမြေသဘာဝအခြေအနေကောင်းများရှိလျှင် အတတ်ပညာနှင့် နည်းပညာများ ပေါင်းစပ်ကာ အကောင်အထည်ဖော်တည်ဆောက်ပါက အတိုင်းထက်အလွန် သာလွန်တိုးတက်ကောင်းမွန်လာမည်မှာ အမှန်ပင်ဖြစ်သည်။

ကမ္ဘာကြီးတွင် ရာသီဥတုပြောင်းလဲခြင်း (Climate Change) ဖြစ်ပေါ်နေသည်။ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ် ရာသီဥတုဆိုင်ရာ အန္တရာယ်ရှိအညွှန်းကိန်းအရ ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်များအား မြန်မာနိုင်ငံအနေဖြင့် ဒုတိယအမြင့်ဆုံးခံစားရသည့် နိုင်ငံဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားသည်။ ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးဆက်ကို မြန်မာနိုင်ငံတွင် ယမန်နှစ်များက လက်တွေ့ကျကျတွေ့ကြုံခံစားခဲ့ကြရပြီးဖြစ်သည်။ နေ့အပူချိန်မြင့်မားလာခြင်း၊ မုတ်သုံရာသီဥတုတိုတောင်းလာပြီး မိုးခေါင်ခြင်း၊ မိုးများခြင်း၊ ရေကြီးခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ ကောက်ပဲသီးနှံများအထွက်နှုန်းကျဆင်းခြင်းစသည့် အကျိုးဆက်များကို ဆက်တိုက်ကြုံတွေ့လာသည်။ ရာသီဥတုပြောင်းလဲခြင်းကို ပြည်သူအများစုအနေဖြင့် မိုးများခြင်းထက် အပူချိန်တိုးခြင်းကိုပိုမိုခံစား အသိအမှတ်ပြုကြသည်။ အေးခြင်းထက် ပူခြင်းက ပိုမိုထိလွယ်ရှလွယ် ခံစားရသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းမှာလည်း အပူချိန်တိုးခြင်းကို အခြေခံကာ ဖြစ်ပေါ်လာသည်။ အပူလွန်ကဲလာလျှင် သဘာဝပတ်ဝန်းကျင် လျင်မြန်စွာပျက်စီးနိုင်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကို မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်သော်လည်း ပိုမိုသက်သာစွာ ခံစားနိုင်ရန် လူတို့ကပင် ပြောင်းလဲကြိုးပမ်း စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။ အထူးသဖြင့် လူမှုဘဝဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်သော အစီအမံများကို ကြိုတင်ဆောင်ရွက်ကြပြီး မိမိတို့ပတ်ဝန်းကျင်မပျက်ယွင်းစေရေးကို အသိတရားရှိရှိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ အကျယ်အဝန်းစတုရန်းမိုင်ပေါင်း ၂၆၁၂၂၈ မိုင်ရှိသည့်အနက် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က နိုင်ငံဧရိယာတစ်ဝက်ကျော် (၅၄ ဒသမ ၁၅ ရာခိုင်နှုန်း) သစ်တောကြီးများ ဖုံးလွှမ်းခဲ့သည်။ ၎င်းသစ်တောကြီးများတွင် စတုရန်းမိုင် ၃၄၇၉၉ မှာကြိုးဝိုင်းတောများဖြစ်ပြီး စတုရန်းမိုင် တစ်သိန်းကျော်မှာ ကြိုးပြင်တောများဖြစ်သည်။ ထို့နောက် ပြီးခဲ့သည့်နှစ် ၂၀ ခန့်တွင် ကြိုးဝိုင်းတောများမှာ တိုးတက်လာပြီး ကြိုးပြင်တောများမှာ တစ်ဝက်နီးပါးလျော့နည်းသွားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဆင့်ရောက်နေသည်။ သစ်တောများပြုန်းတီးမှု၏ ဆိုးကျိုး၊ သစ်တောများ ဖြစ်ထွန်းမှု၏ကောင်းကျိုးကို လူအများ သိရှိနားလည်ကြသော်လည်း အသိတရားနှင့် လောဘတို့ကြောင့် ဆက်လက်လျော့နည်းနေခြင်း ဖြစ်သည်။ သစ်တော၊ သစ်ပင်များဟူသည်မှာ နိုင်ငံအကျယ်အဝန်းအလိုက် ကြီးမားကျယ်ပြန့်သဖြင့် သစ်တောဝန်ထမ်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန်မှာ မလွယ်ကူချေ။

သစ်တစ်ပင်၏ တန်ဖိုးမှာ ကြီးမားလှသည်။ သစ်ပင်မှ ဖြစ်သော အကျိုးမှာ များလှသည်။ သစ်ပင်တစ်ပင် ဖြစ်လာရန် နှစ်ရှည်လများစောင့်စားရသဖြင့် သစ်ပင်တစ်ပင်ကို အလွယ်တကူ မခုတ်လှဲမိဖို့ လိုမည်။ သစ်ပင်နှင့်ပတ်သက်၍

**မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုသည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးအဆင့်ရောက်နေသည်။ သစ်တောများပြုန်းတီးမှု၏ ဆိုးကျိုး၊ သစ်တောများ ဖြစ်ထွန်းမှု၏ ကောင်းကျိုးကို လူအများ သိရှိနားလည်ကြသော်လည်း အသိတရားနှင့် လောဘတို့ကြောင့် ဆက်လက်လျော့နည်းနေခြင်း ဖြစ်သည်။ သစ်တော၊ သစ်ပင်များဟူသည်မှာ နိုင်ငံအကျယ်အဝန်းအလိုက် ကြီးမားကျယ်ပြန့်သဖြင့် သစ်တောဝန်ထမ်းများနှင့် ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရန်မှာ မလွယ်ကူ**

အကြောင်းကိစ္စ တစ်ရပ်ရှိလာလျှင် ထိုသစ်ပင်အား ဖြစ်နိုင်သမျှ မခုတ်လှဲနိုင်သည့် နည်းလမ်းတစ်ရပ်ကို ရှာဖွေသင့်သည်။ အထူးသဖြင့် လမ်းဖောက်လုပ်ရေး၊ မြို့ပြလုပ်ငန်းထူထောင်ရေးတွင် သစ်ပင်၏အကျိုးကျေးဇူးကိုမကြည့်ဘဲ မိမိတို့၏ အကျိုးစီးပွားကိုသာ ကြည့်ရှုဆောင်ရွက်မှုများမှာ စိတ်မကောင်းစရာပင်။ ဆိုင်ရာလုပ်ငန်းတစ်ခုတည်းက ဆောင်ရွက်ခြင်းမပြုဘဲ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သင့်သည်။ မည်သို့ပင်ဖြစ်စေ သစ်ပင်ကို ချစ်ကြဖို့၊ သစ်ပင်ကို မြတ်နိုးကြဖို့ လိုပေပြီ။ သစ်ပင်ကို မချစ်လျှင် ကမ္ဘာလောကကြီးကလည်း မိမိတို့ကို ချစ်လိမ့်မည်မဟုတ်ချေ။ သစ်ပင်ကျိန်စာဟုတင်စားရမည့် လူသားများအပေါ် ကျရောက်လာမည့် ဘေးဆိုးများနှင့် ကင်းဝေးအောင် အားလုံးပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

Myanmar Forest Products Exhibition 2017 ပြပွဲကြီးကို မေ ၁၁ ရက်မှ ၁၄ ရက်အထိ တပ်မတော်ခန်းမ၌ လေးရက်တိုင်တိုင် ကျင်းပမည်ဟု သိရပါသည်။ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်မှ ဦးဆောင်ကျင်းပမည့် Myanmar Forest Products Exhibition 2017 ပြပွဲကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို MFPMF အစည်းအဝေးခန်းမ၌ မတ် ၂၁ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။ အစည်းအဝေးတွင် Myanmar Forest Products Exhibition 2017 ပြပွဲကျင်းပရေး ဦးဆောင်ကော်မတီနှင့် ပြခန်းအလိုက် ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းနိုင်ရေး ဆွေးနွေးကာ ပြပွဲကျင်းပနိုင်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌအဖြစ် ဦးသိန်းဝင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးကျော်ကျော်ဝင်း၊ ဦးကျော်သူ၊ ဦးသိန်းချိုတို့အား ရွေးချယ်ခဲ့ပြီး အတွင်းရေးမှူးအဖြစ် ဦးစိုးဝင်းနှင့်ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ “စံနမူနာထားလောက်တဲ့ အရည်အသွေးတွေကိုပဲပြတဲ့ ပွဲဖြစ်တယ်”ဟု မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဒေါက်တာစိန်ဝင်းက ပြောသည်။ အဆိုပါပြပွဲတွင် သစ်တောစိုက်ခင်းထူထောင်သူများပြခန်း၊ သစ်တောရေးရာပြခန်း၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းချုပ်၏ပြခန်း၊ မြန်မာ့သစ်လုပ်ငန်း၏ပြခန်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများပြခန်း၊ သစ်အခြေခံတန်ဖိုးမြင့် ပစ္စည်းထုတ်လုပ်သူများပြခန်း၊ ကြိမ်လုပ်ငန်းရှင်များ အသင်းပြခန်း၊ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များပြခန်း၊ ဝါးလုပ်ငန်းရှင်များ အသင်းပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ အခြားသစ်တောထွက်ပစ္စည်းလုပ်ငန်းများပြခန်း စသည်တို့ပါဝင်မည်ဖြစ်သည်။

“သစ်တောထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်းအနေနဲ့ကလည်း သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုနည်းပါးလာသည်ထက် နည်းပါးအောင်၊ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှု မြင့်မားသထက်မြင့်မားအောင် သက်ဆိုင်ရာဌာနတွေနဲ့ အတူတကွပူးပေါင်းပြီး အသင်းအနေနဲ့ ဘာတွေများ စီစဉ် ဆောင်ရွက်လုပ်ကိုင်နေတယ်ဆိုတာကို ပြည်သူလူထုအများစုမသိနိုင်ဘူး။ အဲဒီတော့သိနိုင်အောင် ပြည်သူလူထုအားလုံးကို ဒီလိုပြပွဲ ဖွင့်လှစ်ပြီးတော့ ပြသလိုက်ခြင်းအားဖြင့် ပြည်သူလူထုအနေနဲ့ရော၊ နိုင်ငံတော် အဆင့်တွေအနေနဲ့ပါ ဒီဌာနအနေနဲ့ ဒီအသင်းအနေနဲ့ လုပ်ကိုင်ဆောင်ရွက်နေမှုကို သိရှိနိုင်ပါတယ်။ ဒါဟာ ရည်ရွယ်ချက်တစ်ခုဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ဒီသဘာဝပတ်ဝန်းကျင်နဲ့ သစ်ပင်တွေကို လူတွေ ချစ်တတ်ခင်တတ်လာအောင်ဆိုတဲ့အရာကို အသိပညာပေးချင်တာပေ့ါ။ အဓိကအပိုင်း ကတော့ နောက်တစ်ခါလည်း ဒီလိုသစ်ပင်တွေ ဒီသစ်တွေကို သုံးစွဲတဲ့နေရာမှာလည်း တကယ်အသုံးဝင်တာမျိုး ဖြစ်စေချင်ပါတယ်။ တစ်ခုရှိ တာက ကျွန်တော်တို့ ပြင်ပကနေမှာပြီး သုံးတဲ့အခါ ကျွန်တော်တို့က တခြားနိုင်ငံတွေကို ဒေါ်လာတွေပေးပြီး ဝယ်ရတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ပစ္စည်းတွေ သုံးခြင်းအားဖြင့် ပြည်ပထွက်မယ့်သူတွေ မထွက်တော့ဘဲ ထိန်းကျောင်းရာ ရောက်တယ်။ ဒါပေမယ့်လည်း ပြည်တွင်းမှာရှိနေတဲ့ပစ္စည်းတွေအားလုံးက အကောင်းပကတိရှိနေရင် အဲ့ဒီအကောင်းပကတိတွေကို ကျွန်တော်တို့က မသုံးဘဲနဲ့ Waste တွေ၊ အခြားအသားတွေ ဥပမာ- တခြား LKS လို့ ခေါ်တဲ့ Lesser Knows Species ဒီလိုသစ်မျိုးတွေ ဘယ်လောက်အတိုင်းအတာအထိ သုံးစွဲသင့်လဲ ဆိုတဲ့အကြောင်း လုပ်ငန်းရှင်တွေကိုလည်း အသိပညာပေးချင်တယ်။ ဒီသစ်တွေကို သုံးစွဲတဲ့အခါမှာလည်း နှစ်ပေါင်း ၁၅ နှစ်၊ အနှစ် ၂၀ ဘာမှမဖြစ်ဘူး။ ဒီကနေ့အထိ ကြံ့ခိုင်နေတယ်။ ဒါကြောင့်မို့အားလုံးသုံးစွဲကြပါ။ အဖိုးတန်ရတနာတွေဖြစ်တဲ့ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် ဒါတွေကို နောက်မျိုးဆက်တွေအတွက် ထားပေးကြဖို့ ဒီလိုအသိပညာတွေပေးချင်တဲ့ စိတ်ဆန္ဒနဲ့ ဒီပြပွဲ ကို ပြသခြင်းဖြစ်ပါတယ်”ဟု အသင်းချုပ်နာယက ဦးသိန်းဝင်း က ရှင်းလင်းပြသည်ကိုလည်း ကြားလိုက်ရပါသည်။

“ပွဲစီစဉ်ထားမှုအခြေအနေအရ ပြသမယ့်ရက်ကတော့ မေ (၁၁၊ ၁၂၊ ၁၃၊ ၁၄)ဖြစ်ပါတယ်။ ပြသမယ့်နေရာကတော့ တပ်မတော်ခန်းမမှာ ဖြစ်ပါတယ်။ ပြသတဲ့အခါမှာလည်း အဖွဲ့ချုပ်ရဲ့ ပြခန်းတွေရှိပါမယ်။ အခန်းနံပါတ်(၁)ဟာဆိုရင် သစ်တောစိုက်ခင်းများ ပြခန်း၊ အခန်း(၂)က သစ်တောဦးစီးဌာနပြခန်း၊ သစ်တောရေးရာပြခန်း၊ အခန်း(၃)အလယ်ကခန်းမကြီးကတော့ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းရဲ့ အသိပညာပေးပြခန်း၊ မြန်မာ့သစ်လုပ်ငန်းပြခန်း၊ CSO, NGO သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်းမှာ စွမ်းစွမ်းတမံ ဆောင်ရွက်နေကြတဲ့ NGO,CSO တွေရဲ့ လှုပ်ရှားဆောင်ရွက်မှု၊ သစ်အခြေခံပရိဘောဂလုပ်ငန်းပြခန်းနှင့် နောက်တစ်ခုက ပြည်ပကိုတင်ပို့နေတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းတွေဖြစ်တဲ့ ပါကေးတွေ Furniture တွေ၊ Finger Drive တွေ၊ table-top တွေ၊ နောက်သစ်ပါးလွှာတွေ နိုင်ငံခြားကို ဈေးနှုန်းမြင့်မြင့်နဲ့ တင်ပို့နေနိုင်တဲ့ အတန်းအစားတွေ၊ တန်ဖိုးမြှင့်ပစ္စည်းတွေကို ထုတ်လုပ်ကြဖို့ တိုက်တွန်းထားတဲ့ ပြခန်း၊ ကြိမ်ပြခန်းက သက်သက်၊ ဝါးပြခန်းကသက်သက် စသဖြင့် ဗေဒါထွက်ပစ္စည်းကတော့ MFPTMA ရဲ့ ပြခန်းမှာ ထည့်သွင်းပြီးတော့ ပြသသွားမှာဖြစ်တယ်” ဟု ပြောကြားသည်။

သစ်တောထွက်ပစ္စည်းများ ထာဝစဉ်တည်တံ့စေရန် ဖွံ့ဖြိုးရေး အုပ်ချုပ်လုပ်ကိုင်မှုစနစ်များ ဖြစ်ထွန်းပေါ်ပေါက်စေခြင်း၊ သဘာဝအလျောက် ပေါက်ရောက်နေသော သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများကို အလွန်အကျွံထုတ်ယူနေသဖြင့် ကျရောက်လျက်ရှိသော ဖိအားပေးမှုများကို လျော့နည်း သက်သာစေရန် အစီအမံများချမှတ်ကျင့်သုံးခြင်းနှင့် သစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်း၏ အခန်းကဏ္ဍ ခိုင်မာဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒနှင့် အထောက်အပံ့ပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ချမှတ်ကျင့်သုံးခြင်းတို့ကို မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်အသင်းချုပ်သည် သစ်တောသယံဇာတ ရေရှည်တည်တံ့ထုတ်လုပ်အသုံးချနိုင်ရေးအတွက် သဘာဝအရင်းအမြစ်ကို အခြေခံသောကုန်သွယ်မှုစနစ် (Resource Intensive Trade) မှသည် တန်ဖိုးမြင့် သစ်တောထွက်ပစ္စည်းထုတ်လုပ်တင်ပို့သော စက်မှုလုပ်ငန်း (Value Added Forest Industries) သို့ ဖော်ဆောင်ရေးနှင့် သစ်တောသယံဇာတ ပိုမိုတန်ဖိုးရှိစွာ အသုံးချနိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာသစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းအဖွဲ့အစည်းများ ညှိနှိုင်းပေါင်းစပ်ပူးပေါင်းဆောင်ရွက်နိုင်စေကြောင်းနှင့် Myanmar Forest Products Exhibition 2017 ပြပွဲရည်မှန်းချက်အတိုင်း အောင်မြင်ပါစေကြောင်း ဂုဏ်ပြုတင်ပြလိုက်ပါသည်။



## တန်ဖိုးသင့်ထမင်းနှင့်ဟင်းလျာများ၊ ဟင်းသီးဟင်းရွက်နှင့်အသားငါးများ ရောင်းချ

မြန်အောင် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့ နေခြည်ဈေးရှေ့တွင် ဒေသခံပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် ဟင်္သာတနယ်မြေခံတပ်မှ တန်ဖိုးသင့်ထမင်းနှင့်ဟင်းလျာများ၊ ဟင်းသီးဟင်းရွက်နှင့် အသားငါးများကို မေ ၉ ရက်က ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အမှတ်(၅၁)ခြေလျင်တပ်ရင်းရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံများမှထွက်ရှိသော သန့်ရှင်းလတ်ဆတ်သည့် အသားငါးများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ကျန်းမာရေးနှင့် ညီညွတ်သော တန်ဖိုးသင့်ထမင်းနှင့် ဟင်းလျာများကို ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန်နှင့် ကုန်ဈေးနှုန်းမြင့်တက်လာမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်ရန်ရည်ရွယ်ပြီး ဈေးနှုန်းချိုသာစွာဖြင့် တစ်ပတ်လျှင်နှစ်ကြိမ် လာရောက်ရောင်းချပေးကြောင်း သိရသည်။ တန်ဖိုးသင့်ထမင်းနှင့်ဟင်းလျာများ လာရောက်ဝယ်ယူသူတစ်ဦးက ထမင်းနှင့်ဟင်းများသည် သန့်ရှင်းလတ်ဆတ်ကြောင်း၊ ဈေးနှုန်းလည်းသင့်ခြင်းကြောင့် လာရောက်ဝယ်ယူအားပေးခြင်းဖြစ်ပြီး များစွာအဆင်ပြေကြောင်း သိရသည်။

ဝင်းဗိုလ် (မြန်/ဆက်)

# ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်စတင်ဖွင့်လှစ်

**ရန်ကုန် မေ ၁၀**

မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS) နှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စတုတ္ထအကြိမ် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက်က ပြည်သူ့ဥယျာဉ်နှင့် ပြည်သူ့ရင်ပြင်၌ ကျင်းပခဲ့သည်။



အဆိုပါ အခမ်းအနားသို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ဆုရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၅ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရသူ ၁၅၆၁၄ ဦးရှိပြီး ၄၂၉၃ ဦး သေဆုံးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ၂၆၃၇၅ ဦး ဒဏ်ရာရပြီး ၄၆၈၈ ဦး သေဆုံးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၌လည်း ၂၀၁၅ ခုနှစ်အတွင်း ၃၈၅၆ ဦး ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရပြီး ၆၀၃ ဦးသေဆုံးခဲ့ကာ တစ်ရက် ၁ ဒသမ ၆ ဦးနှုန်းသေဆုံးနေကြောင်း၊ ၂၀၁၆ ခုနှစ်တွင်လည်း ၃၄၁၆ ဦး ဒဏ်ရာရခဲ့ပြီး ၆၂၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

"ယာဉ်မတော်တဆမှုတွေက နှစ်စဉ်တိုးပွားလာနေတာ တွေ့ရပါတယ်။ ဒီ့အတွက် ကုလသမဂ္ဂက ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်မှာ ကမ္ဘာလုံးဆိုင်ရာ ယာဉ်လမ်းအန္တရာယ် ကင်းရှင်းရေး မော်စကို ကြေညာချက်ကို ချမှတ်ခဲ့ပါတယ်။

"ဒီကြေညာချက်အရ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ဆယ်စုနှစ်တစ်ခုအတွင်းမှာ ယာဉ်မတော်တဆမှုဖြစ်ပွားမှုနှုန်းကို ထက်ဝက်လျှော့ချသွားရမှာ ဖြစ်ပါတယ်။ အခုလိုကုလသမဂ္ဂက မေ ၈ ရက်မှ ၁၄ ရက်အထိ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ် ဆောင်ရွက်ခြင်းဟာ ထိရောက်တဲ့အသိပညာပေးမှု ဖြစ်ပါတယ်။ ဒီနှစ်ဆောင်ပုဒ်ကတော့ "အသက်တစ်ချောင်းမပျောက်ကောင်း၊ ယာဉ်ကို ဖြည်းဖြည်းမောင်း" လို့ အသိပေးသွားတဲ့အတွက် ယာဉ်မောင်းတွေအနေနဲ့ယာဉ်ကို သတ်မှတ်မိုင်နှုန်းအတိုင်း သတိပြုမောင်းနှင်ကြဖို့ အသိပေးထားခြင်း ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံယာဉ်လမ်း အန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS)အတွင်းရေးမှူး ဦးအောင်နိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် "ယာဉ်လမ်းအန္တရာယ်ကင်းရှင်း အချိန်အခါမရွေး ဆောင်ရွက်ပေး"ခေါင်းစဉ်ဖြင့် ရေးဆွဲခဲ့ကြသော ကာတွန်းပြိုင်ပွဲများထဲမှ ဝန်ကြီးချုပ်၏ အထူးဆုရရှိကြသော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆုရ ကျောင်းသားကျောင်းသူများကိုလည်း ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်ကို ပြည်သူ့ဥယျာဉ်၌ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်းတို့ဖြင့် အသိပညာပေးရေး အစီအစဉ်များစွာကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသိပညာပေးပြခန်းပေါင်း ၁၃ ခုကိုလည်း ခင်းကျင်းပြသထားကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# သထုံ၌ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းစင်ရေးလှုပ်ရှားမှုဟောပြော

**သထုံ မေ ၁၀**

မွန်ပြည်နယ် သထုံမြို့ဘင်လှိုင် ရပ်ကွက်ရှိ သုဝဏ္ဏအားကစားခန်းမ၌ မေ ၈ ရက်က ခရိုင်ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းစင်ရေး လှုပ်ရှားမှုအဖြစ် "လူ့အသက်တွေကယ်ကြဖို့၊ အရှိန်လျှော့ပြီးမောင်းကြစို့" ဆောင်ပုဒ်ဖြင့် အသိပညာပေး ဟောပြောပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်(ကညန) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှကြူက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်မြင့်ခိုင်၊ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်လင်းလင်းဝေ၊ ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ကြပ်ကြီး ထွန်းလင်းအောင်နှင့် ခရိုင်(ကညန)မှ ယာဉ်စစ်ဆေးရေးမှူး ဦးမြင့်ခိုင်တို့က ယာဉ်မှုခင်းဖြစ်စဉ်များ၊ မော်တော်ယာဉ်ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ၊ သိကောင်းစရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများတို့ကို ဆွေးနွေးဟောပြောခဲ့ကြသည်။

၂၀၁၆ ခုနှစ်တွင် သထုံခရိုင်အတွင်း ယာဉ်မတော်တဆမှု ၄၆၂ မှုဖြစ်ပွားကာ ဒဏ်ရာရရှိသူ ၇၄၃ ဦးရှိခဲ့ပြီး သေဆုံးသူ ၂၀၉ ဦးရှိခဲ့သည်။ ယခုနှစ် မေ ၈ ရက်မှ ၁၄ ရက်အထိကျရောက်သည့် ကုလသမဂ္ဂကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းစင်ရေး ရက်သတ္တပတ် ကာလအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းစင်ရေး လှုပ်ရှားမှုအဖြစ် ဟောပြောပွဲများအပြင် သတိပေးဆိုင်းဘုတ်များ လိုက်လံစိုက်ထူခြင်းများ၊ သတိပေး စတစ်ကာများကို ခရီးသည်တင် ယဉ်များ၊ ကုန်တင်ယာဉ်များ၊ အိမ်စီးမော်တော်ယာဉ် များနှင့် အငှားယာဉ်များတွင် ယာဉ်မောင်းသူများ မြင်သာနိုင်မည့် အရှေ့လေကာမှန်အတွင်းဘက်နှင့် ခရီးသည်များမြင်သာနိုင်မည့် ကားအတွင်းဘက်များတွင် လိုက်လံကပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ရေကြောင်းလူငယ် သင်တန်းမှ သင်တန်းမောင်မယ်များ ရန်ကုန်မြစ်တွင်း လေ့လာရေးခရီးထွက်ခွာ

**ရန်ကုန် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော ရေကြောင်းလူငယ်အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၇)နှင့် ရေကြောင်း လူငယ်တန်းမြင့် သင်တန်းအမှတ်စဉ် (၁/၂၀၁၇)တို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၀ သည် မေ ၇ ရက်က တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ရန်ကုန်မြစ်တွင်းလေ့လာရေး ခရီးသွားရောက်ခဲ့ကြသည်။



အဆိုပါ လေ့လာရေးခရီးစဉ်အတွင်း သင်တန်းသား သင်တန်းသူများသည် စစ်ရေယာဉ်ပေါ်ရှိ လက်နက်စနစ်များ၊ စက် ပိုင်းဆိုင်ရာစနစ်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်ဆိုင်ရာ စနစ်များနှင့် ရေယာဉ်လက်တွေ့ခုတ်မောင်းနေမှုများကို လေ့လာခဲ့ကြပြီး တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်း ပြသကြသည်။

ထို့အတူ ရေကြောင်းလူငယ်အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းများကို ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ကျွန်းစုမြို့၊ ထားဝယ်မြို့နှင့် ဟိန်းဇဲဒေသတို့ရှိ ရေကြောင်းလူငယ်စခန်းများတွင်လည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကာ အခြေခံစစ်ရေးပြဘာသာရပ်၊ရေတပ်သားဆိုင်ရာသင်ခန်းစာများ လက်တွေ့သင်ကြားခြင်း၊ ရေယာဉ်ပေါ် လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် လေ့လာရေး ခရီးသွားရောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း (ပဲခူး)**

# နိုင်ငံတော်ဩဝါဒါစရိယ သဲကုန်းမြို့နယ် အင်းမတိုက်နယ်ထန်းပင်မှော်အုပ်စု ကျေးသား ကျေးရွာကျေးသားကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိ၏ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် အင်းမတိုက်နယ် ထန်းပင်မှော်အုပ်စု ကျေးသားရွာနေခမည်းတော် ဦးမောင်မြ၊ မယ်တော် ဒေါ်အုန်းမြင့်တို့မှ ၁၂၉၂ ခုနှစ်တွင် ဖွားမြင်သောသားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ်တွင် သဲကုန်းမြို့နယ် အင်းမတိုက်နယ် ထန်းပင်မှော်အုပ်စု ကျေးသားရွာ ကျေးသားကျောင်းဆရာတော် ဦးသီဟကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် + မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၂ ခုနှစ်တွင် မန္တလေးကျောင်းခဏ္ဍသိမ်တွင် မန္တလေးကျောင်းဆရာတော် ဦးဣန္ဒကို ဥပဇ္ဈာယ်ပြု၍ ဦးဖိုးနု + ဒေါ်စိန်မျှင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် ရွှေတောင်မြို့ ဂန္ဓာရုံကျောင်း ဆရာတော် ဦးပညာဇောတ (ဓမ္မာစရိယ)ရန်ကုန်မြို့တာမွေသိမ်ကုန်းကျောင်းတိုက် အာရှကျောင်း ဆရာတော် ဦးသာသနာတို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းတွင် ထန်းပင်မှော်အုပ်စု သံဃာနာယကအဖွဲ့အကျိုးတော်ဆောင်အဖြစ်လည်းကောင်း၊ ၁၃၇၄ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုသင်တန်းတွင် ယဉ်ကျေးမှုနည်းပြအဖြစ် ၄၃ နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၆ နှစ်) သိက္ခာတော် (၆၅) ဝါ အရ ၁၃၇၉ ခုနှစ် ကဆုန်းလဆန်း (၁၁) ရက်၊ (၆-၅-၂၀၁၇) စနေနေ့ ည ၇ နာရီမိနစ် ၂၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် (၂၄-၅-၂၀၁၇) နေ့တွင် ကျေးသားကျောင်းတိုက်အတွင်း အန္တိမအဂ္ဂိစျာပနကို ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခြေခံအိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်

**ဗန်းမော် မေ ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေ့ါဖုန်းယန်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၂၉/၂၀၁၇)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၂၀/၂၀၁၇)သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက်က အဆိုပါသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက အမှာစကားပြောကြားပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်ညွန့်တင်က သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များနှင့် သင်ထောက်ကူ ပစ္စည်းများကို လည်းကောင်း၊ သီးခြားဘာသာရပ်အနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် အခြေခံသင်တန်းသူ ၂၅ ဦး၊ အဆင့်မြင့်သင်တန်း သူငါးဦး တက်ရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

# ရေစကြိုမြို့၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်

**ရေစကြို မေ ၁၀**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ယူနစ်ပျောက်ဆုံးမှုလျော့နည်းရေးနှင့် ဗို့အားကောင်းမွန်ရေးတို့အတွက်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှမျိုး ဦးဆောင်သည့် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာတွင် မေ ၈ ရက်က ဗိုလ်ချုပ်လမ်းမကြီးတစ်လျှောက်ရှိ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၁ ကေဗွီဓာတ်အားလိုင်းတို့နှင့် မလွတ်ကင်းသည့်သစ်ပင်၊ သစ်ကိုင်းများနှင့်အန္တရာယ်ရှိ သစ်ပင်ခြောက်များခုတ်လှဲခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့အစည်းအဝေးကျင်းပ

**လဟယ် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဒုတိယ ပုံမှန်အစည်းအဝေးကို မေ ၈ ရက်က နာဂဒေသဦးစီးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာနာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက အမှာစကားပြောကြားပြီးတက်ရောက်လာကြသောနာဂဒေသ ဦးစီးအဖွဲ့အတွင်းရေးမှူးနှင့် ဦးစီးအဖွဲ့အလုပ်အမှုဆောင်များ ဦးစီးအဖွဲ့ဝင်များက နာဂဒေသပညာရေး၊ ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေးအစရှိသောဒေသအကျိုးပြုလုပ်ငန်းများကို ဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

# မြန်မာ့သိုင်းပညာအတွက် မျိုးဆက်သစ်များ ပေါ်ထွက်လာရေး ကြိုးပမ်းမည်

**မိတ္ထီလာ မေ ၁၀**

မြန်မာ့သိုင်းပညာ မျိုးဆက်သစ်ပြန့်ပွားရန်ရည်ရွယ်၍ မိတ္ထီလာမြို့နယ် ပြည်သာယာတောင်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု (ပထမ)အဆင့် မိဘမဲ့တိုင်းရင်းသားလူငယ်များအား မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးဂေဟာ၌ အခမဲ့သင်ကြားပေးလျက်ရှိသည့် သိုင်းပညာသင်တန်းဆင်းပွဲကို မေ ၈ ရက်က အဆိုပါ ဂေဟာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မေတ္တာရိပ်မြုံဂေဟာမှ နာယကကြီးဦးအောင်ဆွေက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီ၊ မြန်မာသိုင်းမျိုးဆက်သစ်ပြန့်ပွားရေးအဖွဲ့ဝင် ဦးအောင်မျိုးက မေတ္တာရိပ်မြုံလူငယ်ဖွံ့ဖြိုးရေးဂေဟာ၌ ကချင်၊ ကရင်၊ ဝ၊ လားဟူ၊ အာခါ၊ နာဂစသည့် မိဘမဲ့တိုင်းရင်းသားလူငယ် ၆၈ ဦးတို့အား အခြေခံ သိုင်းပညာများသင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



သိုင်းအခြေခံမှစ၍ လက်နက်မျိုးစုံခုခံကာကွယ်ပညာရပ်များကိုအဖွဲ့ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ၂၀၁၆ နိုဝင်ဘာမှ ၂၀၁၇ မေ ၇ ရက်အထိ အခမဲ့သင်ကြားပြသပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် မိဘမဲ့ဂေဟာမှ ကျောင်းသားကျောင်းသူများအတွက် ဗန်တိုင်အောင် သိုင်းပင်မဆရာကြီးဦးမောင်မောင်အေးက စာအုပ် ၁၀ ဒါဇင်၊ ဘောပင် ၁၀ ဒါဇင်တို့ကို ပေးအပ်လှူဒါန်းခဲ့ပြီးသင်တန်းသားသင်တန်းသူများက သိုင်းစွမ်းရည်များ ပြသခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

---

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးအသိပညာပေး

သီပေါ မေ ၁၀

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့စု သီပေါ(တပ်စိတ်) မှတာဝန်ခံတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့်အဖွဲ့ဝင်များသည် မြို့မရဲစခန်းမှူး ဒုရဲမှူး သိန်းဇော် ၊ ရဲအုပ်ဒွေးလွင်တို့နှင့် ပူးပေါင်း၍ မေ ၈ ရက်က မိုင်းလင်း ကျေးရွာရွာဦး ဘုန်းတော်ကြီးကျောင်း၌ မူခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် မိုင်းလင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုပြောကြားပြီးသီပေါမြို့မ ရဲစခန်းမှူး ဒုရဲမှူးသိန်းဇော်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်းကိုလည်းကောင်း၊ ရဲအုပ်ဒွေးလွင်က မူခင်းကျဆင်းရေးအကြောင်းကိုလည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ တပ်ကြပ်ကြီး ဝင်းဇော်လတ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးဟောပြောပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအသစ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် စည်းကမ်းချက်များပါသော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

---

## ငါန်းဇွန်မြို့နယ်၌ လေပြင်းများတိုက်ခတ်

**ငါန်းဇွန် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၌ မေ ၇ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်း၊ လူနေအိမ်နှင့် အခြေခံပညာမူလတန်းကျောင်းများ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် လက်ပံကျင်းကျေးရွာအုပ်စု တယ်ပင်ကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းရှိ ဆွမ်းစားဆောင်တစ်ဆောင်နှင့် လူနေအိမ် သုံးလုံး၊ လက်ပံသာကျေးရွာ၌ လူနေအိမ် ကိုးလုံး၊ မြို့သာကျေးရွာအုပ်စု အောက်ရိုးကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၊ အိုင်သာကျေးရွာအုပ်စု ပေတောကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းနှင့် ရေဇင်းကျေးရွာအုပ်စု မြောက်ကျွန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတို့တွင် အမိုးလန်ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**



---

**ကချင်ပြည်နယ်**

## ဘက်စုံကျောင်းသား ကျောင်းသူများအား ကြိုဆိုဂုဏ်ပြု

**ဗန်းမော် မေ ၁၀**

နိုင်ငံတော်မှ စီစဉ်ပေးသည့် ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူများ တွေ့ဆုံပွဲနှင့် လေ့လာရေးခရီးစဉ်သို့ သွားရောက်သည့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်မှ ဘက်စုံထူးချွန်ကျောင်းသားကျောင်းသူများသည် မေ ၈ ရက်က မန္တလေးမြို့မှ ဗန်းမော်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ ဒေသခံပြည်သူများက ကြိုဆိုခဲ့ကြသည်။

ခရီးစဉ်တွင် ဗန်းမော်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒသမတန်းဘက်စုံထူးချွန်ကျောင်းသား မောင်နန္ဒကျော်၊ ဗန်းမော်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဒသမတန်း ဘက်စုံထူးချွန်ကျောင်းသူ မနှင်းဇာအောင်၊ စံကိုယ်ပိုင်အထက် တန်းကျောင်းမှ နဝမတန်းဘက်စုံထူးချွန် ကျောင်းသား မောင်စိုးမင်းပိုင်နှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဝင်းလဲ့လဲ့မောင်တို့သည် ဧပြီ ၂၄ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်နှင့် တွေ့ဆုံပြီး နိုင်ငံတော်မှစီစဉ်ပေးသည့် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများ တွေ့ဆုံပွဲနှင့် လေ့လာရေးခရီးစဉ်များမှ ဗန်းမော်မြို့သို့ ပြန်လည်ရောက်ရှိလာကြကြောင်း သိရသည်။



ယင်းခရီးစဉ်တွင် အဆိုပါ ကျောင်းသားကျောင်းသူများနှင့် အတူ ဗန်းမော်ခရိုင်မှ ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများလည်း လိုက်ပါခဲ့ကြကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

---

## မူခင်းလျော့နည်းကျဆင်းရေး အသိပညာပေး

**ပေါင်းတည် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမျိုး ဦးဆောင်၍ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မေလပထမပတ်က မြို့မရဲစခန်း အပိုင်ပျဉ်းပင်ကန်ရပ်ကွက် မှတ်တိုင်လမ်းရှိ မီးသတ်စခန်း၌ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမျိုး၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မြင့်ဝင်းတို့က တက်ရောက်လာကြသည့် ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပေါ်စေရေးနှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ လောင်းကစားမှုပပျောက်ရေးနှင့် လူကုန်ကူးမှုတားဆီးရေးဥပဒေများကို ပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

---

## စားသုံးသူ သတိပေးရေးပညာပေးဆိုင်းဘုတ်စိုက်ထူ

**ခရမ်း မေ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် စည်ပင်သာယာဈေးရှေ့၌ စားသုံးသူပြည်သူများသို့ အသိပေးကြေညာခြင်းဆိုင်းဘုတ်ကို မေ ၈ ရက်ကစုပေါင်းစိုက်ထူခဲ့ကြောင်း သိရသည်။

ယင်းဆိုင်းဘုတ်တွင် စားသုံးသူပြည်သူများအနေဖြင့် ကုန်စည်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာ၌ ဥပဒေနှင့်အညီ ဖော်ပြပါစားသုံးသူအခွင့်အရေးများကို ရရှိခံစားနိုင်ကြောင်း၊ (၁)ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ခြင်း၊ (၂) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်နိုင်ခြင်းနှင့် ဝန်ခံကတိပြုထားသောတန်ဖိုး၊ စည်းကမ်းချက်များ၊ အာမခံမှုတို့နှင့်အညီ ရယူနိုင်ခြင်း (၃) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အခြေအနေ၊ အာမခံချက်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရယူခွင့်ရှိခြင်း (၄) စားသုံးသူအသုံးပြုသော ကုန်စည် သို့မဟုတ်ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုအပေါ် နားလည်ဖြေရှင်းပေးရန်အရေးဆို တိုင်တန်းနိုင်ခြင်း၊ စားသုံးသူအကာအကွယ် ပေးမှုများ ရရှိနိုင်ခြင်းနှင့် မှန်ကန်သော ဖြေရှင်းမှုများ ရရှိနိုင်ခြင်း၊ (၅) ခွဲခြားဆက်ဆံမှုမရှိသည့် မျှတသောဆက်ဆံမှုနှင့် ဝန်ဆောင်မှုရရှိနိုင်ခြင်းတို့ ပါဝင်သော စားသုံးသူပြည်သူများသို့ အသိပေးထားကြောင်း သိရသည်။

ထို့အပြင် စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူအခွင့်အရေးများ ဆုံးရှုံးခြင်း၊ ကုန်စည်၊ ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် အမှန်တကယ်ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခံစားရပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ သွားရောက်တိုင်ကြားနိုင်ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

---

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

---

## မင်းလှမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံများတွေ့ဆုံဆွေးနွေး

**မင်းလှ မေ ၁၀**

သာယာဝတီခရိုင် မင်းလှမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ ၊ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ တွေ့ဆုံဆွေးနွေးပွဲကို မေ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ ဥပဒေပြုရေးကိစ္စရပ်များ၊ အစိုးရနှင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးရေး၊ ပြည်သူလူထုတင်ပြချက်များကို ဆွေးနွေးခြင်းစသည့် လွှတ်တော်အတွေ့အကြုံကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်(၁)ဦးအောင်အောင်က လွှတ်တော်အတွေ့အကြုံများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တောင်းဆိုရာတွင် ပြည်သူများက အထောက်အထားအချက်အလက်များ ပြည့်စုံသည့်စာများဖြင့် တင်ပြပေးရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ သက်ဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပေါက်စ-မင်းလှ**

# ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာတို့ ရေကုန်ရေခန်း နိုင်ပွဲအပြိုင်ရှာဖွေမယ့် လာလီဂါပွဲစဉ် (၃၇)

စပိန်လာလီဂါပွဲစဉ် (၃၇)ကို မေ ၁၃ ရက်နဲ့ ၁၄ ရက်မှာ ကစားကြပါလိမ့်မယ်။ ဒီနှစ်မှာ လာလီဂါဖလား ဘယ်အသင်းရမလဲဆိုတာ သေချာတဲ့ ကွဲပြားမှု မရှိသေးတာမို့ နောက်ဆုံးပွဲစဉ်အထိ ရုန်းကန်ကြရဦးမှာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာလည်း ထိပ်ဆုံးက အသင်းကြီးတွေ အမှားအယွင်းမခံဘဲ သတိထားကစားကြမှာဖြစ်သလို ကိုယ်စီအမှတ်ပြည့်ရယူရေးအတွက် ပြိုင်ဘက်တွေကို ဖိအားပေးကျော်ဖြတ်ကြဦးမှာ ဖြစ်ပါတယ်။




**ရီးရဲမက်ဒရစ်နှင့် ဆီဗီလာ**

လက်ကျန်ပွဲစဉ်တွေ အကုန်နိုင်ပွဲရရင် လာလီဂါဖလားဆွတ်ခူးမှာမို့ အခုပွဲနဲ့ နောက်ပွဲစဉ်တွေကို နိုင်ပွဲတွေချည်းရယူတော့မယ့် ရီးရဲမက်ဒရစ်ဟာ အခုပွဲက အိမ်ကွင်းဖြစ်ပေမယ့် အလေးထားပြီး ကစားပါလိမ့်မယ်။ ဆီဗီလာနဲ့ဆုံတိုင်း ရီးရဲမက်ဒရစ်တို့ ရုန်းကန်ခဲ့ရပြီး ပထမအကျော့ ဆီဗီလာကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရီးရဲမက်ဒရစ်တို့ ရှုံးပွဲကြုံတွေ့ခဲ့ရပါတယ်။ ဒါကြောင့် အခုပွဲကိုလည်း ဂိုးပြတ်သွင်းနိုင်ရေး အားထုတ်ပါလိမ့်မယ်။ အခုတလော ဆီဗီလာတို့လည်း ရလဒ်တွေဆက်တိုက် ဆိုးရွားနေတာမို့ ခြေစွမ်းကောင်းမွန်နေတဲ့ ရီးရဲမက်ဒရစ်ဟာ ခက်ခက်ခဲခဲနဲ့ နိုင်ပွဲရအောင် ယူဆောင်ပါလိမ့်မယ်။

**လက်စ်ပဲမက်နှင့် ဘာစီလိုနာ**

ရာသီကုန်ချိန်မှာ အသင်းလိုက်ကစားအားကောင်းလာတဲ့ ဘာစီလိုနာဟာ တိုက်စစ်ရော၊ ခံစစ်ပါ အကောင်းဆုံးအနေအထား ရောက်ရှိနေပါတယ်။ နောက်ဆုံး ကစားခဲ့တဲ့ လေးပွဲမှာ ၁၇ ဂိုးအထိ သွင်းယူခဲ့တဲ့ ဘာစီလိုနာတိုက်စစ်ဟာလည်း ပြိုင်ဘက်လက်စ်ပဲမက် ခံစစ်မျိုးတွေကို ထိတ်လန့်စေမှာဖြစ်ပါတယ်။ လက်စ်ပဲမက်တို့က အခုတလော နိုင်ပွဲတွေပျောက်ဆုံးနေတာဟာ အခုပွဲမှာလည်း ရလဒ်ကောင်းကို ရှာတွေ့ဖို့ မလွယ်ပါဘူး။

**အက်စ်ပန်ညိုနှင့် ဗလင်စီယာ**

နှစ်သင်းစလုံး ရှုံးပွဲတွေဆက်နေရာက နိုင်ပွဲကိုယ်စီ ပြန်ရလာတဲ့ အသင်းတွေမို့ အခုပွဲမှာ အပြိုင်ကြိုးစားကြဦးမှာ ဖြစ်ပါတယ်။ ဗလင်စီယာတို့က နောက်ဆုံးကစားခဲ့တဲ့ အိုဆာစူနာနဲ့ ပွဲမှာ လေးဂိုးအထိ သွင်းယူနိုင်ခဲ့လို့ အခုပွဲမှာ အက်စ်ပန်ညိုကို အကျပ်တွေ့အောင် ကစားပါလိမ့်မယ်။ ကစားအားကျလာတဲ့ အက်စ်ပန်ညိုတို့ကတော့ အခုပွဲ အိမ်ကွင်းဖြစ်ပေမယ့် တစ်မှတ်ရရင်တောင် ကျေနပ်ရမယ့် အနေအထားပါပဲ။

**အိုဆာစူနာနှင့် ဂရန်နာဒါ**

တန်းဆင်းရတော့မယ့် အသင်းနှစ်သင်းရဲ့ တွေ့ဆုံမှုက ဂုဏ်သိက္ခာအတွက် ဒီပွဲမှာ ရင်ဆိုင်ကြမှာပါ။ နှစ်သင်းစလုံးရာသီကုန်ချိန်မှာ ခြေစွမ်းတွေ ကျဆင်းပြီး ရလဒ်တွေ ဆက်တိုက်ဆိုးရွားနေတာမို့ ပထမအကျော့ပွဲစဉ်က တစ်ဂိုးစီ သရေပွဲရလဒ်အတိုင်း အခုပွဲမှာလည်း ပေါ်ထွက်လာဖို့ များပါတယ်။

**အလာဗက်စ်နှင့် ဆဲလ်တာဗီဂို**

ယူရိုပါလိဂ် ပွဲစဉ်ကြောင့် ပွဲပန်းနေတဲ့ ဆဲလ်တာဗီဂိုတို့လည်း အခုပွဲမှာ အမှတ်ရဖို့တောင် ခက်ခက်ပါပဲ။ အမှတ်လိုအပ်မှု မပြင်းပြတော့တဲ့ အနေအထားမို့ ဒီပွဲမှာ ဆဲလ်တာဗီဂိုတို့အားထည့်မှာတော့ မဟုတ်ပါဘူး။ အလာဗက်စ်ဟာ ရာသီကုန်ချိန်မှာ ခြေစွမ်းကောင်းမွန်နေတာမို့ ပထမအကျော့တုန်းကလို နိုင်ပွဲရယူသွားဦးမှာပါ။

**ဘီလ်ဘာအိုနှင့် လီဂါနက်**

တန်းမဆင်းရရေး အစွမ်းကုန်ကြိုးစားတော့မယ့် လီဂါနက်တို့ကတော့ ဒီပွဲမှာ မဖြစ်မနေ အမှတ်ပြည့်ရယူရေး အားထုတ်တော့မှာ ဖြစ်ပါတယ်။ ဒါပေမယ့် လီဂါနက်ရဲ့ ခြေစွမ်းက အားရစရာမရှိသလို နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်ပွဲရခဲ့ပါတယ်။ ဘီလ်ဘာအိုတို့ကတော့ ပုံမှန်ခြေစွမ်းရရှိနေပြီး ပြီးခဲ့တဲ့ ပွဲစဉ်မှာ အလာဗက်စ်ကို ရှုံးခဲ့ပေမယ့် အခုပွဲမှာတော့ သုံးမှတ်ရအောင် ကစားပါလိမ့်မယ်။ လီဂါနက်ရဲ့တန်းဆင်းဇုန်ဖိအားကြောင့် တစ်မှတ်စီခွဲယူရကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**ရီးရဲဘက်တစ်နှင့် အက်သလက်တီကို**

အက်သလက်တီကိုတို့ကလည်း တန်းစီဇယား တတိယနေရာ ခိုင်မာရေးအတွက် အဝေးကွင်းဆိုပေမယ့် ခြေကုန်ဖွင့်ကစားမှာ ဖြစ်သလို ရီးရဲဘက်တစ်တို့ကလည်း အနိမ့်ဆုံးတစ်မှတ်ရယူနိုင်ရေး ကြိုးစားလာမှာ ဖြစ်တယ်။ ခြေပျက်နေတဲ့ ရီးရဲဘက်တစ်တို့အနေနဲ့ အက်သလက်တီကိုရဲ့ ခြေစွမ်းကို ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ အက်သလက်တီကိုတို့ရဲ့ နိုင်ပွဲလို့ သတ်မှတ်ရမယ့်ပွဲပါပဲ။

**ဗီလာရီးရဲနှင့် ဒီပို့တီဗို**

ဘာစီလိုနာကို ရှုံးခဲ့လို့ ဒီပွဲမှာ ဗီလာရီးရဲတို့ နိုင်ပွဲကို ပြန်လည်ဆောင်ကြဉ်းပါလိမ့်မယ်။ ဒီပို့တီဗိုတို့က ရာသီကုန်ချိန်မှာ ကစားအားကျဆင်းလာပြီး နိုင်ပွဲတွေဆက်တိုက်ပျောက်ဆုံးနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းအားနည်းတဲ့ ဒီပို့တီဗိုကို ဗီလာရီးရဲတို့ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရယူသွားပါလိမ့်မယ်။ ။

◆ မိုးမြင့်လင်းလက် ◆

## မန်စီးတီးကို ပြောင်းဖို့ စဉ်းစားခဲ့တယ်ဆိုတဲ့ ကိုးမန်း

ကွင်းလယ်ကစားသမား ကင်စလေကိုးမန်းကို ဘိုင်ယန်မြူးနစ်က အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ သူဟာ လွန်ခဲ့တဲ့နှစ်နှစ်က ဂျူဗင်တပ်စ်မှ ဘိုင်ယန်မြူးနစ်သို့ အငှားစာချုပ်နဲ့ လာရောက်ကစားနေသူ ဖြစ်ပါတယ်။ သူ့ကို ယခုအခါမှာတော့ ဘိုင်ယန်မြူးနစ်က ပေါင် ၂၉ သန်းနဲ့ အမြဲတမ်း ကစားသမားအဖြစ် ၂၀၂၀ အထိ စာချုပ်လိုက်ပြီဖြစ်ပါတယ်။ အသက် ၂၀ အရွယ်သာရှိသေးတဲ့ ပြင်သစ်နိုင်ငံသား ကင်စလေကိုးမန်းဟာ ဘိုင်ယန်မြူးနစ်က အမြဲတမ်းစာချုပ်နဲ့ မခေါ်ယူမီ မန်စီးတီးအသင်းကိုလည်း ပြောင်းရွှေ့ဖို့ စဉ်းစားခဲ့တယ်လို့ ဆိုပါတယ်။ ဂွာဒီယိုလာက ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမားကိုးမန်းကို ခေါ်ယူဖို့ အဓိကပစ်မှတ်ထားခဲ့တယ်လို့ ဆိုပါတယ်။ ဂျူဗင်တပ်စ်မှ ပေါင် ၂၉ သန်းနဲ့ ရောင်းချခဲ့တယ်လို့ ဆိုပါတယ်။ သို့သော်လည်း သူဟာ ဒီနှစ်ရာသီမှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ အစပွဲကိုးပွဲသာ ကစားခဲ့ရပါတယ်။

## ပရီမီယာလိဂ်မှာ လုပ်ခလစာ အမြင့်ဆုံးဖြစ်လာတဲ့ အီဘရာဟီမိုဗစ်ချ်

ဒီနှစ်ရာသီမှာ မန်ယူနဲ့အတူ ခြေစွမ်းပြဂိုးတွေ သွင်းယူပေးခဲ့တဲ့ ဝါရင့်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ပရီမီယာလိဂ်မှာ လုပ်ခလစာ အမြင့်ဆုံးဖြစ်လာခဲ့ပါတယ်။ သူဟာ တစ်ပတ်ကို ပေါင် ၃၆၇၆၄၀ ရပြီး စုစုပေါင်း တစ်နှစ်အတွက် ပေါင် ၁၉ သန်း ရရှိမှာ ဖြစ်ပါတယ်။ ဂိုးသွင်းယူပေးနိုင်မှု ဆုကြေးအတွက် ပေါင် ၂ ဒသမ ၈၆ သန်းလည်း ရရှိမှာ ဖြစ်ပါတယ်။



ပေါ့ဂ်ဘာကတော့ တစ်လလုပ်ခလစာ ပေါင် ၁၆၅၅၈၈ နဲ့ အခြေခံလစာ ပေါင် ၈ ဒသမ ၆၁ သန်း ရရှိပါတယ်။ နှစ်စဉ် ဆုကြေးငွေအဖြစ် ပေါင် ၃ ဒသမ ၄ သန်းလည်း ရရှိမှာဖြစ်ပါတယ်။ ပေါ့ဂ်ဘာဟာ ဂျူဗင်တပ်စ်ကနေ မန်ယူကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ အဲဒီအချိန်မှာ အီဘရာဟီမိုဗစ်ချ်ကတော့ အသက် ၃၅ နှစ်ရှိပြီဖြစ်တဲ့အတွက် အလွတ်ပြောင်းရွှေ့မှုနဲ့ မန်ယူကို ရောက်ရှိလာပါတယ်။ အီဘရာဟီမိုဗစ်ချ်အနေနဲ့ မန်ယူကို အစပွဲ ၃၁ ပွဲပါဝင်ကစားခဲ့ပြီး အမှတ်ပေးဇယား တတိယနေရာအထိ ပို့ပေးနိုင်ခဲ့ပါတယ်။

## ဖလားရဖို့ နိုင်ပွဲတစ်ပွဲသာလိုတော့တဲ့ ချယ်လ်ဆီး




ဒီနှစ် ပရီမီယာလိဂ်မှာ ကွန်တီဦးဆောင်မှုနဲ့ ချယ်လ်ဆီးအသင်းဟာ ဖလားကိုင်မြှောက်နိုင်ဖို့ နိုင်ပွဲတစ်ပွဲသာလိုပါတော့တယ်။ ချယ်လ်ဆီးက အိမ်ကွင်းမှာ မစ်ဒယ်ဘရော့ကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိပြီးတဲ့နောက် ချယ်လ်ဆီးအသင်းဟာ ဇယားထိပ်မှာ ခုနစ်မှတ်အသာနဲ့ ပြန်လည်ရပ်တည်လာနိုင်ပါတယ်။ ဒီပွဲမှာ ကော်စတာက ဒီနှစ်အတွက် ဂိုး ၂၀ မြောက်အဖြစ် သွင်းယူပေးပါတယ်။ ကော်စတာ၊ အလွန်ဆိုနဲ့ မာတစ်တို့ဟာ ချယ်လ်ဆီးအသင်းအတွက် ဂိုးတွေဆက်တိုက် သွင်းပေးခဲ့လို့ ပရီမီယာလိဂ်ဖလားရဖို့ လက်တစ်ကမ်းသာ လိုပါတော့တယ်။ ဒီပွဲအပြီးမှာတော့ မစ်ဒယ်ဘရော့အသင်းက တန်းဆင်းသွားပြီဖြစ်ပါတယ်။ ဆန်းဒါးလန်းပြီးနောက် ဒုတိယမြောက် တန်းဆင်းတဲ့အသင်းဟာ မစ်ဒယ်ဘရော့အသင်းဖြစ်လာခဲ့ပါတယ်။ ချယ်လ်ဆီးကတော့ ပရီမီယာလိဂ်ဖလားရဖို့ တစ်ပွဲသာအနိုင်ရဖို့လိုပါတော့တယ်။ လာမယ့် တနင်္လာနေ့မှာ ချယ်လ်ဆီးအသင်းအနေနဲ့ ဝက်ဖို့ဒ်အသင်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။ ရာသီနောက်ဆုံးပွဲကိုတော့ ဆန်းဒါးလန်းနဲ့ ကစားရမှာ ဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# အချိုမှုန့်မပါရင် ဟင်းမဖြစ်တော့ဘူးလား

**ဆောင်းပါး-သိပ္ပံစာရေးဆရာကိုကိုအောင်**



ယနေ့မျက်မှောက် စားသောက်ကုန်လောကတွင် ဟင်းလျာများကို အရသာထူးကဲစေသော ဟင်းခတ်အချိုမှုန့်များသည် အမှတ်တံဆိပ်အမျိုးမျိုး၊ ထုပ်ပိုးမှုပုံစံအမျိုးမျိုး၊ ဆွဲဆောင်မှုအမျိုးမျိုးဖြင့် ဈေးကွက်တစ်ခုလုံး၏ အဓိကကျသော အခန်းကဏ္ဍ၌ ကျယ်ကျယ်ပြန့်ပြန့် နေရာယူလျက်ရှိနေကြသည်။ အချို့သောအမှတ်တံဆိပ်များက အချိုမှုန့်ဟူ၍လည်းကောင်း၊ ဟင်းချိုမှုန့်ဟူ၍လည်းကောင်း အမည်တပ်ထားကြသလို အချို့ကမူ အသားမှုန့်ဟူ၍လည်းကောင်း၊ သဘာဝဟင်းခတ်မှုန့်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးနှုန်းကာ ဈေးကွက်တင်ရောင်းချလျက် ရှိနေကြသည်။

ယင်းကဲ့သို့ အမည်နာမအမျိုးမျိုးတပ်၍ ထုတ်လုပ်ရောင်းချနေကြသော ဟင်းခတ်အချိုမှုန့်များသည် မိသားစုတစ်စု၏မီးဖိုချောင်တွင် မရှိမဖြစ်အရေးကြီးလှသော ဟင်းခတ်ပစ္စည်းတစ်ခုအဖြစ် ပိုင်ပိုင်နိုင်နိုင် နေရာယူထားကြသည်။ ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်မှ ပါမောက္ခတစ်ဦးက တီထွင်ကြံဆ ရှာဖွေဖော်ထုတ်ခဲ့သော ဓာတုပစ္စည်းတစ်မျိုးသည် ဟင်းခတ်အချိုမှုန့်အဖြစ် ကမ္ဘာတစ်ဝန်းသို့ ပျံ့နှံ့ရောက်ရှိသွားခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသောပြည်သူများသည် ရှေးအစဉ်အဆက်ကပင် ဟင်းလျာနှင့် စားသောက်ဖွယ်ရာများကို အရသာထူးကဲစေရန်အတွက် ငါး၊ ပုစွန်၊ ငါးပိ၊ ဆား၊ ဟင်းသီးဟင်းရွက်တို့ကိုသာ သုံးစွဲပြီး ချက်ပြုတ်လာခဲ့ကြရာမှ ဓာတ်ခွဲခန်းတွင်ဖန်တီးပြုလုပ်ထားသည့် အချိုမှုန့်များကို ပြောင်းလဲသုံးစွဲလာခဲ့ကြသည်။ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်ခန့်တွင် စီးပွားရေးမြို့တော်များနှင့် အုပ်ချုပ်ရေးရုံးစိုက်ရာ မြို့ကြီးများတွင် အချိုမှုန့်ကို စတင်သုံးစွဲလာခဲ့ကြသည်။

ထိုစဉ်ကာလများက တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပေးရာ၌ပင် အချိုမှုန့်ထုပ်အကြီးများကို ထူးကဲသောလက်ဆောင်ပစ္စည်းတစ်ခုအနေဖြင့် အသုံးပြုခဲ့ကြသည်။ ၁၉၇၅ ခုနှစ် ဝန်းကျင်တွင် မော်လမြိုင်-ရန်ကုန် မှောင်ခိုပစ္စည်းကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် အချိုမှုန့်ထုပ်များသည် ပမာဏအများအပြား ဝင်ရောက်လာခဲ့သည်။

မြန်မာနိုင်ငံသားတို့သည် အချိုမှုန့်ကို စတင်စမ်းသပ်သုံးစွဲခဲ့ကြစဉ်က မြည်းစမ်းသည့်သဘောမျှသာ ရှိခဲ့ကြပြီး ဟင်းလျာများချက်ပြုတ်သည့်အခါတိုင်း အချိုမှုန့်ကို အမြဲသဖြင့်သုံးစွဲခြင်း မရှိခဲ့ကြပေ။ အဆောတလျင်ဖြင့် အလျင်အမြန်ချက်ပြုတ်ရန်လိုအပ်သော အခြေအနေမျိုး၌သာ အချိုမှုန့်ကို ယာယီ အထောက်အကူပြုပစ္စည်းတစ်မျိုးအဖြစ် အသုံးပြုခဲ့ကြပြီး ပုံမှန်အားဖြင့် ငါး၊ ပုစွန်၊ ငါးပိ စသည်တို့ကိုသာ ဟင်းခတ်ပစ္စည်းအဖြစ် အဓိကထား သုံးစွဲခဲ့ကြသည်။

သို့ရာတွင် တစ်နေ့တခြား လူဦးရေတိုးပွားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာခြင်း၊ မိသားစုစားဝတ်နေရေးအတွက် ခက်ခက်ခဲခဲကြိုးပမ်းလာရခြင်း၊ သွားလာရေးအတွက် အချိန်ပိုမိုပေးရခြင်း၊ သားငါးဈေးတည်နေရာများ ပိုမိုအလှမ်းဝေးလာခြင်းစသော ဘဝ၏ အခြေခံအကြောင်းတရားများသည် ငါး၊ ပုစွန်၊ ငါးပိ စသည်တို့ကို ဟင်းခတ်ပစ္စည်းအဖြစ် သုံးစွဲသည့်အခြေအနေမှ အချိန်တိုအတွင်း၌ အရသာရှိသော ဟင်းလျာတစ်ခွက် ဖြစ်လာစေရေးအတွက် လက်တစ်ကမ်း၌ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်သော အချိုမှုန့်ကို အလေးထားသုံးစွဲရသည့် အခြေအနေတစ်ရပ်ဆီသို့ တွန်းပို့ပေးခဲ့သည်။

မျက်မှောက်ကာလတွင် မြန်မာတစ်နိုင်ငံလုံးရှိ စားသောက်ဆိုင်များ ရာနှုန်းပြည့်နီးပါးသည် အမည်အမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချနေကြသော အချိုမှုန့်များကို သုံးစွဲလျက်ရှိနေကြသလို အိမ်ထောင်စုများအနေဖြင့်လည်း လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အချိုမှုန့်နှင့် ဟင်းချိုမှုန့်များကို သုံးစွဲလျက်ရှိနေကြသည်။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံပြီး ကျန်းမာရေးကို အလေးထားလိုက်စားသည့် အနည်းငယ်မျှသော မိသားစုအချို့တို့ကသာလျှင် အချိုမှုန့်နှင့် ဟင်းချိုမှုန့်များကို ရှောင်ရှားကြပြီး အများစုသော မိသားစုတို့သည် အချိုမှုန့်၏ သံသရာစက်ဝန်းအတွင်းမှ ရုန်းမထွက်နိုင်ဘဲ ရှိနေကြသည်။

အချိုမှုန့်နှင့်တကွ အချိုမှုန့်ထည့်သွင်းပြုလုပ်ထားသော အသားမှုန့်နှင့် ဟင်းခတ်မှုန့်များကို ထုတ်လုပ်သူတို့က သဘာဝပစ္စည်းတစ်မျိုးအဖြစ် ပုံဖော်ပေးလျက်ရှိသည်။ အချိုမှုန့် သို့တည်းမဟုတ် အချိုမှုန့်ထည့်သွင်းပြုလုပ်ထားသော ဟင်းခတ်မှုန့်အမျိုးမျိုးတို့၏ ဓာတုဗေဒအမည်မှာ မိုနိုဆိုဒီယမ်ဂလူတာမိတ်(Monosodium Glutamate)ဖြစ်ပြီး ဂလူတာမစ်အက်စစ်(Glutamic Acid) မှတစ်ဆင့် ဓာတ်ခွဲခန်းနည်းပညာဖြင့် ဖန်တီးဖော်ထုတ်ထားခြင်းဖြစ်သည်။

ဂလူတာမစ်အက်စစ်သည် ပရိုတင်းကြွယ်ဝသောအစားအစာများတွင် သဘာဝအလျောက်ပါဝင်နေသည့် အမိုင်နိုအက်စစ်တစ်မျိုးဖြစ်ပြီး ယင်းပစ္စည်းကို ပီလောပီနံ၊ ပြောင်းဖူး၊ သကာရည် စသည်တို့မှလည်း ထုတ်လုပ်ရယူနိုင်သည်။ ဂလူတာမစ်အက်စစ်သည် သဘာဝပစ္စည်းဖြစ်သော်လည်း မိုနိုဆိုဒီယမ်ဂလူတာမိတ်ကမူ ထိုအက်စစ်မှတစ်ဆင့် ဓာတ်ခွဲခန်းတွင် ဖန်တီးရယူထုတ်လုပ်သော သဘာဝလွန်ဓာတုပစ္စည်းတစ်မျိုးသာလျှင် ဖြစ်သည်။

ထို့ကြောင့်ပင် အချိုမှုန့်နှင့် ဟင်းချိုမှုန့်အမျိုးမျိုးတို့ကို ဟင်းလျာများချက်ပြုတ်ရာတွင် ထည့်သွင်းသုံးစွဲမှု ကာလကြာရှည်လာသည့်အခါ ရင်ဘတ်အောင့်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပျို့ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ ပန်းနာရင်ကျပ်ဖြစ်ခြင်း၊ ထုံကျဉ်ခြင်း စသော ဝေဒနာများ ဖြစ်ပွားလာနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။

အလွန်ဆာလောင်မွတ်သိပ်နေချိန်မျိုး၌ တစ်နည်းအားဖြင့် အစာအိမ်အတွင်း အစာမရှိသည့်အခြေအနေမျိုး၌ အချိုမှုန့်နှင့် ဟင်းချိုမှုန့်များကို လွန်ကဲစွာ ခတ်ထားသော စွပ်ပြုတ်၊ ဆန်ပြုတ်၊ ဟင်းချို၊ ကြေးအိုး စသော အစားအစာများကို စားသောက်ပါက အချိုမှုန့်၏ဓာတ်တုံ့ပြန်မှုသည် ပိုမိုမြန်ဆန်ပြီး ဖော်ပြပါ ရောဂါလက္ခဏာများကို ကြုံတွေ့ကြရနိုင်သည်။

တစ်ခါတစ်ရံ ခန္ဓာကိုယ်၏တစ်နေရာရာ၌ မပြောပလောက်အောင် နာကျင်မှုလေးများသည် ပေါ်လိုက်ပျောက်လိုက်ဖြင့် မကြာခဏ ဖြစ်လေ့ဖြစ်ထရှိကြခြင်းမျိုးသည်လည်း အချိုမှုန့်စားသုံးမှုပမာဏ များပြားလာခြင်း၏ လက္ခဏာ တစ်ရပ်ပင်ဖြစ်သည်။ အချိုမှုန့်ပမာဏ အများအပြားခတ်ထားသော စားသောက်ဖွယ်ရာများကို အားပါးတရဖြင့် များများစားသုံးသည့်အခါမျိုး၌လည်း ပျို့အန်ခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မြန်ခြင်းများကို ခံစားကြရလေ့ရှိသည်။

မိုနိုဆိုဒီယမ်ဂလူတာမိတ်ခေါ် အချိုမှုန့်ကို ရေရှည်စားသုံးသူများတွင် အဖြစ်များလေ့ရှိသော ရောဂါတစ်မျိုးမှာ ခေါင်းတစ်ခြမ်းကိုက်ဝေဒနာဖြစ်ပြီး အချိုမှုန့်စားသုံးမှုကို လျှော့ချခြင်းမပြုပါက မကြာခဏဆိုသလို ခေါင်းတစ်ခြမ်းကိုက်တတ်သည့်ဝေဒနာမှာ နာတာရှည်ရောဂါမျိုးကဲ့သို့ စွဲကပ်သွားနိုင်သည်။ အလားတူပင် မောပန်းလွယ်ခြင်း၊ ထိုင်းမှိုင်းခြင်း၊ စိတ်ဓာတ်ကျခြင်းစသော ရောဂါဝေဒနာများလည်း ဖြစ်ပွားလာနိုင်သည်။

**မိသားစုစားဝတ်နေရေးအတွက် ခက်ခက်ခဲခဲကြိုးပမ်းလာရခြင်း၊ သွားလာရေးအတွက် အချိန်ပိုမိုပေးရခြင်း၊ သားငါးဈေးတည်နေရာများ ပိုမိုအလှမ်းဝေးလာခြင်းစသော ဘဝ၏ အခြေခံအကြောင်းတရားများသည် ငါး၊ ပုစွန်၊ ငါးပိ စသည်တို့ကို ဟင်းခတ်ပစ္စည်းအဖြစ် သုံးစွဲသည့်အခြေအနေမှ အချိန်တိုအတွင်း၌ အရသာရှိသော ဟင်းလျာတစ်ခွက် ဖြစ်လာစေရေးအတွက် လက်တစ်ကမ်း၌ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်သော အချိုမှုန့်ကို အလေးထားသုံးစွဲရသည့် အခြေအနေတစ်ရပ်ဆီသို့ တွန်းပို့ပေးခဲ့သည်။ မျက်မှောက်ကာလတွင် မြန်မာတစ်နိုင်ငံလုံးရှိ စားသောက်ဆိုင်များ ရာနှုန်းပြည့်နီးပါးသည် အမည်အမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချနေကြသော အချိုမှုန့်များကို သုံးစွဲလျက်ရှိနေကြသလို အိမ်ထောင်စုများအနေဖြင့်လည်း လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အချိုမှုန့်နှင့် ဟင်းချိုမှုန့်များကို သုံးစွဲလျက်ရှိနေကြသည်**

အလှူအတန်းကဲ့သို့သော လူအများအပြားစားသုံးရန် ချက်ပြုတ်သည့်အခါမျိုး၌လည်း အချိုမှုန့်နှင့် အချိုမှုန့်ပါဝင်သော အသားမှုန့်များ၊ ဟင်းအနှစ်မှုန့်များကို ပမာဏများများ သုံးစွဲချက်ပြုတ်ပါက စားသုံးသူများအား အော့အန်ခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ချည့်နဲ့ခြင်း စသည်တို့ကို ခံစားကြရစေနိုင်သည်။ အလှူအတန်းများ၌ စီစဉ်ချက်ပြုတ်ရသော ဟင်းလျာအမည်(မယ်)တို့မှာ များပြားရုံမျှမက ဟင်းအမည်(မယ်)တစ်မျိုးချင်းစီကလည်း ပမာဏများပြားသည့် အားလျော်စွာ ဟင်းလျာချိုမြိန်စေရန်နှင့် စီမံချက်ပြုတ်ချိန် မြန်ဆန်စေရေးအတွက် အချိုမှုန့်ပမာဏအများအပြားကို သုံးစွဲလေ့ရှိကြသည်။

အချိုမှုန့်၏သဘောသဘာဝမှာ မိမိကိုယ်တိုင်က အရသာအားဖြင့် အနည်းငယ်မျှသာရှိသော်လည်း ဟင်းလျာများထဲသို့ခတ်လိုက်သည့်အခါ ထိုဟင်းလျာများကို ထူးထူးကဲကဲ အရသာရှိသွားစေသည်။ ထို့ကြောင့်ပင် အချိုမှုန့်သီးသန့်ကို သုံးစွဲသည်ဖြစ်စေ၊ အချိုမှုန့်ထည့်သွင်းပြုလုပ်ထားသော အသားမှုန့်များ၊ ဟင်းချိုခဲများ၊ ဟင်းချိုမှုန့်များ၊ ဟင်းခတ်အနှစ်မှုန့်များ စသည်တို့ကို သုံးစွဲသည်ဖြစ်စေ ဟင်းလျာများကို ထူးကဲစွာ အရသာရှိသွားစေသလို... မူလပင်ရင်း ဓာတုပစ္စည်းဖြစ်သည့် အချိုမှုန့်၏ အာနိသင်နှင့် ဆက်စပ်ဆိုးကျိုးများကိုလည်း ခံစားရစေနိုင်သည်။

နောက်ဆုံး သုတေသနပြုထားချက်များအရ အချိုမှုန့်ခေါ် မိုနိုဆိုဒီယမ် ဂလူတာမိတ်သည် ဦးနှောက်ဆဲလ်များကိုပျက်စီးစေနိုင်သော အဆိပ်အတောက်တစ်မျိုးဖြစ်ကြောင်း တွေ့ရှိရသည်။ အချိုမှုန့်ကို ကာလကြာရှည်စွာ သုံးစွဲ၊ စားသုံးသွားမည်ဆိုပါက မှတ်ဉာဏ်ချို့ယွင်းသည့်ဝေဒနာကို ခံစားရနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်တို့က သတိပေးထားကြသည်။

မိုနိုဆိုဒီယမ်ဂလူတာမိတ်သည် ကာစီနိုဂျင် ခေါ် ကင်ဆာဖြစ်စေသည့် ဝတ္ထုပစ္စည်းတစ်မျိုးလည်း ဖြစ်သောကြောင့် အချိုမှုန့်ပမာဏ အများအပြားပါဝင်သည့် ဟင်းလျာများ၊ ဝက်ပေါင်ခြောက်များ၊ ကြက်သားပြားများ၊ အသားချောင်းနှင့် အသားလုံးများ၊ ဝက်အူချောင်းနှင့် ကြက်အူချောင်းများ၊ တို့ဟူးခြောက်ကြော်၊ အာလူးချောင်းကြော်၊ ငါးမုန့်ကြော်နှင့် အသင့်စား အသားကင်များ စသည်တို့ကို ရေရှည်စားသုံးသွားမည်ဆိုပါက ကင်ဆာရောဂါဝေဒနာများကို ခံစားကြရနိုင်သည်။

ယခုအခါ မိုနိုဆိုဒီယမ်ဂလူတာမိတ်ကို ထည့်သွင်းထားသော နို့နှင့် နို့ထွက်ပစ္စည်းများသည်လည်း စားသုံးသူတို့၏လက်တစ်ကမ်းသို့ ရောက်ရှိလာနေပြီ ဖြစ်သည်။ သဘာဝနွားနို့ အနည်းငယ်မျှသာပါဝင်ပြီး မိုနိုဆိုဒီယမ်ဂလူတာမိတ်နှင့် မယ်လ်မင်းအမှုန့်များကို ထည့်သွင်းပြုလုပ်ထားသည့် အသင့်သောက်သုံးနိုင်သော နို့ဘူးများ၊ နို့ခဲများ၊ နို့မှုန့်များ၊ အာဟာရဖြည့်စွက်အစားအစာများ စသည်တို့သည် ကြော်ငြာအားကောင်းကောင်းဖြင့် အများပြည်သူတို့ကို ဆွဲဆောင်လျက်ရှိနေကြသည်။

ဖွံ့ဖြိုးမှုနောက်ကျသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို မဆိုထားဘိ...ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် နို့နှင့် နို့ထွက်ပစ္စည်းအတုများကို တွင်တွင်ကျယ်ကျယ် ဈေးကွက်တင်ရောင်းချလျက် ရှိနေကြသည်။ ထို့ကြောင့်ပင်လျှင် ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၌ မိုနိုဆိုဒီယမ်ဂလူတာမိတ်နှင့် မယ်လ်မင်းအမှုန့်များကို ရောစပ်ထည့်သွင်းပြုလုပ်ထားသည့် နို့နှင့် နို့ထွက်ပစ္စည်းအတုများကို အများပြည်သူအတွင်း ပျံ့နှံ့မသွားစေရေးအတွက် ရှာဖွေဖော်ထုတ်အရေးယူပြီး ဖျက်ဆီးပစ်သည့်သတင်းများကို နိုင်ငံတကာသတင်းမျက်နှာစာများပေါ်၌ မကြာခဏဆိုသလို တွေ့မြင်နေကြရခြင်းဖြစ်သည်။

အရသာမှုန့်အမျိုးမျိုးကို ထုတ်လုပ်ရောင်းချနေကြသော လုပ်ငန်းရှင်များအနက် အချို့တို့သည် မိုနိုဆိုဒီယမ်ဂလူတာမိတ်ကို အခြေခံပစ္စည်းအဖြစ်ထားကာ

*စာမျက်နှာ ၂၁ သို့*

## သတင်းတိုများ

### သက်ငယ်မုဒိမ်းမှုမဖြစ်ပွားရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြော

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မြင်းကန်ကျေးရွာအုပ်စု အိုင့်ကျေးရွာ၌ ဒေသခံပြည်သူများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၈ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မိတ္ထီလာမြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်စိုးက သက်ငယ်မုဒိမ်းမှု ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် အခြားမှုခင်းများ မဖြစ်ပွားစေရေးတို့ကို မြင်းကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းလတ်၊ အိုင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဘိုလေးနှင့် အိုင့်ကျေးရွာနှင့် သနပ်အိုင့်ကျေးရွာတို့မှ ဒေသခံပြည်သူများအား အသိပညာပေး ဟောပြောပြီး မှုခင်းကျဆင်းရေး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ရဲတပ်ဖွဲ့ဝင်များက ဖြန့်ဝေပေးခဲ့ကြသည်။ **ချမ်းသာ (မိတ္ထီလာ)**

### ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေး

ကရင်ပြည်နယ် ကျိုက်ဒုံမြို့ ဝင်းလုံကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား တီဘီရောဂါပိုးရှိမရှိ အခမဲ့ စစ်ဆေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ကရင်ပြည်နယ် နယ်လှည့်တီဘီရောဂါကွင်းဆင်းရှာဖွေကုသရေးတာဝန်ခံ ဒေါက်တာ ဇေယျာနေနိုင် ဦးဆောင်သည့်အဖွဲ့နှင့် ကျိုက်ဒုံမြို့အုပ်ချုပ်ရေးမှူး ဦးမင်းဇော်၊ တိုက်နယ်ဆရာဝန်ဒေါက်တာ မန်းမင်းနိုင်ဦးတို့ အဖွဲ့များ ပူးပေါင်း၍ မေ ၈ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ကျေးလက်နေပြည်သူများအား တီဘီရောဂါရှာဖွေစစ်ဆေးပေးရာတွင် စစ်ဆေးသူ ၂၅၄ ဦးအနက် ၁၁ ဦးတွင် ရောဂါပိုးတွေ့ရှိခဲ့၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို အခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပတ်ဝန်းကျင်မှ အခြားကျေးရွာများသို့လည်း ကွင်းဆင်းရှာဖွေကုသမှုများကိုဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

### ရေရှားပါးနေသည့်ကျေးရွာသို့ သောက်ရေဘူးများလှူဒါန်း

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိတောက်ပင်ကျေးရွာအုပ်စု မြောက်ဘောကျေးရွာတွင် ရေရှားပါးပြတ်လပ်လာသဖြင့် ကျေးရွာနေပြည်သူများ သောက်ရေပြတ်လပ်မှု မရှိစေရေးအတွက် သောက်ရေသန့်ဘူးများကို မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းဟန်ဦးနှင့် ရေမျက်ရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ်သက်မင်းထွန်းတို့ ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ မေ ၇ ရက်က လှူဒါန်းခဲ့သည်။ ရေလှူဒါန်းရာတွင် ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် အိမ်ထောင်စု ၃၅ စုအတွက် သောက်ရေသန့်ဘူးကြီး ၅၀ နှင့် ဘူးသေး ၃၆ ဘူးတို့ကို လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

### ဆေးလိပ်ငွေ့ကင်းစင်ရေးအသိပညာပေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာမြင့်မိုရ်ခန်းမ၌ ဆေးလိပ်ငွေ့ကင်းစင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောပွဲကို မေ ၈ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မိုးမိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဒွေးအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီးက ဆေးလိပ်ကြောင့်ဖြစ်ပွားနိုင်သော ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများနှင့် ရောဂါများအကြောင်းအရာများကိုလည်းကောင်း အသီးသီး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း ဆေးလိပ်ငွေ့ကင်းစင် တို့ပတ်ဝန်းကျင် နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကန်ကြီးထောင့်မြို့နယ်တွင် ရေမြောင်းအရှည် ပေ ၂၅၀၀၀ ကျော် တူးဖော်ပြီးစီး

**ကန်ကြီးထောင့် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် မြို့တွင်းသန့်ရှင်းသာယာလှပစေရေးနှင့် မိုးရာသီတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများကို ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းအရ မိုးမကျမီ တူးဖော်ဆောင်ရွက်လျက်ရှိရာ ရေမြောင်းအရှည်ပေ ၂၅၀၀၀ ကျော် တူးဖော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ရေမြောင်းအရှည်ပေပေါင်း ၂၇၉၁၀ ကို တူးဖော်ရန် လျာထားပြီး မေလပထမပတ်မှစ၍ ရေမြောင်းများတူးဖော်ခြင်းကို လူအား၊ စက်ယန္တရားအင်အားများဖြင့် ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက်အထိ ရေမြောင်းအရှည်ပေ ၂၅၇၅၀ ကို တူးဖော်ပြီးစီးခြင်းဖြစ်ကြောင်း သိရသည်။

ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းကို ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလွင်၏လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်ဦးစီးအရာရှိဦးရဲထွန်းဦး၊ လက်ထောက်အင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်တို့က ဦးဆောင်ကြီးကြပ်၍စက်ယန္တရားများ၊ အလုပ်သမားများဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ရေမြောင်းများတူးဖော်ရာတွင် ကန်ကြီးထောင့်မြို့အဝင် မာလာကုန်းလမ်းဆုံဘေး ဝဲယာမှ ရေမြောင်းများကိုလည်းကောင်း၊ အမှတ်(၁)ရပ်ကွက်ရှိ မြို့လယ်လမ်း၊ ရွှေဘိုတန်းလမ်း၊ ဈေးလမ်းမ ဘေးဝဲယာရှိ ရေမြောင်းများကိုလည်းကောင်း၊ ဒါးကကျေးရွာရှိ ဒါးက-မြဝတီလမ်းနှင့် ဒါးက(အထက)ကျောင်း လမ်းဘေးရှိ ရေမြောင်းများကိုလည်းကောင်း တူးဖော်လျက်ရှိကာ တူးဖော်ရန်ကျန်ရှိသည့် ရေမြောင်းအရှည်ပေ ၂၀၀၀ ကျော်ကိုလည်း မိုးမကျမီပြီးစီးအောင် ဆက်လက်တူးဖော်သွားမည်ဖြစ်ကြောင်း ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ပြောကြားချက်အရ သိရသည်။ **နန်းထိုက်(ပြန်/ဆက်)**

**ရှမ်းပြည်နယ်**

## ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးပွဲတော်(တောင်ကြီး) ကျင်းပရန် ညှိနှိုင်းဆွေးနွေး

**တောင်ကြီး မေ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်(တောင်ကြီး)ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက်က တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ ပူးပေါင်းပြီး ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်များကို ပြည်ထောင်စုအနှံ့ ကျင်းပလာခဲ့ရာ ယခု တောင်ကြီးမြို့သို့ ရောက်ရှိလာ၍ တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမတွင် ဇွန် ၂ ရက်မှ ၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကလေးစာပေပွဲတော် ကျင်းပသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ အနာဂတ်ကလေးများ ခေါင်းဆောင်ကောင်းဖြစ်လာစေရန်၊ ဉာဏ်ရည် ဉာဏ်သွေး အယူအဆထက်မြက်လာစေရန်၊ ကလေးများ တီထွင်ဖန်တီးလိုစိတ် ရှိလာစေရန်၊ ကလေးများ စာပေနှင့်ရင်းနှီးပြီး ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် ဖန်တီးပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ဘက်စုံထောင့်စုံမှ ကော်မတီများလည်း ဖွဲ့စည်းထားပြီးဖြစ်ရာ ကော်မတီဝင်အသီးသီးကလည်း ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ဝန်ကြီးချုပ်က မှာကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို နေပြည်တော်၊ မန္တလေး၊ မော်လမြိုင်တို့တွင် ကျင်းပပြီးစီးခဲ့သည့် အတွေ့အကြုံများနှင့် ယခု တောင်ကြီးမြို့တွင်ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ တောင်ကြီးမြို့ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်တွင် ဆရာကြီးမင်းသုဝဏ်စာအုပ်ပြခန်း၊ ကလေးစာပေစာအုပ်ပြပွဲ၊ ကာတွန်းပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်၊ ဟောပြောပွဲနှင့် ဆွေးနွေးပွဲများ၊ ကလေးငယ်များအတွက် ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ကာတွန်းအရုပ်များနှင့် ဓာတ်ပုံရိုက်ခြင်းနှင့် 3D ကားချပ်များဖြင့် ဓာတ်ပုံရိုက်ခြင်းစသည့် အစီအစဉ်များ ထည့်သွင်းကျင်းပနိုင်ရန် ဆောင်ရွက်သွားမည်ဟု သိရသည်။ ထို့နောက် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်(တောင်ကြီး) ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

ပီလောပီနံ၊ ပြောင်းဖူး၊ မုန်လာဥစသော အသီးအနှံများကို အမှုန့်ကြိတ်ပြီး ဓာတုနည်းစဉ်ဖြင့် ရောစပ်ထုတ်လုပ်ရောင်းချလျက်ရှိနေကြရာ... အမည်နာမအမျိုးမျိုး၊ တံဆိပ်အမျိုးမျိုး ရိုက်နှိပ်ထားသည့် မိုနိုဆိုဒီယမ်ဂလူတာမိတ်အခြေခံ အရသာမှုန့် အမျိုးမျိုးတို့သည် ဈေးကွက်အတွင်း ကျယ်ပြန့်စွာ နေရာယူထားလျက်ရှိနေကြပြီဖြစ်သည်။

သဘာဝလွန် ဓာတုပစ္စည်းဖြစ်သော မိုနိုဆိုဒီယမ်ဂလူတာမိတ်ကိုအခြေပြု၍ ထုတ်လုပ်ထားသည့် အချိုမှုန့်၊ ဟင်းခတ်မှုန့်၊ အသားမှုန့်နှင့် ဟင်းအနှစ်မှုန့်များကို လူအများက စွဲလမ်းနှစ်ခြိုက်စွာ သုံးစွဲနေကြသော်လည်း ယင်းတို့ကို ထုတ်လုပ်

**သဘာဝလွန် ဓာတုပစ္စည်းဖြစ်သော မိုနိုဆိုဒီယမ်ဂလူတာမိတ်ကိုအခြေပြု၍ ထုတ်လုပ်ထားသည့် အချိုမှုန့်၊ ဟင်းခတ်မှုန့်၊ အသားမှုန့်နှင့် ဟင်းအနှစ်မှုန့်များကို လူအများက စွဲလမ်းနှစ်ခြိုက်စွာ သုံးစွဲနေကြသော်လည်း ယင်းတို့ကို ထုတ်လုပ်နေသူများကမူ လုံးဝ စားသုံးခြင်းမပြုကြပေ။ အဘယ်ကြောင့်ဆိုသော် မိုနိုဆိုဒီယမ်ဂလူတာမိတ် ထုတ်ကုန်ပစ္စည်းဖြစ်သော အချိုမှုန့်အပါအဝင် အရသာမှုန့်အမျိုးမျိုးတို့၏ ဘေးထွက်ဆိုးကျိုးနှင့် ကျန်းမာရေးအန္တရာယ်များကို ထုတ်လုပ်သူတို့က ကောင်းစွာသိရှိထားကြသောကြောင့်ပင်ဖြစ်သည်**



နေသူများကမူ လုံးဝ စားသုံးခြင်းမပြုကြပေ။ အဘယ်ကြောင့်ဆိုသော် မိုနိုဆိုဒီယမ်ဂလူတာမိတ် ထုတ်ကုန်ပစ္စည်းဖြစ်သော အချိုမှုန့်အပါအဝင် အရသာမှုန့်အမျိုးမျိုးတို့၏ ဘေးထွက်ဆိုးကျိုးနှင့် ကျန်းမာရေးအန္တရာယ်များကို ထုတ်လုပ်သူတို့က ကောင်းစွာသိရှိထားကြသောကြောင့်ပင်ဖြစ်သည်။

အမြင်လှသော အဖြူရောင်ပုံဆောင်ခဲကလေးများဖြစ်သည့် အချိုမှုန့်သည် ဟင်းလျာများကို အရသာ ထူးထူးကဲကဲရှိစေသော်လည်း အချိုမှုန့်ကြောင့်ရရှိခံစားကြရမည့် ဘေးအန္တရာယ်တို့ကမူ ကြောက်ခမန်းလိလိ ထိတ်လန့်ဖွယ်ကောင်းလွန်းသည့်အတွက် အကြားအမြင် ဗဟုသုတနှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့က အချိုမှုန့်ကို "ချိုမြိန်သောအဆိပ်"ဟူ၍ပင် တင်စားသုံးနှုန်းလေ့ရှိကြသည်။

ထို့ကြောင့်ပင် ထုတ်လုပ်သူတို့ကိုယ်တိုင်က စားသုံးခြင်းမပြုသော အချိုမှုန့်နှင့် ဟင်းချိုမှုန့်များကို သုံးစွဲနေကြမည့်အစား ဟင်းလျာများချက်ပြုတ်ရာတွင် သဘာဝသကြားအညို(Brown Sugar)၊ ဆား၊ အသား၊ ငါးနှင့် ဟင်းခတ်အသီးအရွက်တို့ကိုသာ သုံးစွဲချက်ပြုတ် စားသောက်သွားကြခြင်းအားဖြင့် ကျန်းမာပျော်ရွှင်သောလူမှုဘဝကို တည်ဆောက်သွားသင့်ကြပေသည်။ ။

## ဗန်းမော်မြို့၌ အခြေခံအိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

**ဗန်းမော် မေ ၁၀**

ကချင်ပြည်နယ် ဗန်းမော်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၃၈/၂၀၁၇)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၆/၂၀၁၇) ဖွင့်ပွဲကို မေ ၈ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဗန်းမော်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးညွန့်စိုးက နယ်စပ်ဒေသရှိ တိုင်းရင်းသူလေးများကို အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးရန်၊ တတ်မြောက်ခဲ့သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ရိုးရာယဉ်ကျေးမှု အိမ်တွင်းမှုအတတ်ပညာများ ပိုမိုထွန်းကားပြန့်ပွားလာစေရန် ရည်ရွယ်၍ သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သိမ့်သိမ့်စိုးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အခြေခံအိမ်တွင်းမှုသင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်း ဘာသာရပ်များအပြင် သီးခြားဘာသာရပ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်နှင့် ပြင်ပမှ ကျန်းမာရေးအသိပညာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းအရာများနှင့် ကြက်ခြေနီ ရှေးဦးပြုစုခြင်းပညာရပ်များကိုလည်း အသိပညာပေးဟောပြောပွဲများ ပို့ချဆွေးနွေးပေးခြင်းဖြင့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် အခြေခံအိမ်တွင်းမှုသင်တန်းတွင် သင်တန်းသူ ၄၆ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းတွင် သင်တန်းသူ ၁၁ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တ၁၄ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲအပြီးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သင်တန်းတွင် ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးခဲ့သည်။
**(ခရိုင် ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ ကျင်းပနိုင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၁၀**

၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း၊ တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာများ၊ မီဒီယာများ စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် လုပ်ငန်းဆပ်ကော်မတီအသီးသီးမှ ဆောင်ရွက်မည့် အစီအစဉ်များအား တင်ပြဆွေးနွေးခဲ့ရာ ပြိုင်ပွဲကျင်းပမည့်နေ့ကို ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် လည်းကောင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် လည်းကောင်း၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို သတင်းအချက်အလက် နည်းပညာတက္ကသိုလ်(ဗဟန်း)တွင် လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ပုံစံများ ထုတ်ပေး/လက်ခံ ဆောင်ရွက်မည့်နေရာကို ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းရှိ မူးယစ်ဆေးဝါး အထိမ်းအမှတ်ပြတိုက်တွင် ဆောင်ရွက်ရန်ဆုံးဖြတ်ခဲ့ကြကာ ညနေ ၃ နာရီတွင် အစည်းအဝေးပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**ဗန်းမောက် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်အတွင်း မေ ၅ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသော ကျေးရွာနှစ်ရွာသို့ ထောက်ပံ့ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူများက မေ ၇ ရက်တွင် အဆိုပါ ကျေးရွာများသို့သွားရောက်၍ ပေးအပ်ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဗန်းမောက်မြို့နယ် ညောင်ပင်သာကျေးရွာနှင့် ပန်းတင်ကျေးရွာတို့ရှိ လူနေအိမ်၁၉ လုံး၊ စာကြည့်တိုက် အဆောက်အအုံနှင့် ပန်းတင်ဘုန်းတော်ကြီးကျောင်းတို့တွင် အမိုးများ ပျက်စီးသွားပြီး လူနှင့် တိရစ္ဆာန်များ အသေအပျောက်မရှိခဲ့ကြောင်း သိရသည်။ အဆိုပါ ညောင်ပင်သာနှင့် ပန်းတင်ကျေးရွာများသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျင်မြန်စွာဆောင်ရွက်နိုင်ရန် လိုအပ်သောအကူအညီများပေးခဲ့ကာ လေဘေးသင့်အိမ်ထောင်စုများအား အိမ်မိုးသွပ်ပြားများ အပါအဝင် ထောက်ပံ့ရေးပစ္စည်းများနှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေဘေးသင့်ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများကိုလည်း အနောက်မြောက်တိုင်းစစ်ဌာနချုပ်အောက်ရှိ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများက သွားရောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လူအောင်(ကသာ)**

## စစ်ကိုင်းတိုင်းဒေသကြီး

# မုံရွာခရိုင် စူဠဘွဲ့နှင်းသဘင်တွင် စာအောင်သံဃာ ၄၃၈ ပါးအား အောင်လက်မှတ်များ ဆက်ကပ်

**မုံရွာ မေ ၁၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ကြီးမှူး၍ ပထမဆုံးအကြိမ် ကျင်းပသည့် မုံရွာခရိုင် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၉ ရက်က မုံရွာမြို့ ရွှေစည်းခုံစေတီတော် သာသနာ့ဗိမာန်တော်အတွင်း ကျင်းပခဲ့ပြီး ၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ စာမေးပွဲများတွင် အောင်မြင်တော်မူကြသော သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်များ ဆက်ကပ်ခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က “ပင်ပန်းကြီးစွာ လေ့လာသင်ယူဆည်းပူးခဲ့တဲ့အတွက် ပါဠိပထမပြန်စာမေးပွဲကြီးမှာ အောင်မြင်ခဲ့တဲ့ စာအောင်သံဃာတော်တွေကို ပူဇာစပူဇနေယျာနံ ပူဇော်ထိုက်သူကို ပူဇော်ခွင့်ရတာကြောင့် မင်္ဂလာတရား တိုးပွားရပါတယ်။ အခုနှစ်မှာ တိုင်းဒေသကြီးအစိုးရဟာ လုပ်ငန်းတာဝန်တွေ များပြားသလိုတာဝန်ယူရတဲ့ကာလဟာ တစ်နှစ်တာကာလလောက် ဖြစ်တဲ့အတွက် အတွေ့အကြုံနုနယ်သေးပြီး မုံရွာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဟာလည်း ၂၀၁၇ မတ်လမှာ အသစ်ပြောင်းရွှေ့ရောက်ရှိလာတဲ့အတွက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားဟာ အကြောင်းအမျိုးမျိုးကြောင့် နောက်ကျပြီးမှ ကျင်းပနိုင်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရက နှစ်စဉ်ဆက်ကပ်ချီးမြှင့်တဲ့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရကြတဲ့ ဆရာတော်သံဃာတော်များ၊ သီလရှင်ဆရာကြီးများ၊ လူပုဂ္ဂိုလ်များကို တိုင်းဒေသကြီးအစိုးရက ထပ်ဆင့် ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို မကြာခင်ကာလမှာ ကျင်းပမှာဖြစ်ပါတယ်”ဟု အခမ်းအနားတွင် ပြောကြားသည်။

၂၀၁၆ ခုနှစ် သာသနာတော်ဆိုင်ရာ စာမေးပွဲများကို မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ ချောင်းဦး၊ ဘုတလင်နှင့် အရာတော်မြို့နယ်များမှ ဝင်ရောက်ဖြေဆိုတော်မူကြသည့် သံဃာတော်များအနက် ဓမ္မာစရိယစာမေးပွဲအောင် ရှစ်ပါး၊ ပထမကြီးတန်းအောင် ၆၉ ပါး၊ ပထမလတ်တန်းအောင် ၁၁၂ ပါး၊ ပထမငယ်တန်းအောင် ၂၄၉ ပါး စုစုပေါင်း ၄၃၈ ပါးအား စူဠဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခြင်းဖြစ်ကြောင်း သိရ သည်။ မုံရွာခရိုင်လေးမြို့နယ်သည် ပရိယတ္တိစာမေးပွဲများကို စည်းကမ်းအပြည့်အဝဖြင့် စနစ်တကျ ကျင်းပပြုလုပ်ပေးသည့်အတွက် အရည်အချင်းပြည့်ဝသော စာအောင် သံဃာတော်များဖြစ်ကြသည်ဟု အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသိအမှတ်ပြုခြင်းကို ခံရကြောင်းလည်း သိရသည်။ စူဠဘွဲ့နှင်းသဘင် အခမ်းအနားတွင် မုံရွာမြို့ အုတ်ကန်တောရကျောင်းတိုက် ဆရာတော်ကြီးက သီလချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး စာအောင်သံဃာ ၄၃၈ ပါးအတွက် စာအောင်လက်မှတ်နှင့် အလှူငွေများကို ဆက် ကပ်လှူဒါန်းကြကာ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းနှင့် လှူဒါန်းပစ္စည်းများကို ဌာနဆိုင်ရာများ၊ အလှူရှင်ပြည်သူများ စုပေါင်း၍ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ညောင်ဦးမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်သုံးတိုင်ပြိုလဲမှုဖြစ်



**ညောင်ဦး မေ ၁၀**

ညောင်ဦးခရိုင် ညောင်ဦးမြို့တွင် မေ ၇ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်က လေပြင်းများတိုက်ခတ်ခဲ့ပြီး လေပြင်းဒဏ်ကြောင့် အမှတ်(၂) အရှေ့ဈေးတန်း ရပ်ကွက်တွင် လျှပ်စစ်ဓာတ်အားလိုင်းတိုင် သုံးတိုင် ပြိုလဲသွားခဲ့ကြောင်း သိရသည်။

ရပ်ကွက်အတွင်း လျှပ်စစ်ဓာတ်အားလိုင်းတိုင်များ ပြိုကျသွားခဲ့သဖြင့် လမ်းပိတ်ဆို့ခြင်းများဖြစ်ခဲ့ရာ ခရိုင်မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများနှင့် ပူးပေါင်းကာ ရပ်ကွက်နေပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့ဖြင့် ချက်ချင်း သွားရောက်ရှင်းလင်းဖယ်ရှားဆောင်ရွက်ပေးခဲ့၍ အချိန်တိုအတွင်း ပြီးစီးခဲ့ကာ ယခုအခါ ရပ်ကွက်နေပြည်သူများ သွားလာရေးတွင် အခက်အခဲမရှိတော့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မီးပျက်ရက်များခြင်းကြောင့် လုပ်ငန်းရှင်များ အခက်အခဲဖြစ်သလို မှုခင်းများလည်းဖြစ်ပွားနိုင်

**မလှိုင် မေ ၁၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ယခု မေလအတွင်း လျှပ်စစ်မီးပျက်ရက်များနေခြင်းကြောင့် လျှပ်စစ်မီးဖြင့် လုပ်ငန်းလုပ်ကိုင်ကြသည့် လုပ်ငန်းရှင်များ အနေဖြင့် အဆင်မပြေဖြစ်နေသလို လျှပ်စစ်မီးပျက်ရက်များတွင် လမ်းမီးများ လည်းပျက်ပြီး မှောင်မိုက်နေခြင်းကြောင့် မလိုလားအပ်သောမှုခင်းများလည်း ဖြစ်ပွားနိုင်ကြောင်း ဒေသခံပြည်သူများကဆိုသည်။

‘အရင်တုန်းက မီးပျက်မယ်ဆိုရင် မြို့တွင်း လှည့်လည်အသိပေးပါတယ်။ ဥပမာ ဘယ်အချိန်အထိ မီးပျက်မယ်စသည်ကို အသိပေးပါတယ်။ အခုတော့ ပျက်ချင်တဲ့ အချိန် ပျက်တယ်။ အခုလဆိုရင် နေ့ည မီးပျက်ရက်တွေ များပါတယ်။ လျှပ်စစ်မီး ခဏခဏပျက်ခြင်းကြောင့် ကျွန်တော်တို့လုပ်ငန်းတွေအတွက် အခက်အခဲဖြစ်ရပါတယ်။ ညအချိန်ဆိုရင်လည်း လမ်းမီးက မလင်း၊ လူနေအိမ်တွေက လျှပ်စစ်မီးမလင်းတာကို အခွင့်ကောင်းယူပြီး ခိုးမှုစတဲ့ ဥပဒေမဲ့လုပ်ရပ်တွေလည်း ပိုဖြစ်လာနိုင်ပါတယ်။ မလှိုင်မြို့နယ်မှာ မကြာခဏဆိုသလို ဆိုင်ကယ်ပျောက်ဆုံးမှုတွေလည်း ဖြစ်ပေါ်နေတာပါ။ အခုဆိုရင် မကြာခင် စာသင်ကျောင်းတွေပြန်ဖွင့်တော့မယ်။ ဒီလိုသာ လျှပ်စစ်မီးအပျက်များရင် ကျောင်းသားကလေးတွေအတွက် ပညာရေးအပိုင်းမှာ ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများအနေနဲ့ လျှပ်စစ်မီးပျက်မယ်ဆိုရင် ဘာကြောင့်ပျက်တယ်ဆိုတာကို ပြည်သူကို အရင်လို အသိပေးစေချင်ပါတယ်”ဟု လျှပ်စစ်ဓာတ်အားအသုံးပြု၍ အလုပ်လုပ်ကိုင်နေသော ဒေသခံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မလှိုင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ တာဝန်ခံ ဦးကျော်ဆွေကမူ “မလှိုင်မြို့နယ်ကို မြင်းခြံဓာတ်အားခွဲရုံမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဝေနေတာပါ။ မလှိုင်မြို့နယ်အတွင်း လျှပ်စစ်မီး ခဏခဏပျက်တယ်ဆိုတာက ဓာတ်အားခွဲရုံက ဓာတ်အားမပေးဝေနိုင်လို့ မဟုတ်ပါဘူး။ မြင်းခြံလျှပ်စစ်ဓာတ်အားခွဲရုံက တစ်ဆင့် သွယ်တန်းထားတဲ့ကြိုး စသဖြင့် အပြစ်များကြောင့် မီးပျက်ရတာဖြစ်သလို သဘာဝဘေးအန္တရာယ်များကြောင့် တစ်ခါတလေ တိုင်လဲတာ၊ ဝိုင်ယာကြိုးများ ပေါက်ပြဲပျက်ကျတာ စတာတွေကြောင့်ပဲ လျှပ်စစ်မီး ခဏခဏပျက်ရတာပါ”ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်သည် မြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာအုပ်စု ၅၂ စု ကျေးရွာပေါင်း ၂၇၄ ရွာရှိပြီး လူဦးရေနှစ်သိန်းဝန်းကျင်ခန့် နေထိုင်ကြသည်။ မြို့နေလူဦးရေထက် ကျေးလက်များတွင်နေထိုင်ကြသူများပြီး အများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်လုပ်ငန်းများကို လုပ်ကိုင်ကြကာ လျှပ်စစ်ဓာတ်အား အသုံးပြုသည့်လုပ်ငန်းများကို လုပ်ကိုင်ကြသော လုပ်ငန်းရှင်အချို့လည်းရှိသည်။

မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ်နွေရာသီအတွင်း လျှပ်စစ်ဓာတ်အား သုံးစွဲရန်အတွက် လုံလောက်မှုရှိကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ် ဦးသိန်းလှိုင်က မေ ၇ ရက်တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် မီဒီယာများအား အသိပေးပြောကြားခဲ့ကြောင်းလည်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

# လူထုဗဟိုပြုစီမံကိန်း ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီး

**ညောင်ဦး မေ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေဖြင့် တောင်လက်ကျေးရွာ၌ ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းခင်း လုပ်ငန်းများကို ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် လူထုဗဟိုပြုစီမံကိန်း၏ ဒုတိယ နှစ်စက်ဝန်းတွင် စီမံကိန်းဝင်ကျေးရွာဖြစ်သော တောင်လက်ကျေးရွာ၌ အရှည် ၆၄၂ ပေ၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မရှိ ကွန်ကရစ်လမ်းကို စီမံကိန်းခွင့်ပြုရန်ပုံငွေ ကျပ် ၇ ဒသမ ၅ သန်းဖြင့် မတ် ၂၇ ရက်က စ၍ ခင်းခဲ့ရာ မေ ၅ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းမှာ ယခင်က မြေသားလမ်းဖြစ်ပြီး ယခု ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်လိုက်ခြင်းကြောင့် တောင်လက်ကျေးရွာနေ ဒေသခံပြည်သူ ၁၀၀၀ နီးပါးအနေဖြင့် ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းမှ ဒေါ်ဖူးအိခိုင်(အခြေခံအဆောက်အအုံပိုင်းဆိုင်ရာအကြံပေး)နှင့် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှ ဒေါ်ခိုင်ရွှေဝင်း(အခြေခံ အဆောက်အအုံပိုင်းဆိုင်ရာတာဝန်ခံ)တို့က ကျေးရွာတာဝန်ခံ လူထုစည်းရုံးရေးမှူးများနှင့်အတူ မေ ၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**နေအောင်(ပြန်/ဆက်)**



# Open Tender ခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှအောက်ဖော်ပြပါ ကျောင်းများအတွက် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(က) အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)အတွက် — ရုံးသုံးပရိဘောဂများ

(ခ) School of Industrial Training and Education (SITE) အတွက် — သင်ထောက်ကူပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများ

၂။ Open Tender ပုံစံများကို ၁၁-၅-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ်(၂၁)တွင် တစ်စုံလျှင် ကျပ်(၁၀၀၀၀)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၇-၆-၂၀၁၇ ရက်ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အဆိုပါ သင်ထောက်ကူပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား သက်ဆိုင်ရာကျောင်းအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက် များကို ရုံးချိန်အတွင်းဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆နှင့် website ဖြစ်သော www.tvetmyanmar.Org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ရခိုင်ပြည်နယ်မြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကျေးလက်လမ်း/တံတား၊ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါသည်။

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက်/အရှည်မိုင် |
|---|---|---|
| (၁) | ကတ္တရာလမ်း | ( ၁/၃ )မိုင် |
| (၂) | ကွန်ကရစ်လမ်း | ( ၅/၇·၉၅ )မိုင် |
| (၃) | ကျောက်လမ်း | ( ၃/၁·၂ )မိုင် |
| (၄) | ကွန်ကရစ်တံတား | ( ၃ )စင်း၊ (၇၅)ပေ |
| (၅) | Box Culvert | ( ၃ )စင်း၊ ( ၂၁ )ပေ |
| (၆) | မြေသားရေကန် | ( ၇၁)ကန် |
| (၇) | လက်တူးတွင်း | ( ၅၃ )တွင်း |
| (၈) | စိမ့်စမ်းရေသွယ်လုပ်ငန်း | ( ၂ )ခု |
| (၉) | အခြားရေပေးရေးလုပ်ငန်း | ( ၂ )ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၅-၂၀၁၇ရက်မှစ၍ ရုံးချိန်အတွင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၅-၆-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး(၀၄၃-၂၂၆၄၄)၊ (၀၄၃-၂၂၉၂၃)နှင့် လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)(၀၉-၄၂၁၇၁၀၃၂၂) တို့တွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သူရဖြိုးဝေ ၁၀/မလမ(နိုင်)၂၁၂၇၉၈၏ (Passport-No. မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၆၄၄၈၇၅၈**

## အမည်ပြောင်း

ပဲခူးခရိုင်၊ ကျောက်တံတားမြို့နယ်၊ ကညင်ကျိုးကျေးရွာနေ ဦးဇော်မြင့်-ဒေါ်ကေသွယ်ဝင်းကြိုင်တို့၏သား မောင်ထူးမြတ်အောင်အား မောင်မြင့်မြတ်ထူးအောင်ဟု လည်းကောင်း၊ သမီးမသော်ဇင်ရွှန်းလဲ့(ခ)မသန့်ယဉ်ဝင့်ဝါအား မရွှေရည်သွန်းလှိုင်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ဆေးသုတေသနဦးစီးဌာန
## အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဌာနအတွက် အသုံးပြုရန်လိုအပ်သော သုတေသနဓာတ်ခွဲခန်းသုံးစက်နှင့်စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ လည်းကောင်း၊ ဖုန်းအမှတ် ၀၁-၃၈၀၁၂၈၊ ၀၉-၅၁၃၆၇၁၀ နှင့် ၀၉-၅၁၃၆၇၀၂ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် စက်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်း တင်သွင်းလွှာ-

စတင်ရောင်းချမည့်ရက် - ၉-၅-၂၀၁၇ရက် နံနက် ၁၀နာရီ

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက် - ၆-၆-၂၀၁၇ရက် မွန်းတည့် ၁၂နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ကယားပြည်နယ်အစိုးရအဖွဲ့
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## (ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကယားပြည်နယ်အတွင်းရှိ ကတ္တရာလမ်း (၁/၁·၁၈၂) မိုင်၊ကျောက်လမ်း(၂/၀·၃၅)မိုင်၊ ကွန်ကရစ်တံတား ပေ(၅၀)၊ Box Culvert(၅)ပေ၊ စိမ့်စမ်း(၁)ခု၊ တွင်းတိမ်(၂၂)တွင်း၊ တွင်းနက်(၃)တွင်း၊ မြေသားကန်(၁)ကန်၊ လက်တူးတွင်း(၃)တွင်း၊ အခြား(ရေပေးရေး)(၁၂)ခု၊ ရုံးအဆောက်အအုံ(၂)လုံးတို့ကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲ တွက်ချက်တင်ပြရန်၊ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၅-၅-၂၀၁၇ရက်မှ ၈-၆-၂၀၁၇ ရက်အထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၉-၆-၂၀၁၇ရက် (၁၆:၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဤဦးစီးဌာနရုံးဖုန်း-၀၈၃-၂၃၁၂၄၊ ၂၃၁၂၅၊ ၂၄၀၁၈၁၊ ၂၄၀၁၁၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကယားပြည်နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## အမည်ပြောင်း

ကာမိုင်းမြို့၊ အလက မြို့မ(၂)တတိယတန်းမှ မောင်မခေါ်အောင်အောင်ကို မောင်ထမူအောင်အောင်ဟု ပြောင်းလဲခေါ်ပါရန်နှင့် မောင်ထမူအောင်အောင်၏ ဖခင်ဦးမခေါ်လကို ဦးထမူဒီးဟု ပြောင်းလဲခေါ်ပါရန်။

## ဂိုဒေါင် (ရောင်း/ငှား)

ပေ(၈၀×၆၀)၊ ရေ၊ ပါဝါမီတာ၊ နှင်းဆီလမ်း၊ တောင်ဒဂုံ စက်မှုဇုန်(၃) (ဇုန်ကွပ်ကဲရေးရုံး ရှေ့တည့်တည့်လမ်း) ငှား(၁၁ သိန်း)

**ဖုန်း-၀၉-၉၇၀၂၃၅၁၅၂၊ ၀၉-၅၀၃၅၂၃၄**

## ကျေးဇူးဆပ်ပါမည်

**ယာဉ်အမှတ်- 7G/9739 လိုက်ထရပ်**

ယာဉ်အမှတ် 7G/9739 လိုက်ထရပ်၏ ကားလိုင်စင်၊ ဗီးတက်၊ လုပ်ငန်းလိုင်စင် (၁+၂) ကားပရီမီယံနှင့် အရေးကြီးစာရွက်စာတမ်းများ ၆-၅-၂၀၁၇ရက် ညနေတွင် PROBOX-TAXI ပေါ်၌ ပျောက်ဆုံးသွားပါသည်။

**တွေ့ရှိက အမြန်ဆက်သွယ်ပါ။**
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၄၂၈၅၇၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မုံရွာစီးပွားရေးတက္ကသိုလ်
## ပါရဂူဘွဲ့(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ်တွင်(၂၀၁၇-၂၀၁၈)ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ် များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

(က) ဘောဂဗေဒ
(ခ) ဝါဏိဇ္ဇဗေဒ
(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့(Ph.D)သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။

(က) ပါရဂူဘွဲ့(Ph.D)သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၁၇ခုနှစ် ဇွန်လ ၁ရက်တွင် အသက် ၃၀နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင် အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်။)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့တန်း အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃နာရီမေးခွန်းနှင့် အင်္ဂလိပ်စာ ၃နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန် မလိုပါ။) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြများဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်တစ်နှစ် အနည်းဆုံးရှိရမည်။
(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမမဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင် တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(သို့မဟုတ်)သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်**

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့တန်း(Master) အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီမေးခွန်းနှင့် ဝင်ခွင့်စာမေးပွဲဖြေဆို အောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိသူများသည်(ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရန် မလိုပါ။) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့် အဆင့်တူရာထူးတွင် လုပ်သက်နှစ်နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသန နယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ သုံးမျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မုံရွာ စီးပွားရေးတက္ကသိုလ်၊ သင်တန်းရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၈-၅-၂၀၁၇ရက် (ကြာသပတေးနေ့) နောက်ဆုံးထားလျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မုံရွာစီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D)သင်တန်းဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

| | | | |
|---|---|---|---|
| (၁) | ၂၂-၅-၂၀၁၇ရက်(တနင်္လာနေ့) | ၉း၀၀နာရီမှ ၁၂း၀၀နာရီ | သက်ဆိုင်ရာဘာသာရပ် |
| (၂) | ၂၃-၅-၂၀၁၇ရက်(အင်္ဂါနေ့) | ၉း၀၀နာရီမှ ၁၂း၀၀နာရီ | အင်္ဂလိပ်စာဘာသာရပ် |

၅။ ရေးဖြေစာမေးပွဲ အောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိသူများကို ၃၀-၅-၂၀၁၇ရက်(အင်္ဂါနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ ဌာနမှူး၊ သင်တန်းရေးရာ (ဖုန်းနံပါတ်-၀၉-၅၀၄၄၃၂၃)သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ယဉ်မင်းသန့်**
**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**မုံရွာစီးပွားရေးတက္ကသိုလ်**




## ကန့်ကွက်လွှာကြော်ငြာခြင်း


လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၄)၊ အကွက်အမှတ်(၂၆/လုံလှော့ရပ်)၊ ဦးပိုင်အမှတ်(၁၄/က)၊ ဧရိယာ ၀ဒသမ ၀၈၁၊ အမှုတွဲအမှတ် ၀၈၅-၅/၂၀၁၂-၂၀၁၃(အေ)ဖြင့် ဦးရန်ကျင်ဖူးမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ခင်ပွန်းကွယ်လွန်၍ ဇနီး ဒေါ်ဂူမေကြူ ၁၃/လရန(နိုင်)၀၉၀၁၇၂ မှ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၃၇I/၂၀၁၆)ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆို ပိုင်ဆိုင်ခဲ့ပြီး အမည်ပြောင်းလျှောက်ထားလာသဖြင့် ယင်းမြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ရက် ၂၀ အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**





ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၃၈၀/ခ) မြေအကျယ်အဝန်း (၂၀ပေ×၆၀ပေ) မြေကွက် အမည်ပေါက် ဦးနော်ဇီယာမောက်သည် ကျွန်တော် ဦးအောင်ဇော်ထွန်းအား မြေကွက်နှင့်အိမ်အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီမှုရယူပြီး စရန်ငွေအချို့ ပေးထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ရေးဆိုင်ခွင့်အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်ထွန်း**
**ဖုန်း-၀၉-၈၆၅၁၀၅၂၇၂၊ ၀၉-၄၂၀၅၆၉၈၅၆**

## ဖခင်အမည်မှန်

သိန်းနီမြို့နယ်၊ မိုင်းလီအုပ်စု၊ ပန်ခမ်းကျေးရွာ အထက(ခွဲ)မှ အဋ္ဌမတန်းအောင်မြင်ခဲ့သော နန်းမွန်းလောဝ်၏ဖခင် ဦးအိုက်ကိန်း၏ အမည်မှန်မှာ ဦးစိုင်းဆောအောင် ၁၃/သနန(နိုင်)၀၀၀၀၉၀ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3G/9727 Toyota Toyoace Van ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင် ၈/ပခက(နိုင်)၀၀၄၀၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ အိပ်ချိ၊ မြေကွက်အမှတ် ၂၀၈၊ မြေကွက်တည်နေရာအမှတ်(၅)၊ ဗိုလ်လက်ျာလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ် ဦးသိန်းအောင် ၁၂/ဗဟန(နိုင်)၀၂၂၀၀၁ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသိန်းအောင်ကွယ်လွန်သဖြင့် ဒေါ်နီ ၁၂/ဗဟန(နိုင်)၀၂၂၀၀၂မှ တရားဝင်ဇနီးတော်စပ်ကြောင်းနှင့် ၄င်းမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ခွင့် မည်သူတစ်ဦး တစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ ဦးသိန်းအောင်၏ သေစာရင်းမိတ္တူမှန်၊ အိမ်ထောင်စုစာရင်းတို့တင်ပြ၍ ဒေါ်နီကိုယ်စား GP အမှတ် (၁၈၂၀/၂၀၁၇)ဖြင့်ရရှိသူ ဦးကျော်ရှိန်ဝင်း ၁၂/ဗဟန(နိုင်)၀၀၁၇၉၆မှ ပါဝါမရုပ်သိမ်းကြောင်းနှင့် GP လွှဲသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာခြင်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ရွှေမိုက်လေလံကြော်ငြာ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ အုံ့ဖွယ်ကိုးစုံရွှေစည်းခုံစေတီတော်မြတ်ကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ပြန်လည်ဆက်ကပ်လှူဒါန်းလျက်ရှိရာ တတိယအဆင့်အနေဖြင့် ကြာခံကြီး၊ ကြေးဝိုင်း၊ ရစ်မြှောင့်ချိုးနှင့် အရံစေတီ(၄)ဆူတို့နေရာများရှိ ရွှေမိုက်များကို ဈေးပြိုင်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။ ရွှေမိုက်လေလံဆွဲဝယ်လိုသူများသည် လေလံလျှောက်လွှာကို ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူပြီး ၂၂-၅-၂၀၁၇ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားရန်နှင့် ၂၃-၅-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီတွင် လေလံပွဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လေလံပွဲအတွက် အသေးစိတ်စည်းကမ်းများကို စုံစမ်းလိုပါက ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေမိုက်လေလံကြီးကြပ်ရေးအဖွဲ့**
**ရွှေစည်းခုံစေတီတော်၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဂေါပကအဖွဲ့ရုံး ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉၊ ၀၉-၄၂၆၅၀၁၁၄၂**

# ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ကြီး၏ ရွှေဆိုင်းတင်ဒါခေါ်ယူခြင်း

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ညောင်ဦးမြို့ရှိ အုံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်အား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူလျက်ရှိရာ တတိယအပိုင်းအဆင့်ဖြစ်သည့် ကြာခံကြီး၊ ကြေးဝိုင်း၊ ရစ်မြှောင့်ချိုးနှင့် အရံစေတီ (၄)ဆူတို့ကို (၂"×၂")ပတ်လည် မျက်ပါးရွှေဆိုင်းဖြင့် ရွှေသင်္ကန်းပြန်လည်ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ရွှေဆိုင်းတင်ဒါပေးသွင်းလိုသူများသည် လျှောက်လွှာကို (၁၃၇၉ ခုနှစ် နယုန်လဆန်း ၁ရက်) ၂၆-၅-၂၀၁၇ ရက် သောကြာနေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ လျှောက်ထားရမည်။ (၁၃၇၉ ခုနှစ် နယုန်လဆန်း ၂ ရက်) ၂၇-၅-၂၀၁၇ ရက် စနေနေ့ နံနက် ၁၀ နာရီတွင် တင်ဒါပွဲကို ကျင်းပမည်ဖြစ်ပါသည်။ ရွှေဆိုင်းတင်ဒါပေးသွင်းလိုသူများသည် (၂"×၂")ပတ်လည် နမူနာရွှေဆိုင်းတစ်ဆိုင်းနှင့် ဈေးနှုန်းချိပ်ပိတ်တင်ဒါကို တင်ဒါပွဲကျင်းပသည့်အချိန်တွင် တစ်ပါတည်းတင်ပြနိုင်ရမည်။ အသေးစိတ်သိလိုသော စည်းကမ်းချက်များနှင့်ပတ်သက်၍ ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေစည်းခုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဖုန်း-၀၉-၂၀၄၃၅၄၈၊ ၀၉-၂၀၄၃၉၀၉၊ ၀၉-၄၂၆၅၀၁၁၄၂**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ဘဒလင်ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ် (၅၃)နေ (ဘ)ဦးကိုကိုလတ် ၁၄/မအန(နိုင်) ၀၁၉၀၉၆ ၏သား အမက တာကြီးတန်း စတုတ္ထတန်းမှ မောင်မင်းခန့်ကိုကိုအား ယနေ့မှစ၍ မောင်မင်းခန့်ကိုဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းခန့်ကို**

## အမည်ပြောင်း

အထက (၁) မရမ်းကုန်းတွင် ပညာသင်ကြားနေသော မအိမ့်မွန်သန်း (တက္ကဝင်တန်း-L)၊ မောင်ဇင်မင်းမြတ် (န၀မတန်း-F)၊ မနန္ဒာဖြိုးအေး (သတ္တမတန်း-E)တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦးအစား ဦးထွန်းဖြစ်ပါသည်။ **ဦးထွန်း**

**၈/နမန(နိုင်)၁၀၂၀၁၂**

## မြေကွက်ရောင်းမည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း) ကျန်စစ်သားလမ်းမကြီးမေးတင် ရွှေပေါက်ကံတံတားအနီး (၄၀'×၆၀') မြေကွက်

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၅၂၆၂၂**
**၀၉-၇၆၅၀၄၇၁၄၁**

## မြေနှင့်အိမ် ငှားမည်

သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ အိမ်နှင့်မြေကွက်ကျယ်။

**ဆက်သွယ်ရန်-**
**ဖုန်း-၀၉-၇၆၅၀၄၆၉၅၉**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ဆိုင်ကယ်အမှတ် ၃၂ယ/၂၄၆၁၂ Honda Wave 100 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးစောသိန်းကြည် ၁၀/ရမန(နိုင်)၀၉၂၈၄၁ က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၂၅၀၀ Honda Dream 125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်းဝင်း ၁၀/ရမန(နိုင်)၁၁၁၃၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

၁။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၉၄၅)၊ မြေကွက်တည်နေရာအမှတ် (၉၄၅)၊ (၁၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (ဦးသန်းမောင်)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးသန်းမောင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးတင်ဆန်းမြင့် ၁၂/မရက(နိုင်)၀၈၃၈၆၈မှ On Line ၂၀၁၆၀၁၇၆၄၅(၁၂-၉-၂၀၁၆)ဖြင့် ပါမစ်မူရင်းတင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ အဆိုပါမြေကွက်ကိုယခင် (၁၂-၁၂-၂၀၁၂)ရက်တွင် ဦးသန်းမောင် ၁၂/လမန(နိုင်)၀၇၀၅၂၆ မှ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားခဲ့ပြီး မြေငှားစာချုပ်အမှတ်-ဒဂရ၊ ဂရသ-၃၂၉/၁၃(၂၄-၁၂-၁၃)ဖြင့် နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)စာအုပ်အား ထုတ်ယူသွားကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ သို့ပါ၍ ဌာနမှ ပါမစ်ပျောက်ဖြင့် လျှောက်ထားစဉ်တင်ပြခဲ့သော ကိုယ်တိုင်ဝန်ခံကတိပြုချက်အပိုဒ်(၃)ပါ စည်းကမ်းချက်အရ မြေငှားစာချုပ်မူရင်းအားဌာနသို့ ပြန်လည်အပ်နှံရန် ဦးသန်းမောင်ထံ (၃)ကြိမ် အကြောင်းကြားပြီးဖြစ်သော်လည်း ဌာနသို့ လာရောက်အပ်နှံခြင်းမရှိပါသဖြင့် ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားရယူသွားသော မြေငှားစာချုပ်အမှတ်-ဒဂရ၊ ဂရသ-၃၂၉/၁၃ ဦးသန်းမောင် ၁၂/လမန(နိုင်)၀၇၀၅၂၆ အမည်ပေါက် မြေငှားစာချုပ် (ဂရန်)စာအုပ်အား မြို့မြေစာရင်းတွင် ရုံးတွင်းအမိန့်အမှတ် (၈၀၉/၂၀၁၇)ဖြင့် ပယ်ဖျက်ပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပညာဘာဝနာ ဓမ္မရိပ်သာကျောင်းတိုက် ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်စောနောင်လမ်း၊ အမှတ် (၆၃၅-၆၃၈)၊ ပညာဘာဝနာဓမ္မရိပ်သာကျောင်းတိုက်တွင် ပဋ္ဌမအကြိမ် ဝိပဿနာတရားစခန်းပွဲကို လယ်တီမူ အနာဂါမ်ဆရာသက်ကြီးနည်းအရ ၂၀-၅-၂၀၁၇ရက်မှ ၂၉-၅-၂၀၁၇ ရက်ထိ ဝိပဿနာခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ပါ၍ မည်သူမဆို လာရောက်၍ ကုသိုလ်ယူ တရားအားထုတ်နိုင်ပါသည်။ (နေ့ယောဂီအဖြစ်လည်း အားထုတ်နိုင်ပါသည်။)

**ဆက်သွယ်စာရင်းပေးသွင်းရန် ဖုန်း-၀၉-၄၂၀၀၀၆၁၅၁၊ ၀၁-၈၀၁၀၁၄၁၊ ၀၁-၆၅၂၉၇၁**

**မှတ်ချက်။** ၂၀-၅-၂၀၁၇ ရက် ညနေ ၅း၀၀ နာရီအရောက်။ (မှတ်ပုံတင်ယူဆောင်လာပါရန်။)

## ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သီဟတပ်ခွဲ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် မိဘဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့်မိသားစုများ တက်ရောက်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် မိဘဆရာပူဇော်ပွဲအစီအစဉ်**

(က) **ကျဆုံး/ကွယ်လွန် သူငယ်ချင်းများအားရည်းစူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ** - ၁၃-၅-၂၀၁၇ ရက် (စနေနေ့) နံနက် ၀၉း၃၀ နာရီ အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေလေးရပ်ကွက်၊ ရန်ကုန်မြို့

(ခ) **မိဘဆရာပူဇော်ပွဲ** - နံနက် ၁၀း၃၀ နာရီ

**ညစာစားပွဲအစီအစဉ်**

(က) **ရန်ကုန်** ၁၃-၅-၂၀၁၇ ရက် (စနေနေ့) ညနေ ၆း၃၀ နာရီ၊ M.3 စားသောက်ဆိုင်

(ခ) **နေပြည်တော်** ၁၃-၅-၂၀၁၇ ရက် (စနေနေ့) ညနေ ၆း၃၀ နာရီ၊ Royal Classic စားသောက်ဆိုင် (SIGMA.Super Market အနီး ဥတ္တရသီရိမြို့နယ်)

(ဂ) **မန္တလေး** ၁၃-၅-၂၀၁၇ ရက် (စနေနေ့) ညနေ ၆း၃၀ နာရီ၊ မင်္ဂလာမန္တလေး၊ ကိုလာလာ စားသောက်ဆိုင်

## ကြေး/မြေစာရင်းဌာန အရာရှိ ၁၅၀ (1976 intake)၏ ပဌမအကြိမ်မြောက် မိတ်ဆုံစားပွဲနှင့် အလုပ်သင်ဆရာများအား ဂါရဝပြုပွဲ

၁၉၇၆ ခုနှစ်တွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ယခု လယ်/စီ/အင်းဌာန)သို့ စတင်ဝင်ရောက်အမှုထမ်းခဲ့သော ကျွန်တော်တို့သည် ယခုအခါ အသက်အရွယ်ကြီးရင့် အိမင်းစပြုလာကြသော ပင်စင်စား အဘိုးအိုလေးများ ဖြစ်နေကြပါပြီ။ အသက်အရွယ်အိုမင်းသော်လည်း နှစ်ပေါင်း ၄၀ ကျော် အုတ်မြစ်ချ ပန္နက်တည်ထားသည့် မိတ်ရင်း ဆွေရင်း သူငယ်ချင်း သံယောဇဉ်များမကင်းကြသည့်အားလျော်စွာ ငယ်သူငယ်ချင်းများ ချစ်ကြည်ရင်းနှီးပျော်ရွှင်စွာ ပြန်လည်တွေ့ဆုံပွဲနှင့် အလုပ်သင်ကာလ Under-training Master များကို ဂါရဝပြုပွဲအား အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ (မပျက်မကွက်) တက်ရောက်ကြပါရန် ကြေး/မြေ ၁၅၀ များအား ရင်းနှီးခင်မင်စွာ ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၄-၆-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၀၀ နာရီ
**နေရာ** - M3 Food Center, ဗဟန်းမြို့နယ်။

(**မှတ်ချက်။** ။ မြေစာရင်းပိဋ္ဌကတ်တိုက်၌ နံနက် ၆း၀၀ နာရီတွင် ကွယ်လွန်သွားပြီဖြစ်သော ၁၅၀ များအား ရည်စူး၍ အရဏ်ဆွမ်းဆက်ကပ်လှူဒါန်း၊ ရေစက်ချအမျှဝေခြင်းနှင့် ရုံးချုပ်ဆရာဟောင်းကြီးများအား ကန်တော့ပွဲပြုလုပ်ပါမည်။)။

**မိတ်ဆုံစားပွဲကျင်းပရေးဗဟိုကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ အသင်းကြီး၏ နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ (၈၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက် (မပျက်မကွက်) တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** - ၁၄-၅-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ညနေ ၃း၀၀ နာရီ
**နေရာ** - ဘုရားဖြူကျောင်းတိုက် ပုဇွန်တောင်မြို့နယ်
**ဖုန်း** - ၀၉-၄၂၀၀၆၅၁၂၆၊ ၀၉-၂၅၀၃၅၇၂၂၄၊ ၀၉-၇၈၁၉၂၆၅၈၇

## အမည်ပြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း န၀မတန်း(B)မှ ဦးခင်မောင်သန်း၏သား မောင်ရန်ရှင်းအောင်အား ယနေ့မှစ၍ မောင်ထူးအောင်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထူးအောင်ကျော်**

## ဖခင်အမည်မှန်

တာချီလိတ်မြို့၊ ပုန်းထွန် (အထက-ခွဲ)၊ န၀မတန်း(A) မှ မမေသူချစ်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်း ၅/မရန(နိုင်)၂၅၄၀၆၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးကျော်စည်သူဟိန်း၏သား တာချီလိတ်မြို့၊ ဆန်ဆိုင်း(အထက)၊ မူလတန်းကြို (A)မှ မောင်ရဲလင်းဟိန်းအား မောင်ဇင်ကိုဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

## မွေးသက္ကရာဇ်အမှန်

ဦးတင့်ဇော်မိုး၏သမီး ကျိုင်းတုံမြို့ အထက(၂)၊ ဆဋ္ဌမတန်း(က)မှ မအိရွှေရည်သိန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၉-၂၀၀၅ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
တောင်ငူခရိုင် တရားရုံးတော်
၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၁

ဒေါ်နိုင်နိုင်ဝင်း **နှင့်** ၁။ ဒေါ်ခင်တုတ် ၂။ ဒေါ်သန်းစိန် ၃။ ဦးလှမြင့် ၄။ ဒေါ်ဌေးဌေးဝင်း

တရားလို တရားပြိုင်များ

ဖြူးမြို့၊ ကြူအင်းအနောက်ကျေးရွာ၊ ကြူအင်းကျေးရွာအုပ်စု၊ (ယခုနေရပ်လိပ်စာမသိ)နေ ၁။ ဒေါ်သန်းစိန် (ဘ)ဦးရွှေတုတ်၊ ၂။ ဦးလှမြင့် (ဘ)ဦးရွှေတုတ် သိစေရမည်။

သင့်အပေါ်၌ ဒေါ်နိုင်နိုင်ဝင်းက အမွေပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၇ ခုနှစ် မေ ၂၂ ရက် (၁၃၇၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်း၊ စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မေ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်အေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ငူခရိုင်တရားရုံး**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာ၊ အထက(ခွဲ) အကွက်(၄)၊ သတ္တမတန်း ၂၀၁၇-၂၀၁၈တွင် ပညာသင်ကြားနေသော မောင်ခန့်ကိုကို၏ မိဘအမည်မှန်မှာ ဦးနန်းဦး ၁၀/ပမန(နိုင်)၁၄၇၉၁၈ ဒေါ်ယုယုသိန်း ၇/ဝမန(နိုင်)၀၉၈၁၂၅ ဖြစ်ပါကြောင်း။ **ဦးနန်းဦး-ဒေါ်ယုယုသိန်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ညောင်စာရေးနေ မောင်စွမ်းရည်နိုင် ၇/ရတန(နိုင်)၁၃၂၅၆၆ အထက ညောင်စာရေး တက္ကသိုလ်ဝင်တန်း၏ ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ၇/ရတန(နိုင်)၀၉၅၄၆၇ ဖြစ်ပါသည်။ **ဦးကိုကိုနိုင်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ဦးရွှေကြာခြံဝင်းနေ ဦးရဲသွေး ၁၀/ပမန(နိုင်)၀၀၆၁၈၃ သည် ဒေါ်တင်တင်နွယ် ၃/ကကရ(နိုင်)၀၀၅၇၆၆ တို့၏သား မောင်သော်ဇင်ထွန်း ၁၀/ပမန(နိုင်)၂၃၄၆၃၁ သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် နေအိမ်မှ ၆-၅-၂၀၁၇ရက်တွင် ဆင်းသွားသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရဲသွေး**
**၁၀/ပမန(နိုင်)၀၀၆၁၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9A/2456 Toyota Corolla CE 106 S/W(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်းအောင် ၁၂/ရကန(နိုင်)၀၀၁၇၈၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ခ/၄၈၇၉ Nissan Diesel CD 450VN Truck (6x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကြိမ်ခမ်း ၁၃/သပန(နိုင်)၀၅၀၁၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## အများသိသာရန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ရပ်ကွက်(၂၀)၊ စက်ရှင်လမ်း၊ အမှတ်-၂၈၄ နေ ဦးရွှေနီ ၇/တငန(နိုင်)၀၁၀၈၃၉ ဇနီး ဒေါ်လှတင် ၇/တငန(နိုင်)၀၁၀ ၅၂၈ တို့အမည်ဖြင့် တောင်ငူခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့မြေမှု အမှတ် ၉၀/V/၂၀၁၂-၂၀၁၃ အရ နှစ်(၃၀)လူနေဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားကြောင်း တွေ့ရှိပါက ပြန်လည်ပေးအပ်ပါရန်နှင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ဦးရွှေနီ-ဒေါ်လှတင်တို့၏ အကျိုးခံစားခွင့်အား ထိခိုက်နစ်နာစေမည့် မည်သည့်ပြုလုပ်မှုကိုမျှ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်လာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးကြည်လင်း**
**တရားလွှတ်တော်ရှေ့နေနှင့် ဘဏ်ဥပဒေအကျိုးဆောင်(စဉ်-၁၈၉၉)**
**၁၅/၈၆၊ ဘုရားလမ်း၊တောင်ငူမြို့၊ ဖုန်း-၀၉-၅၃၅၁၃၁၇**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၇)ရပ်ကွက်၊ အောင်ဆန်းသူရိယလှသောင်းလမ်း၊ အမှတ် (၁၆)နေ ဒေါ်အိဖြိုးခိုင် ၈/ရနခ(နိုင်) ၀၈၀၂၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂)၊ လူနေရပ်ကွက်အမှတ် (၂)၊ ဗိုလ်ဗစိုး(၂)လမ်း၊ မြေကွက်အမှတ် (၁၁၉၂/ခ+၁၁၉၅)ဟု ခေါ်တွင်သည့် နှစ် ၆၀မြေငှားဂရန်တွင် ဦးအေးမောက် ၁၂/ကမရ(နိုင်)၀၃၅၂၂၃ အမည်ပေါက် (အလျား ပေ ၆၀×အနံပေ ၆၀) မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသည့် မြေကွက်၏ (ခြေရင်း)ဘက်အခြမ်း၊ (အလျားပေ ၆၀×အနံပေ ၂၀)မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးသိန်းထွဋ်ဦး ၁၂/ဒဂတ(နိုင်) ၀၅၂၃၃၀မှ အရပ်စာချုပ် အဆက်ဆက်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကျော်စိုး(စဉ်-၁၆၇၃၇)** | **ဒေါ်ဥမ္မာမြင့်(စဉ်-၈၃၅၁)** |
| **B.A (Hist:), M.A (Q) II, H.G.P, D.B.L,** | **LL.B, D.B.L** |
| **D.M.L, D.A.Psy, B.D.S 4/2001** | **(တရားလွှတ်တော်ရှေ့နေ)** |
| **အိမ်-အမှတ် (၈၄၄-ခ)၊ စာဂ (၁၆)လမ်း၊** | **ရုံး-အမှတ်(၉၉၉)၊ သစ္စာလမ်း** |
| **(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **(ဥပဒေရုံးအနီး)၊ (၁၀)ရပ်ကွက်၊** |
| **ဖုန်း-၀၉-၇၃၂၀၈၅၁၃၊ ၀၉-၈၆၁၈၀၄၅၊** | **တောင်ဥက္ကလာပမြို့နယ်၊** |
| **၀၉-၇၃၁၇၁၉၂၅၊ ၀၉-၃၁၂၆၁၉၈၀** | |

## ဦးဇင်မျိုးနိုင် (၁၂/ဗတထ(နိုင်)၀၃၂၇၂၂ နှင့် အများသိစေရန်ကြေညာခြင်း

ခင်ပွန်း ဦးဇင်မျိုးနိုင် ၁၂/ဗတထ(နိုင်)၀၃၂၇၂၂ (ဘ)ဦးငွေဘော်နှင့် ဒေါ်ဆုလှဲ့ရည်အောင် ၁၄/မအပ(နိုင်)၁၇၅၆၄၃ (ဘ)ဦးအောင်ကျော်မိုးသည် ၂၂-၁-၂၀၁၀ ရက်တွင် ပေါင်းသင်းခဲ့ပြီး (၆)နှစ်ခန့်အရွယ် သမီးလေးတစ်ဦးထွန်းကားခဲ့ပါသည်။

ဦးဇင်မျိုးနိုင်သည် အိမ်ထောင်ဦးစီးတာဝန်မကျေပွန်ပါသဖြင့် အတူနေထိုင်ခဲ့သော ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံ(ဆိပ်ကမ်းမြို့နယ်)နေအိမ်မှ ကျွန်မနှင့်သမီးတို့သည် မိခင်နေထိုင်သော လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေအိမ်သို့ ၂-၅-၂၀၁၇ ရက်တွင် အပြီးအပိုင် ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။

ကျွန်မသည် ခင်ပွန်းဖြစ်သူအား ၂-၅-၂၀၁၇ ရက်မှစ၍ စွန့်ပစ်(လွှတ်)ကြောင်း ဦးဇင်မျိုးနိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုလှဲ့ရည်အောင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျင်ရှောင် အထက်တန်းရှေ့နေ(စဉ်-၁၄၃၅၂)**
**အမှတ်(၁၁၂၉)၊ သန့်ဇင်လမ်း(၄)(၃)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ဒလမြို့နယ်၊ ကျွန်စစ်သားရပ်ကွက်၊ ပဲခူးလမ်း၊ ခြံအမှတ် ၄/၃၁၃၇၊ ဦးတင်ရွှေ(DLA-၀၀၈၅၆၀) အမည်ပေါက် ၁၂ဒသမ၅'×၅၀'ပိုင်ဆိုင်သူ ဦးစိုးဝင်း ၁၂/မဂတ(နိုင်)၁၀၅၅၁၉ထံမှ ဝယ်ယူရန် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါခြံနှင့်ပတ်သက်၍ ဝယ်ယူမှုအား ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားဖြင့် တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မီမီစိုး ၁၂/မဂတ(နိုင်)၀၈၆၀၃၉**
**ဖုန်း-၀၉-၇၃၁၇၀၅၄၁၊ ၀၉-၉၇၂၇၀၂၉၄၂**

## ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ဇောတရုံလမ်း၊ အမှတ် ၆၈၅ နေ ဒေါ်စန်းစန်းမြင့်၊ ဒေါ်သိန်းသိန်းဦး၊ ဒေါ်လှဲ့လှဲ့ဆွေ၊ ဒေါ်လှဲ့လှဲ့ဝေတို့မှ ဦးစနိုင်ထွန်းလွင်အား ပေးအပ်ထားသော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၉၉/၂၀၁၄)အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မိုးရွှေ (မဟာဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃)**
**အမှတ်-၁၀၃ (A/B)၊ ပထမထပ်၊ ၃၆ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၉၄၄၅၇**

## ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအိမ်ရာ၊ တိုက်အမှတ် ၆၊ အခန်း ၃၀၄ နေ ဦးချောင်းယုံ၏သား ဦးမောင်မောင်လွင် ၆/ထဝန(နိုင်)၀၆၇၉၅၉သည် အောက်ဖော်ပြပါ အောင်ပင်လယ် ငါးမုန့် SEA FISH CRACKER အမည်နှင့် ရွက်လှေအမှတ်အသားတို့ကို ၂၀-၅-၂၀၀၃ ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် ၄/၂၈၄၁/၂၀၀၃ဖြင့် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်ခဲ့ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ငါးမုန့်၊ ပုစွန်မုန့် တရားဝင်ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။




အထက်ဖော်ပြပါ အောင်ပင်လယ် SEA FISH CRACKER အမည်နှင့် ရွက်လှေအမှတ်အသားဖြင့် ငါးမုန့်၊ ပုစွန်မုန့်လုပ်ငန်း ထားဝယ်မြို့တွင် ၁၉၉၆ ခုနှစ်ကတည်းကထုတ်လုပ်ဖြန့်ချိ ရောင်းချလာခြင်းဖြစ်ပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားတို့ကို ဦးမောင်မောင်လွင် တစ်ဦးတည်းသာ ငါးမုန့်၊ ပုဇွန်မုန့်လုပ်ငန်းတွင် အသုံးပြုပိုင်ခွင့်ရှိသည့်အတွက် တခြားမည်သူ တစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများဖြစ်စေ၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ ထင်ယောင်ထင်မှားသော်လည်းကောင်း၊ ပုံတူပုံမှားဆင်တူယိုးမှား တုပပြုလုပ်၍ ထုတ်လုပ်လက်ဝယ်ထားရှိ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လွင်လွင်မြ B.A (Law); LL.B; LL.M**
**(တရားလွှတ်တော်ရှေ့နေ အမှတ်စဉ်-၁၆၉၂)**
**အမှတ် ၈၂၊ (ပထမထပ်၊ ဝဲဘက်)၊ ၄၉ လမ်း၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၇၁၄၃၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မြေကွက်အမှတ်(ပ/၄၁)၊ မြေအကျယ်အဝန်း (၄၅'×၆၀')၊ ဧရိယာ ၂၇၀၀ စတုရန်းပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်တည်ရှိသော အမှတ်(ပ/၄၁)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်လက်ဝယ်ထားရှိ ပိုင်ဆိုင်သူများဖြစ်ကြသော ဦးကြိမ်ဝင်း(ခ)ကျန်ကျိန်ဦး ၁/မကတ(နိုင်)၀၅၅၆၇၃နှင့် ဒေါ်ဖရော်လိန် ၁/မကန(နိုင်)၀၀၅၂၂၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုးလွင် ၁၂/မရက(နိုင်)၀၁၉၂၄၄က အပြီးအပိုင်ဝယ်ယူရန် မြေနှင့်အိမ်အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းသူများထံ ပေးချေထားပြီးဖြစ်ပါ၍ ၄င်းမြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**(ဘုတလင်)ဦးနိုင်ဦး LL.B အထက်တန်းရှေ့နေ (စဉ်-၂၁၃၉၉)**
**အမှတ် ၆၂၊ ပထမထပ်၊ အခန်း(၁)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၁၅၆၃၉၈၃**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြင်မီ (ဝါးခယ်မ)**
**အသက်(၁၀၅)နှစ်**

Super Five Manufacturing Co.,Ltd.(MB- ဘီစကွတ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသော မိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Super Five Manufacturing Co.,Ltd.**
**(MB- ဘီစကွတ်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြင်မီ (ဝါးခယ်မ)**
**အသက်(၁၀၅)နှစ်**

Super Five Manufacturing Co.,Ltd.(MB- ဘီစကွတ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသော မိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့**
**Super Five Manufacturing Co.,Ltd.**
**(MB- ဘီစကွတ်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြင်မီ (ဝါးခယ်မ)**
**အသက်(၁၀၅)နှစ်**

Super Five Manufacturing Co.,Ltd.(MB - ဘီစကွတ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသော မိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စီမံရေးရာဌာနနှင့် ငွေစာရင်းဌာန**
**Super Five Manufacturing Co.,Ltd.**
**(MB- ဘီစကွတ်)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြင်မီ (ဝါးခယ်မ)**
**အသက်(၁၀၅)နှစ်**

Super Five Manufacturing Co.,Ltd.(MB- ဘီစကွတ်)၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသော မိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရောင်းဌာနနှင့် ကုန်ထုတ်ဌာန**
**Super Five Manufacturing Co.,Ltd.**
**(MB- ဘီစကွတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/1049 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/6073 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ကြင်မီ (ဝါးခယ်မ)**
**အသက်(၁၀၅)နှစ်**

Super Five Manufacturing Co.,Ltd. (MB- ဘီစကွတ်) ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကြည်မြင့်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသောမိခင်သည် ၅-၅-၂၀၁၇ရက် (သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မော်တော်ယာဉ်ဌာနနှင့် ပြင်ထိန်းဌာန**
**Super Five Manufacturing Co.,Ltd.**
**(MB- ဘီစကွတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/6256 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/4293 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/6040 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟင်္သာတမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၇၃၈/ခ၊ မြေကွက်တည်နေရာအမှတ် ၇၃၈/ခ၊(၂၅)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ(ဦးခင်စိုး TME-၀၀၇၂၂၂) အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးခင်စိုး(လူပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ဦးသန်းဌေး ၁၂/တမန(နိုင်)၀၀၉၆၉၄က တစ်ဦးတည်းသောညီတော်စပ်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး ဒေါ်နှင်းဝင့်ဝင့်ဖြူ (တ-၂၉၉၇)ရှေ့မှောက်တွင် ကျိန်ဆိုသောကျမ်းကျိန်လွှာအမှတ် ၄၅၅၁/၁၆(၂၇-၁၂-၁၆)နှင့် သေစာရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ ၁၂၀၀ စ/ပေရှိပြီး တစ်ထပ်ပျဉ်ထောင်အိမ် တစ်လုံးသော့ပိတ်ထားကြောင်း တွေ့ရှိရပြီး သော့ပိတ်ထားခြင်းအတွက် တာဝန်ယူပါကြောင်း ဝန်ခံကတိတင်ပြထားပါသည်။ သို့ပါ၍ ဦးသန်းဌေး၏ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၆ယ/၈၃၀၆၊ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်စန္ဒာဝင်း ၁၀/ခဆန(နိုင်)၀၈၁၉၉၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (တောင်ကြီး)**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၁၀)၊ ဆဋ္ဌမတန်းမှ မမြတ်ပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်သန်း ၁၃/ရစန(နိုင်)၀၁၁၀၀၀ ဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်သန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၂၁၇၂၂၊ Honda Click ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးနွဲ့ ၁၃/တကန(နိုင်)၀၆၆၆၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (တောင်ကြီး)**

## သွေးသည် အသက်

## ဒေါ်ညိုညို (ဝါးခယ်မ)

(B.AEd, B.Ed, B.E.S)

**အထက်တန်းပြ အထက(ဝါးခယ်မ)၊**
**ကျောင်းအုပ်ကြီး(လပွတ္တာ၊ အင်္ဂပူ၊ အထက-၂ ဟင်္သာတ)၊**
**မြို့နယ်ပညာရေးမှူး (ညောင်တုန်း၊ဇလွန်၊ဟင်္သာတ၊ လေးမျက်နှာ)**
**အသက် (၈၅) နှစ်**

ဝါးခယ်မမြို့နေ (ဦးလူဒင်)-(ဒေါ်စောလှ)တို့၏သမီး၊ ဒေါ်မြမေ၊ (ဦးစိန်ဝင်း-ဒေါ်သန်းသန်း)တို့၏ညီမ၊ ဦးသိန်းအောင်-(ဒေါ်တီတီမာ)၏အစ်မ၊ ဟင်္သာတမြို့ အမှတ် ၁၉၅၊ ရွှေစေတီလမ်း၊ ရုံးကြီးရပ်ကွက်နေ ဦးစံသာ၏ဇနီး၊ ဦးဦးသာ-ဒေါ်မိုးမိုးနွယ်၊ ဦးဟင်္သာ-ဒေါ်စိုးမမ၊ ဦးဝမ်းသာ-နော်ထားမေ၊ ဒေါ်သင်းသင်းသာ (စာရေးဆရာမ)၊ ဦးမိုးဇော်မြင့်-ဒေါ်မိုးမိုးသာ (ကွန်ပျူတာတက္ကသိုလ်၊ ဟင်္သာတ)၊ ဦးစိုးနိုင်-ဒေါ်ခင်ချမ်းသာတို့၏မိခင်၊ မောင်ထက်အာကာ၊ မဝင့်ရွှေရည်ဖူး၊ မောင်ဝေယံမိုးအောင်၊ မောင်စိုပြေဝင်း-မဝင့်ရွှေရည်နိုင်၊ မခင်လပြည့်သာ၊ မောင်လင်းမောင်သာ၊ မအေးငြိမ်းချမ်းသာ၊ မောင်ချမ်းသာ၊ နော်အဲကမူးတို့၏ အဘွားဖြစ်သူ ဒေါ်ညိုညို အသက်၈၅ နှစ်သည် ၉-၅-၂၀၁၇ (အင်္ဂါနေ့) ၂ နာရီ ၃၈ မိနစ်တွင် ဟင်္သာတမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ဟင်္သာတမြို့သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု။**

## ခရစ်တော်၌ အိပ်ပျော်ခြင်း

**ဒေါ်အင်မာရှန် (သားဖွားဆရာမ-ငြိမ်း၊ မြိတ်-စခန်းသစ်)**
**အသက်(၇၈)နှစ်**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ ဖာဘရိန်ကျေးရွာနေ ဦးအင်ပေါ့ဂေါင်-ဒေါ်စဘော်ခေါန်တို့၏သမီး၊ ယခင်မြိတ်/စခန်းသစ်နှင့် အမှတ်(၃၇)၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးကြင်အောင်)၏ချစ်လှစွာသောဇနီး၊ ဒေါ်သက်သက်အောင်-ဦးဇော်ထွန်း၊ ဒေါ်ညွန့်ညွန့်အောင်၊ ဒေါ်သီသီအောင်-Mr. Nomura Yutaka၊ ဒေါ်ဥမ္မာအောင်- ဦးမိုးသူလွင်၊ ဒေါ်မြတ်မြတ်အောင်-ဦးသန်းဇော်၊ ဒေါက်တာထင်လင်းအောင်(UK)-ဒေါ်အေးအေးထိုက်တို့၏ ချစ်လှစွာသောမိခင်၊ မဟန်သူအောင်၊ မနှင်းပွင့်အောင်၊ မဆုလာဒ်ပိုင်၊ မနေခြည်မိုးထက်၊ မောင်ဇော်ဖုန်းအောင်၊ မဆိုင်းဂျာအောင်၊ မောင်ရှိုင်းလင်းဇော်၊ မအင်ကြင်းအောင်၊ မစုယဉ်အောင်တို့၏အဘွားသည် ၈-၅-၂၀၁၇ရက်(တနင်္လာနေ့)နံနက် ၉း၅၀နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၅-၂၀၁၇ ရက်(သောကြာနေ့)နံနက်၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(ရန်ကုန်ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းနှင့် ဇလွန်လမ်းနေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဦးအောင်ဆန်း အသက်(၇၃)နှစ်

**မြန်မာ့ကြယ်ငါးပွင့်ကော်ပိုရေးရှင်း**
**M.O.T First Class Engineer**
**Chief Engineer (FG)(အငြိမ်းစား) အချိန်ပိုင်းနည်းပြဆရာ**
**(ရေကြောင်းသိပ္ပံ/ရေကြောင်းတက္ကသိုလ်) အင်ဂျင်နီယာဌာန**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် ၂၀နေ(ဦးဘထွန်း-ဒေါ်အေးမ)တို့၏သား၊ ဒေါ်အမာထွန်း၊ဒေါ်အတာ၊ ဒေါ်တူးတူးတို့၏အစ်ကို၊ ဒေါ်စန်းမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်အောင်၊ မသင်းမွှေးလှိုင်၊ မောင်စိုးမင်းထွေး၊ မောင်ထက်နေလင်းတို့၏ဖခင်၊ မခင်ကြည်ဖြူ၊ မောင်အောင်ခန့်ဇော်(အမက-၃၊ ဗဟန်း)တို့၏အဘိုးသည် ၉-၅-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၇ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ဥတ္တံတားရပ်ကွက်၊ ဦးဥတ္တမလမ်းနေ ဦးဘထွန်း-ဒေါ်နှင်းမိုးအေးတို့၏သား မောင်နေမျိုးထွန်း (LSK-061821)သည် မိဘများ၏ ပြောဆိုဆုံးမမှုများကို မနာခံဘဲ နေ့စဉ်လိုလိုမိဘနှစ်ပါးအား စိတ်ဆင်းရဲအောင်ပြုမူနေပြီး တခြားခွင့်မလွှတ်နိုင်သော အပြုအမူများကိုပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သောမည်သည့်ကိစ္စကိုမဆို မိဘများမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးဘထွန်း-ဒေါ်နှင်းမိုးအေး**

## အထူးဝမ်းနည်းကြေကွဲခြင်း

(ဦးသော်က-C.E)(ငြိမ်း)၊ ဒေါ်ခင်မျိုးတင့်-A.E(ငြိမ်း)တို့၏ မိခင်ကြီး ဒေါ်သန်းတင်(မေမေသန်း)(၁၀၃)နှစ်သည် ၁-၅-၂၀၁၇ ရက်(တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ထွန်းနိုင်၊ ဒေါ်သစ်သစ်နိုင်**
**နမ့်စန်မြို့နယ်၊လမ်းဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

## Capt စိန်လင်း

**ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းအပတ်စဉ်(၁)**
**အသက် (၇၄)နှစ်**

ဆရာဦးစိန်လင်းသည် ၇-၅-၂၀၁၇ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းအပတ်စဉ်**
**CD (10), CE(8), CF (2) ကျောင်းဆင်းများ**

## တစ်နှစ်ပြည့်လွမ်းဆွတ်ခြင်း

**ဦးပီတာသောင်းစိန်(ကျိုင်းတုံမြို့)**
**အာခါတိုင်းရင်းသားဝန်ကြီး(ငြိမ်း)**
**ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**

ဆရာဦးနေဝင်းနိုင် (The Fifth Pillar)၏ ဖခင် ဦးပီတာသောင်းစိန်သည် ၁၁-၅-၂၀၁၆ရက်တွင် ခရစ်တော်၌ အိပ်စက်အနားယူသွားသည်မှာ (၁) နှစ်ပြည့်သွားခဲ့ပြီဖြစ်ပါသောကြောင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**The Fifth Pillar**
**မိသားစုဝင်များ**

## ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးအောင် (စိန်ကမ္ဘာပွဲရုံ) အသက်(၈၄)နှစ်

(ဦးချူးဝါး-ဒေါ်ကြင်ညွန့်)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်မြိုင်)တို့၏သားသမက်၊ ဦးထွန်းထွန်း-ဒေါ်အေးအေးခိုင်၊ဦးတူးတူးစိန်(U.S.A)-ဒေါ်အေးအေးကြွယ်(U.S.A)၊ ဦးစိန်လွင်(လမင်းစန္ဒာ-အီလက်ထရွန်နစ်ရောင်းဝယ်ရေး)-ဒေါ်စီစီဝင်း၊ ဒေါက်တာဝင်းကြည်-ဒေါ်ဆွေဆွေဝင်း၊ ဦးဇော်သူရ-ဒေါ်ယဉ်ယဉ်ဝင်း(RUBY HOT POT )၊ ဦးဝင်းနိုင်-ဒေါ်စန္ဒာအောင်၊ဦးသန်းအောင်(M.D,81- HOTEL INLAY)-ဒေါ်ခင်ယုဝေ(M.D, 81-CENTRAL HOTEL)၊ဦးတင်ဝင်းအောင်(စိန်ကမ္ဘာပွဲရုံ)-ဒေါ်မျိုးမျိုးမြတ်(Aquamarine Gems & Jewellery)တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်မြတ်သူ(ခ)Austin (ITComputer U.S.A)၊ဒေါက်တာကျော်ဖြိုးနိုင်၊မအိဇင်ဖြိုး(Final part II)၊ မခိုင်သီရိလွင်ဖြိုး(2nd M.B)၊ မောင်သီဟထွန်း(IT Computer)၊ အောင်ပြည့်စုံကျော်(X, လသာ-၁)၊ မဆုရည်မွန် (Pharmacy B.pharm)၊မစုစုစံ(E-major,First Year)၊မချမ်းမြေ့ခင် (TTC-VII-A)၊မောင်သန့်ဇင်အောင်(TTC-III-E)၊ မောင်နိုင်လင်းထက်(B.A Law)၊ မောင်အောင်ကျော်ထက်(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ဒုတိယနှစ်)၊ မောင်စွမ်းမင်းထက်(Y.A.I.S-Grade VIII)၊မသီရိမျိုးမြတ်ဝင်း(TTC VII-L)၊ မောင်စည်သူမျိုးမြတ်အောင်(TTC IV-L)တို့၏အဘိုး၊ (ဒေါ်ကြင်နွယ်)၏ ချစ်လှစွာသောခင်ပွန်းသည် ၈-၅-၂၀၁၇ ရက်(တနင်္လာနေ့)နံနက် ၇း၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၅-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ၁၀နာရီအထိ ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း၊ အမှတ်(၇၉/၈၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/7879 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွှာသာကြီး)**

## ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၀၁၂၉ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းကုဋ္ဌေဦး ၁၀/သထန(နိုင်)၀၄၉၄၅၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သထုံ)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဌေးဝင်း(စစ်ကွင်း)**
**အသက် (၈၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ ဓမ္မာရုံလမ်းနေ ဦးဌေးဝင်းသည် ၆-၅-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**စစ်ကွင်းအသင်း**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဦးပီတာသောင်းစိန်**
**(အာခါတိုင်းရင်းသားရေးရာဝန်ကြီး-ငြိမ်း)**
**ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်-ငြိမ်း**
**တရားလွှတ်တော်ရှေ့နေ**
**ကျိုင်းတုံမြို့**

အဖေ တစ်နှစ်ဆိုတဲ့ အချိန်တွေသာကုန်ဆုံးသွားပေမဲ့ ရင်ထဲမှာ အဖေက အမြဲရှိနေ၊ ရှင်သန်နေဆဲပါ။ အနားမှာအမြဲရှိနေ ကျန်ရစ်နေတဲ့ အဖေရဲ့ဆိုဆုံးမမှုစကားလုံးတွေက တစ်သက်စာအတွက် ကြိုတင်ပြောကြားချက်တွေ ဖြစ်ခဲ့ပါတယ်။ အဲဒီဆိုဆုံးမမှုတွေကြောင့် အကောင်းဆုံးရှင်သန်ခွင့်ရှိအောင် အဖေပေးခဲ့တဲ့ ကျေးဇူးတော်တွေပါ အဖေ။ အဖေလည်း ဘုရားရှင်ရဲ့ အိမ်တော်မှာ အမြဲခိုဝင်အိပ်စက်နိုင်စေရန် ဆုတောင်းရင်းနှင့် အဖေ့အတွက် ရည်စူးရည်မှန်းပြုလုပ်လှူဒါန်းမှုတွေကို လစဉ်လတိုင်း ပြုလုပ်ရင်း အမြဲတမ်းရည်စူးကုသိုလ်တွေ ပြုလုပ်ရင်း သတိတရ အောက်မေ့လွမ်းဆွတ်နေပါတယ် အဖေ။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**စိုင်းအိုက်ဖုန်း**
**အသက်(၇၅)နှစ်**

စိုင်းအိုက်ရီ(ခ) ကိုကျော်ထွန်းနိုင် - မရီရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး စိုင်းအိုက်ဖုန်းသည် ၇-၅-၂၀၁၇ ရက်တွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုကျော်ထွန်း-ဒေါ်ခင်ဝင်း**
**ရွှေလဝန်းဆန်စက်၊ ဖျာပုံမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**စိုင်းအိုက်ဖုန်း**
**အသက်(၇၅)နှစ်**

စိုင်းအိုက်ရီ(ခ)ကိုကျော်ထွန်းနိုင်-မရီရီတို့၏ ကျေးဇူးရှင်ဖခင်ကြီး စိုင်းအိုက်ဖုန်းသည် ၇-၅-၂၀၁၇ရက်တွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုထွန်းလင်းသိန်း-ဒေါ်မေနှင်းစိုး**
**ကိုနေလင်းအောင်-ဒေါ်စန္ဒာထွန်း**
**ကိုတင်ငြိမ်းနှင့် မိသားစု၊ ရန်ကုန်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန္ဒာမြင့်(ခ)မွှေးမွှေး**
**အသက်(၄၁)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ (၉၁)လမ်း၊ အမှတ်(၁၀၆)၊ ၄လွှာ(B)နေ ဦးတင်မြ+(ဒေါ်သန်းသန်းမြင့်)တို့၏ သမီး၊ ဦးမောင်မောင်အောင် (U Hla Tun & Associates Limited.)+ဒေါ်အေးအေးခင်တို့၏ ချစ်လှစွာသောညီမသည် (၅-၅-၂၀၁၇) သောကြာနေ့ ည(၈း၄၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

**EXCELLENT FORTUNE DEVELOPMENT GROUP CO., LTD.**
**ဥက္ကဋ္ဌနှင့် ဝန်ထမ်းမိသားစု**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ အာရှ - ပစိဖိတ်ဒေသဆိုင်ရာဆွေးနွေးပွဲတက်ရန် ဗီယက်နမ်သို့ထွက်ခွာ



**ရန်ကုန်  မေ  ၁၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Madam Nguyen Thi Kim Ngan ၏ ဖိတ်ကြားချက်အရ ၂၀၁၇ ခုနှစ် မေ ၁၀ ရက်မှ ၁၆ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် "Responding to Climate Change-Action of Legislators to achieve the SDGs" ခေါင်းစဉ်ဖြင့် ကျင်းပမည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းသည့် အာရှ - ပစိဖိတ်ဒေသဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန်နှင့် တစ်ဆက်တည်း ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mrs LUAN THUY DUONG၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး နော်လှလှစိုး ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ပညာရေးမြှင့်တင်မှုကော်မတီတို့၏ အဖွဲ့ဝင် ဦးကျော်နိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးကျော်သောင်း၊ ဦးခင်မျိုးဝင်း၊ ဦးမြင့်သန်းထွန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်** (သတင်းစဉ်)

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး၌ သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပ မီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော်  မေ  ၁၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို မေ ၂၄ ရက်တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် Union Peace Conference-21st Century Panglong ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာဖြည့်စွက်ပြီး Go ပြုလုပ် မှတ်ပုံတင်ခြင်းကို မေ ၁၉ ရက် ညနေ ၄ နာရီ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်ထွက်ခွင့်ကတ်များကို မေ ၂၃ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

**ဆက်သွယ်မေးမြန်းနိုင်**

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်ထွက်ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း ၀၆၇-၄၁ ၂၁၈၇ သို့ လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁ ၂၁ ၂၅ နှင့် ၀၆၇-၄၁ ၂၁ ၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ■

## ဟံသာဝတီနှင့် ရန်ကုန်အသင်း ကွာတားဖိုင်နယ်တက်

**သတင်း-ညီမြတ်သော်တာ၊ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန်  မေ  ၁၀**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဒုတိယအဆင့် (ပထမနေ့)ပွဲကို ယနေ့ ညနေပိုင်းက ကျင်းပရာ ဟံသာဝတီနှင့် ရန်ကုန်အသင်းတို့ နိုင်ပွဲရပြီး ကွာတားဖိုင်နယ် တက်ရောက်သွားသည်။

အောင်ဆန်းကွင်း၌ ကျင်းပသော ပွဲတွင် ဟံသာဝတီနှင့် ဇွဲကပင်တို့ တစ်ဂိုးစီ သရေကျနေ၍ အချိန်ပိုဆက်လက်ယှဉ်ပြိုင်ရာ ဟံသာဝတီအသင်းက နှစ်ဂိုး ထပ်သွင်းပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်များဆိုးရွားနေသည့် ဟံသာဝတီအသင်းသည် တိုက်စစ်မှူး မာစီယို၏ ဟက်ထရစ်ဖြင့် ဇွဲကပင်ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၅*

ဟံသာဝတီနှင့် ဇွဲကပင် အသင်းတို့ ယှဉ်ပြိုင်နေစဉ်

